

ဉာဏ်အလင်းတေ
စိတ်ချမ်းသာပျော်ရွှင်သောနိုင်ငံတော်
Mandalay FM Talk
Aung Htet Linn
မျိုးမြတ်သူ၊ တက်စိုး

WESTERN ASSOCIATION OF SCHOOLS AND COLLEGES
Accrediting Commission for Schools

Ayeyarwaddy International School
























No.25(B), 52nd Street, Between 34th & 35th Street,
Chan Aye Tharzan Township, Mandalay, Myanmar.
Ph: 02-77943, 02-77953, 02-77963, 09-265459668, 09-265459669
website: www.aismyanmar.com, email: aismyanmar.edu@gmail.com

စိတ်ချမ်းသာပျော်ရွှင်သောနိုင်ငံတော်

Mandalay FM Talk

မျိုးမြတ်သူ၊ တက်စိုး

ပုံနှိပ်မှတ်တမ်း

ဖြန့်ချိရေး	-	ဉာဏ်အလင်းစာပေ
ပုံနှိပ်သူ	-	ရွှေသဇင်ပုံနှိပ်တိုက်
မျက်နှာဖုံးပန်းချီ	-	ကောင်းကျော်ခိုင်
အတွင်းအပြင်အဆင်	-	ကိုကျော်နိုင်
အုပ်ရေ	-	၅၀၀
တန်ဖိုး	-	၁၅၀၀
ထုတ်ဝေသူ	-	ဦးနိုင်နိုင်ဝေ

နေမင်းရာဇာစာပေ(မြဝတ္ထုဂုဏ်)
အမှတ်(၂၉၄)၊ ချမ်းမြေ့သာယာ (၁) လမ်း၊
ဒဂုံမြို့သစ်မြောက်ပိုင်း။

မာတိကာ

ကျေးဇူးတင်စကား

စာရေးသူ၏အမှာ

၁။ အများပြည်သူဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲမှု ၁၃

၂။ ယဉ်ကျေးမှုရေးရာအဖြာဖြာ ၃၁

၃။ ယဉ်ကျေးမှုထိမ်းသိန်းခြင်းနှင့်မြှင့်တင်ခြင်း ၃၉

၄။ အနာဂတ်ပညာရေး ၅၁

၅။ ပညာရေးနှင့်ဦးနောက်ဖွံ့ဖြိုးခြင်း ၆၁

၆။ ပညာရေးကို မနုဿဗေဒရှုထောင့်မှဆွေးနွေးခြင်း ၇၃

၇။ ပါရမီရှင်များအခန်းကဏ္ဍ ၈၁

၈။ ကျောင်းဖွင့်ချိန် ၉၁

၉။ စိတ်ခံစားမှု စီမံခန့်ခွဲခြင်း ၉၉

၁၀။ စာကြည့်တိုက်နှင့်စာပေဖွံ့ဖြိုးရေး ၁၀၉

၁၁။ ပြတိုက်များကဏ္ဍ ၁၂၁

၁၂။ စိတ်ချမ်းသာပျော်ရွှင်သော နိုင်ငံတော်နှင့်မိခင်ကဏ္ဍ ၁၂၉

၁၃။ ဘာသာစကား ၁၃၇

၁၄။ ပြဇာတ်နှင့်ပြဇာတ်စာပေ ၁၄၇

၁၅။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ၁၅၉

ကျေးဇူးတင်စကား

၂၀၁၀-၂၀၁၅ ခုနှစ်ဟာမြန်မာ့ဒီမိုကရေစီခေတ်ဦး ဖြစ်သည်နှင့် အညီ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်များ ရှိလာခဲ့ပါသည်။ ကျွန်တော် တို့သည်လည်း မိမိသိထားသမျှ ရင်ထဲမှာသိမ်းထားသမျှတို့ကို ဖေါ်ထုတ် ရေးသားခွင့် ပြောဆိုခွင့် ရှိလာခဲ့ပါသည်။ ကျွန်တော် အတွေ့အကြုံ ရှိသည့် စိမံခန့်ခွဲရေး၊ မူဝါဒရေးဆွဲခြင်းနှင့် အတွေးအခေါ် ယဉ်ကျေးမှု ဆိုင်ရာများ ကို အဓိကထား ဆွေးနွေးဖြစ်ခဲ့ပါသည်။ ကျွန်တော် တင်ပြဆွေးနွေးလို သည့် အကြောင်းအရာများကို တင်ပြနိုင်အောင်လည်း Mandalay FM စင်မြင့်က ရှိနေခဲ့ပါသည်။ Mandalay FM Talk စီစဉ်သူ ဆရာမျိုးမြတ်သူ ကို ကျွန်တော်အနေဖြင့် အထူးကျေးဇူးတင်ပါသည်။ အထောက်အထား တွေကို ရှာဖွေစုဆောင်းပေးသော ကိုဇော်မင်းထွန်းနှင့် Mandalay FM မှ တာဝန်ရှိသူများ အားလုံးကိုလည်း ကျေးဇူးတင်အပ်ပါသည်။ စတင် ဆွေးနွေးစဉ်ကာလမှ စာအုပ်ထုတ်ဝေသည်အထိ အားပေးကူညီခဲ့ကြ သော ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ လူချင်း ယနေ့ထိမတွေ့ဆုံဖူးသည့် Ayeyarwaddy International School ဝိုင်ရှင် ဦးအောင်ကိုလတ်(မန္တလေး)၊ ဦးအေးဇင် Dual Tech(MD)၊ ဦးတင်အောင် နှင့် ဦးမြင့်ကျော်(ကမ္ဘာပ အဆင့်မြင့်ခရီးသည် ပို့ဆောင်ရေး) တို့အားလည်း အထူး ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။ အလားတူ စတင် ဆွေးနွေးစဉ်ကနေ ယနေ့အထိ နားထောင်ပြီး လူကိုယ်တိုင်သော် လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း အားပေးစကား ပြောကြားပေးသော FM ပရိသတ်များ၊ အမြဲတမ်း နားထောင်အားပေးကြသော FM ပရိသတ် များအား ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

(တက်စိုး)



မနေ့က(၂.၆.၂၀၁၆) ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ပြည်သူ့အတွက် ပထမရက် ၁၀၀ ကို ဖတ်ရတယ်။ ဒီကနေ့ (၃.၆.၂၀၁၆) မှာ ဖေ့စ်ဘွတ် သတင်းတွေကို ဖတ်ရတယ်။ မြန်မာနိုင်ငံမှာ ဖေ့စ်ဘွတ် သုံးစွဲသူပေါင်း ၂၅ သန်း ရှိသွားပါပြီ။ ကမ္ဘာကြီးမှာ ဘာတွေဘယ်လို ပြောင်းလဲနေပြီလဲ။ ကျွန်တော်တို့က ဘာတွေဘယ်လို ပြောင်းလဲကြမှာလဲ။ စဉ်းစားကြပါ။ စဉ်းစားစရာ တစ်စုံတစ်ရာကို ဒီစာအုပ်က အထောက်အပံ့ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

မျိုးမြတ်သူ
၃.၆.၂၀၁၆
ထောက်ကြံ့ခြံ



FM TALK မှာ ဆွေးနွေးဖို့ဖြစ်လာတာက ယဉ်ကျေးမှုဆိုတဲ့ ပေါ်ဟာရနဲ့ပတ်သက်လို့ အပြင်စကားဝိုင်းမှာ ဆွေးနွေးတာက စခဲ့တာပါ။ ဆရာမျိုးမြတ်သူက အပြင်မှာပြောကြတာထက် FM TALK ပြောတာ ကောင်းမယ်လို့ အကြံပြုခဲ့ပါတယ်။ (၂၀၁၄) ခုနှစ်က စတင်ခဲ့ပြီး ယခု စာအုပ်ထုတ်ဝေချိန် (၂၀၁၆) ခုနှစ်အထိ ဆွေးနွေးချက်များကို ထည့်သွင်းထားပါတယ်။ ယဉ်ကျေးမှုဆိုင်ရာ သီအိုရီတွေကို စပြောရာကနေ အတွေးအခေါ်ကို ဆွေးနွေးဖို့ လိုပါတယ်။ သူ့ရဲ့အဆက် စိတ်ပိုင်းဆိုင်ရာ ကိုပါပြောဖို့ ထပ်ပြီးလိုပြန်ပါတယ်။ ဒီလိုနဲ့နိဂုံးအတွက် အခြေခံကျတဲ့ အကြောင်းအရာတွေကို ဆက်ဆွေးနွေးသွားခဲ့တာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဆွေးနွေးတဲ့အခါမှာ သီအိုရီကို အခြေခံပြောပါတယ်။ လက်တွေ့သမားအချို့က သီအိုရီတွေ ပြောနေလို့ အပိုပဲ၊ သူတို့ လက်တွေ့အကောင်အထည် ဖော်တာကသာ အရေးတယ်ဆိုပါတယ်။ ကျွန်တော့် အယူအဆက မှန်ကန်သောအလုပ်ကို ရွေးချယ်ပြီးမှ အလုပ်ကိုမှန်ကန်အောင် လုပ်ခြင်းဖြစ်ပါတယ်။ မှန်ကန်တဲ့ အလုပ်ကို လုပ်ဖို့ သီအိုရီကို အတွင်းကျကျသိဖို့ လိုပါတယ်။ မူလကတည်းက လွဲမှားနေတဲ့ အလုပ်ကို မှန်ကန်အောင် အကောင်အထည်ဖော်တာက အချိန်ကုန် လူပမ်းဖြစ်စေပါတယ်။

နောက်တစ်ချက်က အတွေးအခေါ် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆွေးနွေးတဲ့အခါ အချက်အလက်တွေထက် အတွေးအခေါ်ကို ဦးစားပေးပါတယ်။ အတွေးအခေါ်ယဉ်ကျေးမှု ထွန်းကားစေချင်ပါတယ်။ နိုင်ငံတကာနဲ့ ရင်ဘောင်တန်းနိုင်ဖို့ ပြိုင်ဆိုင်မှု ပြင်းထန်တဲ့ ခေတ်မှာရပ်တည်နိုင်ဖို့ ကိုယ့်ယဉ်ကျေးမှုနဲ့ ကိုက်ညီတဲ့ အတွေးအခေါ်တွေ ထွန်းကားဖို့ လိုပါတယ်။ နိုင်ငံတကာ ပညာရှင်တွေ့ရဲ့ သဒ္ဒေတရားတွေကို အခြေခံပြီး မိမိအတွေ့အကြုံကို ပေါင်းစပ်တွေးခေါ်မှသာ ကိုယ့်နိုင်ငံရဲ့ ပြဿနာတွေကို အဖြေရှာနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတကာ ယဉ်ကျေးမှုတွေ ပြောင်းလဲတိုးတက်ရာမှာ အတွေးအခေါ်က စတင်ပြောင်းလဲတာ ဖြစ်ပါတယ်။ နည်းပညာနဲ့ရုပ်ဝတ္ထုက နောက်မှလိုက်ပြောင်းတာ ဖြစ်ပါတယ်။

အတွေးအခေါ်ရဲ့ အရေ့နဲ့အနောက်မှာ ဖြစ်ပေါ်တာက စိတ်ဖြစ်ပါတယ်။ ဒါကြောင့် စိတ်ပိုင်းဆိုင်ရာကိုလည်း ပြောဆို ဆွေးနွေးထားပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လူသုံးအများဆုံးစကားလုံးက Mind-Set ပြောင်းရမယ်လို့ ဆိုပါတယ်။ နိုင်ငံတကာသုံးသပ်ချက် တစ်ခုဖတ်ရပါတယ်။ မျက်မှောက်ခေတ်မှာ နည်းပညာတွေ တစ်ဟုန်တိုးတိုးတက်တော့ သဘာဝပတ်ဝန်းကျင်တွေ ပျက်စီးတယ်။ စစ်ပွဲတွေ ဖြစ်ကြတယ်။ ဆင်းရဲချမ်းသာကွာဟမှုတွေ များလာပါတယ်။ ဒါတွေ ဖြစ်ရခြင်းအကြောင်းရင်းဟာ နည်းပညာကြောင့်မဟုတ်ပဲ နည်းပညာကို ကိုင်တွယ် အသုံးပြုသူတွေရဲ့ စိတ်ကြောင့်သာဖြစ်တယ် လို့ဆိုပါတယ်။ ဆရာမျိုးမြတ်သူနဲ့ ကျွန်တော်တို့နှစ်ယောက် ဦးတည်ချက်က နိုင်ငံ

အတွက် အခြေခံကျတဲ့ ကဏ္ဍတွေကို ရွေးချယ်ပြီး ပြဿနာရဲ့အစနဲ့ ဖြေရှင်းရမယ့် အဓိကဆုံမှတ်တွေကို ရှာဖွေဆွေးနွေးခြင်းဖြစ်ပါတယ်။

မျက်မှောက်ခေတ် ရုပ်ဂတ္ထုပစ္စည်းကို ဦးစားပေးတဲ့ခေတ်မှာ အဝတွေးအခေါ်နဲ့ စိတ်ဓါတ်ချို့ယွင်းမှုတွေကို ထောက်ပြဖို့ ကြိုးစားထားပါတယ်။ ပြဿနာအများစုဟာ ဖြေရှင်းရာမှာမလွယ်ကူပဲ အစရှာမရဖြစ်တတ်ကြပါတယ်။ ကျွန်တော်ယုံကြည်တာက ပြဿနာရဲ့အဖြေဟာ လူသားတွေရဲ့စိတ်က အရေးပြုပါတယ်။ နိုင်ငံတစ်နိုင်ငံကို အခက်အခဲကလွတ်မြောက်စေဖို့ဆိုရင် ပြဿနာဖြစ်စေတဲ့ အကြောင်းများကို ရှာဖွေရမှာဖြစ်ပါတယ်။ အဆိုးထဲကအကောင်း အကောင်းထဲကအဆိုးဟာ ဖြစ်တည်နေလေ့ရှိပါတယ်။ အဆိုးတွေကို မှတ်သားပြီး ဖြေရှင်းရမယ့် နည်းလမ်းတွေကို နောင်လာနောက်သားတွေအတွက် လက်ဆင့်ကမ်းရပါမယ်။ ဒီနေရာမှာ အမှန်တကယ် ပြောင်းလဲချင်စိတ်ရှိတဲ့ ခရိုင်းဆောင်နဲ့ နောက်လိုက်တွေ လိုပါမယ်။ ဒါကြောင့် စိတ်ကအစပြုတယ်လို့ ပြောရခြင်းဖြစ်ပါတယ်။ အမှန်တကယ် ပြောင်းလဲချင်စိတ်နဲ့ ပြဿနာတွေကို စူးစမ်းမှသာ အဖြေကိုတွေ့နိုင်ပါတယ်။

စိတ်ပိုင်းဆိုင်ရာရဲ့အခြေခံဟာ လူမျိုးများရဲ့ ယဉ်ကျေးမှု၊ ဘဝနေမှုပုံစံ၊ မိသားစုဓလေ့၊ အတွေးအခေါ်တို့ ဖြစ်ပါတယ်။ စီးပွားရေးကောင်းမှ စိတ်ဓါတ်ကောင်းတာလား၊ စိတ်ဓါတ်ကောင်းလို့ စီးပွားဖွံ့ဖြိုးတာလား၊ အတိအကျ သက်သေပြဖို့ ခက်ပါတယ်။ ကျွန်တော်ကတော့ စိတ်ဓါတ်သာအဓိကဆိုတဲ့ အယူအဆကို လက်ခံထားပါတယ်။ ရုပ်နဲ့စိတ်ဟာ အပြန်အလှန် ဖြစ်ပျက်နေပေမယ့် နိဗ္ဗာန်ကိုရရှိဖို့ စိတ်ကို

သာ ပြုပြင်ရမှာဖြစ်ပါတယ်။ ဒုက္ခဖြစ်ရခြင်း အကြောင်းရင်းဟာ သမုဒ္ဒယ ဆိုတဲ့ စွဲလမ်းစိတ်သာ ဖြစ်ပါတယ်။

မျက်မှောက်ခေတ် သန့်ရှင်းတဲ့အစိုးရများဟာ ပြည်သူ့ သတင်း အချက်အလက် ပန်ဆောင်မှုစနစ်ကို အသုံးပြုကြတာ တွေ့ရပါတယ်။ သတင်းစာကတဆင့် သတင်းအချက်အလက်ပန်ဆောင်မှု ပေးတာကို ကျော်ဖြတ်လာခဲ့ပါပြီ။ များပြားလှတဲ့ သတင်းအချက်အလက်တွေကို အစိုးရနဲ့ပြည်သူကြားမှာ အပြန်အလှန်ဖလှယ်ဖို့ မြန်ဆန်စွာစီဆင်းဖို့ ဆိုရင် နည်းပညာမြင့် သတင်းအချက်အလက် ပန်ဆောင်မှု ကွန်ယက် တည်ထောင်ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ အနေဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းပင်ငွေမြင့်ရုံဖြင့် ပြည်သူလူထု စိတ်ချမ်းသာ မှုကို မပေးစွမ်းနိုင်တာကို သုတေသနတွေက တွေ့ရှိလာကြပါတယ်။ အတွေးအခေါ်ပညာရှင်များက ကမ္ဘာကြီးဟာ တိုးတက်ဖွံ့ဖြိုးနေတာ မဟုတ်ပဲ စိုးရိမ်စရာ အခြေအနေတစ်ရပ်ကို ရှုးရှုနေတယ်လို့ မြင်ကြ ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံကို တည်ဆောက်ကြတဲ့အခါမှာ စိတ်ဝိုင်း နှင့်ရုပ်ဝိုင်း မျှတအောင် တည်ဆောက်ကြဖို့ တိုက်တွန်းလိုပါတယ်။

ကျွန်တော်တို့ ဆွေးနွေးချက်တွေဟာ နိုင်ငံပြုပြင်ပြောင်းလဲ ရာမှာ အခြေခံကျလိမ့်မယ်လို့ ယူဆပါတယ်။ ဒါကြောင့် လေလှိုင်းထဲက ဆွေးနွေးချက်တွေကို နားထောင်ဖို့ အချိန်မပေးနိုင်သူတွေအတွက် စာအုပ်ပြုစုပြီး ထုတ်ဝေရခြင်းဖြစ်ပါတယ်။

(တက်စိုး)



အများပြည်သူဆိုင်ရာအုပ်ချုပ်ရေး နှင့်စီမံခန့်ခွဲမှု
Public Administration and Public Management

မျိုး။ ။ Administration ကို မြန်မာဘာသာပြန်ရင် အုပ်ချုပ်မှုလို့ ပြန်ပါတယ်။ အများအားဖြင့် Management စီမံခန့်ခွဲမှုနဲ့ ရောထွေးလေ့ ရှိပါတယ်။ စီးပွါးရေးလုပ်ငန်းတွေမှာ Management အရေးပါပြီး အစိုးရ အုပ်ချုပ်ရေးမှာတော့ Administration ကိုသုံးပါတယ်။ အရင်တုန်းက စီးပွါးရေးတက္ကသိုလ်မှာ DMA ဘွဲ့နဲ့ ဒီပလိုမာ ဆိုတာ ရှိခဲ့ပါတယ်။ အဲဒီ မှာလဲ Administration နဲ့ Management ကိုခွဲထားပါတယ်။ ဆရာ့ အမြင် ဆွေးနွေးပေးပါဦး။

စိုး။ ။ Public Administration အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေး ဆိုတဲ့ ဝေါဟာရရဲ့အနက်က အစိုးရပေါ်လစီတွေကို အကောင်အထည် ဖော်ဖို့အတွက် ရွေးကောက်ခံမဟုတ်သော ပုဂ္ဂိုလ်များက စီမံ ဆောင်ရွက်တာလို့ ဆိုပါတယ်။ ဒီဓနရာမှာ ကျွန်တော် အလေးအနက် တင်ပြချင်တာက ဝေါဟာရအနက်ဖွင့် အကောက်အယူ ဖြစ်ပါတယ်။ နောက်ဖြစ်လာမယ့် အကောင်းအဆိုး အကျိုးအပြစ်တွေဟာ ဝေါဟာရ ကနေ နားလည်လက်ခံရရှိတဲ့ အယူဝါဒပေါ်မှာ အခြေပြုပါတယ်။

မျိုး။ ။ ဒါသိပ်မှန်ပါတယ်။ ဘုရားဟောတရားတော်မှာ ရှိပါတယ်။ ဘုရားရှင်ကမေးပါတယ်။ အပြစ်တွေ အားလုံးထဲမှာ ဘယ်လိုအပြစ်မျိုးက အကြီးမားဆုံးအပြစ်လဲ။ ဥပမာ မိဘကိုပြစ်မှားတာ၊ လူသတ်တာ စသဖြင့်ပေါ့။ ဒီအပြစ်တွေအားလုံးမှာ အယူမှားတဲ့အပြစ်ဟာ အကြီးမားဆုံးလို့ ဘုရားရှင် ဟောကြားခဲ့ပါတယ်။

စိုး။ ။ အုပ်ချုပ်ရေးနဲ့ စီမံခန့်ခွဲမှု ဂေါဟာရတွေက ဘယ်လို ကွဲပြားပြီး ဘယ်နေရာမှာ အသုံးပြုလဲဆိုတာကို ကျွန်တော်တို့ သေချာကြည့်ကြရအောင်ပါ။ အုပ်ချုပ်ရေးဟာ ဗျူရိုကရေစီမှာ ဝိုပြီးရှေ့ရောက်ပါတယ်။

ဗျူရိုကရေစီစနစ်က အုပ်ချုပ်ရေးကို ကိုင်စွဲပါတယ်။

ဗျူရို ကရေစီစနစ်မှာ အုပ်ချုပ်သူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာက သာမာန် ပြည်သူတယောက်ရဲ့ ဂုဏ်သိက္ခာထက် ဝိုမိုအလေးထားခံရပါတယ်။ အုပ်ချုပ်တယ်ဆိုတဲ့ ဂေါဟာရ အဓိပ္ပါယ်ဟာ မိခင်ဖခင်က သားသမီးကို အုပ်ထိန်းတာနဲ့ အလားတူပါတယ်။ သားသမီး အသက်(၁၈)နှစ် မပြည့်မီ သူတို့ရဲ့ ကိစ္စအဂဂကို မိဘက ထိန်းချုပ်လုပ်ကိုင်နိုင်ပါတယ်။ အရွယ်ရောက်လာရင် မိဘက သားသမီးတို့ရဲ့ ကိုယ်ရေးကိုယ်တာကို မကန့်သတ်တော့ပဲ မိသားစုဆိုင်ရာ စီမံခန့်ခွဲမှုကိုသာ လုပ်ဆောင်ပါတော့တယ်။ ဒီသဘောမျိုးပါပဲ။ ဗျူရိုကရေစီစနစ်မှာ အစိုးရဂန်ထမ်းက ပြည်သူကို အုပ်ချုပ်တယ်လို့ တွေးနိုင်ပါတယ်။ နိုင်ငံတော်၏ အကျိုးအလို့ငှာဆိုရင် ပြည်သူတွေရဲ့ ကိုယ်ပိုင်အခွင့်အရေး ဆုံးရှုံးနိုင်သလို တားဆီးပိတ်ပင်မှုလဲ ခံရနိုင်ပါတယ်။ ပြည်သူတွေက ပညာနည်းပြီး အုပ်ချုပ်သူက ပညာရှိတယ်။ အရာရာကို မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်တယ်ဆိုတဲ့ သဘောပါ။ အုပ်ချုပ်မှုအောက်မှာမှ စီမံခန့်ခွဲမှု တွဲလျက်ပါလာတယ်။

ဒီမိုကရေစီစနစ်က စီမံခန့်ခွဲရေးကို ကိုင်စွဲပါတယ်။

စီမံခန့်ခွဲတဲ့ သဘောက ရှေ့တန်းရောက်ပါတယ်။ ပြည်သူတွေဟာ အရွယ်ရောက်တဲ့သဘော ဖြစ်ပါတယ်။ ပြည်သူတွေက ဗဟုသုတမှာဖြစ်စေ ပညာအရာမှာဖြစ်စေ အုပ်ချုပ်သူထက် မညံ့ကြတော့ပါဘူး။ လိုအပ်ချက်အရသာ အုပ်ချုပ်မှုနဲ့ စီမံခန့်ခွဲရေးကို ပြည်သူတွေက ကိုယ်စား အပ်နှံထားတာဖြစ်ပါတယ်။ အများပြည်သူ စီမံခန့်ခွဲမှုကိုသာ ဦးစားပေး လုပ်ဆောင်ရပါမယ်။ လိုအပ်တဲ့နေရာမှာသာ အုပ်ချုပ်ရေးကို ကျင့်သုံးသင့်ပါတယ်။ ဒီမိုကရေစီစနစ်မှာ လွှတ်တော်နဲ့ အစိုးရရဲ့ ပေါ်လစီဟာ ပြည်သူတွေရဲ့ဘဝလုံခြုံမှုနဲ့ ပြည်သူ့ဆန္ဒကို အလေးထားပါတယ်။ ပြည်သူကို ဗဟိုပြုပါတယ်။

မျိုး။ ။ လက်ရှိကျွန်တော်တို့ နိုင်ငံအုပ်ချုပ်ရေးမှာ ဘယ်အပိုင်းက အားသာပြီး ဘယ်အပိုင်းက အားနည်းနေသလဲ ဆွေးနွေးပေးပါဦး။

စိုး။ ။ ကျွန်တော်တို့ရဲ့လက်ရှိအုပ်ချုပ်ရေးပုံစံက ဗျူရိုကရေစီလို့ ပြောရမှာပါ။ ဒီစနစ်မှာ အများပြည်သူ အုပ်ချုပ်ရေးအတွက် ဥပဒေက အရေးအကြီးဆုံးပေါ့။ ကျွန်တော်တို့ရဲ့ အုပ်ချုပ်မှုနဲ့ ပန်ထမ်းရေးရာ ဥပဒေစည်းမျဉ်းတွေက ဟောင်းနွမ်းပြီး ခေတ်နဲ့မညီတော့ဘူး။ ဒီ(၅)နှစ်ကာလမှာ ပြင်တော့ပြင်တယ်၊ ထိထိရောက်ရောက်မဖြစ်ဘူး။ လက်ရှိဥပဒေဟာ စည်းမျဉ်းအဟောင်းအဆွေးတွေနဲ့ ပြည်သူ့ရေးရာအုပ်ချုပ်မှုနဲ့ စီမံခန့်ခွဲမှုအတွက် အဆင်မပြေလောက်ဘူး ထင်ပါတယ်။

ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ ပြည်သူ့လွှတ်တော်မှာ တစ်လုံးတစ်ခဲတည်း ပြင်ဆင်နိုင်မှုဖြစ်မှာပါ။ ပြင်ဆင်သင့်တဲ့ ဥပဒေတွေကို စိစစ်စာရင်းပြုစုပြီး အချိန်တိုအတွင်း ပြင်ဆင်ဖို့ကြိုးစားသင့်ပါတယ်။

ဥပဒေတွေ ပြင်ဆင်ပြီးမှ ပြည်သူ့ရေးရာ အုပ်ချုပ်မှုနဲ့ စီမံခန့်ခွဲမှုကို ချောမွေ့စွာ လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။

စီမံခန့်ခွဲမှုပိုင်းမှာလည်း အပြန်အလှန်သဘော မကျင့်သုံးပဲ ရေဘူးပေါက်တာ မလိုချင်ဘူး။ ရေပါတာပဲ လိုချင်တယ်ဆိုတော့ တစ်ဖက်သတ် စီမံခန့်ခွဲမှုပုံစံ ဖြစ်နေပါတယ်။ ယန္တရားက ဗျူရိုကရေစီနဲ့ လည်ပတ်နေပေမယ့် ဗျူရိုကရေစီကို မောင်းနှင်မယ့် လူသားရင်းမြစ်က အရည်အချင်း မပြည့်မီပြန်ဘူးဆရာ။ ဗျူရိုကရေစီ ယန္တရား ကောင်းကောင်းမှာဆိုရင် လူသားရင်းမြစ်က ပရော်ဖယ်ရှင်နယ် ဝီသကြပါတယ်။ အစိုးရရဲ့မူပါဒ ညွှန်ကြားချက်တွေကို အကောင်အထည် ဖော်နိုင်ကြပါတယ်။ အခုကျွန်တော်တို့မှာက ပညာရေးကစလို့ နိမ့်ကျပြီး လူသားရင်းမြစ်က ရွှတ်ခြုံကျနေတော့ ယန္တရား ကောင်းကောင်း မလည်ဘူးဖေါ့။ ဆိုရှယ်လစ်ခေတ်က တည်ဆောက်ခဲ့တဲ့ ယန္တရား ပုံသဏ္ဌာန် တစ်ချို့က ကောင်းပါတယ်။ ဦးစီးဌာနတွေရှိသလို လုပ်ငန်း ကော်ပိုရေးရှင်းတွေ ထူထောင်ခဲ့တာ တွေ့ရပါတယ်။ လုပ်ငန်းတို့ ကော်ပိုရေးရှင်းတို့ ဆိုတာတွေဟာ လွတ်လပ်တဲ့ အစိုးရအဖွဲ့အစည်း တွေဖြစ်ပါတယ်။ ဒါပေမယ့် ခေတ်အဆက်ဆက်မှာ ဦးဆောင် ညွှန်ကြားရေးမှူး ဆိုသူတွေဟာ လွတ်လပ်စွာ အုပ်ချုပ်နိုင်သူတွေ၊ နိုင်ငံတကာအဆင့် ပညာရှင်တွေမဟုတ်ပဲ အမိန့်ပေးစေခိုင်းဖို့ ခန့်ထား ခံရသူတွေ ဖြစ်နေပါတယ်။ အမှန်တကယ်က နိုင်ငံတကာအဆင့် စီအီးအိုတွေနဲ့ လုပ်ဆောင်ရတာ ဖြစ်ပါတယ်။ လုပ်ငန်း စီမံခန့်ခွဲမှုတွေ အမှားမှားအယွင်းယွင်းနဲ့ မဖေအောင်မြင်ဖေတော့ ပဂ္ဂလိကကို လွှဲတာ တစ်ခေတ်ဆန်းပြန်ပါတယ်။ အလကားနီးပါး ဈေးတွေနဲ့ ပေးလိုက်တော့ နိုင်ငံတော်မှာ ထပ်ပြီးနစ်နာရပါတယ်။ ဂျပန်မှာ အခုထိ ဂျေအာ ရထား ပို့ဆောင်ရေးလုပ်ငန်းဟာ အစိုးရအဖွဲ့အစည်း ဖြစ်ပါတယ်။ အခုလက်ရှိ ရထားပို့ဆောင်ရေးတို့ လျှပ်စစ်လုပ်ငန်းတို့ကို နိုင်ငံတကာ အကောင်း

ဆုံး စိတ်အိုတွေနဲ့ လုပ်ကြည့်စမ်းပါ။ နေ့ချင်းညချင်း အောင်မြင်သွားမှာ ဖြစ်ပါတယ်။

ယန္တရားဒီဇိုင်း မှန်ပေမယ့် အကောင်အထည်ဖော်မယ့် လူသားရင်းမြစ် နေရာချထားမှု မှားယွင်းတာကို အဓိကထောက်ပြချင် ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အဓိကပြဿနာတွေဟာ ဌာနတည်ဆောက်ပုံ ဒီဇိုင်းမှာ ပြဿနာရှိတာမဟုတ်ပဲ လူသားရင်းမြစ် စီမံခန့်ခွဲမှု မှားယွင်းတာ ဖြစ်ပါတယ်။

မျိုး။ ။ကျွန်တော်တို့နိုင်ငံမှာ ဝေဖန်သုံးသပ်နေကြတာ တစ်ခုက အပေါ်ဝိုင်းက ပြောင်းလဲနေပါတယ်။ အလယ်အလတ်နဲ့ အောက်ခြေက မပြောင်းဘူး။ အရင် ဗျူရိုကရေစီအတိုင်းပဲလို့ ပြောနေဆိုနေကြပါတယ်။

စိုး။ ။ဂန်ထမ်းအများစု စိတ်ဓါတ်က ဗျူရိုကရက်စိတ်ရှိတာကို မြင်နေကြတော့ ဒီလိုစွပ်စွဲကြတာပေါ့။ ဒါဖေမယ့် ဗျူရိုကရေစီ စနစ်နဲ့ မနှိုင်းစေချင်ပါဘူးဆရာ။ ဗျူရိုကရေစီ နာမည်ပျက်နေပါဦးမယ်။ အရင် အင်္ဂလိပ်ဗျူရိုကရေစီ သိပ်ကောင်းတာပေါ့ဆရာ။ အင်္ဂလိပ်က တစ်ကမ္ဘာလုံး လွှမ်းမိုးထားတော့ သူတို့ရဲ့မူဂါဒက ပြောစရာမရှိဘူး၊ လိုက်နာ အကောင်အထည် ဖော်ရုံပါပဲ။ အကောင်အထည် ဖေါ်နိုင်လောက် အောင်လည်း လူသားရင်းမြစ်၊ လိုအပ်တဲ့ အထောက်အပံ့ ပြည့်စုံပါတယ်။

အခုကျွန်တော်တို့က ဗျူရိုကရေစီစစ်စစ် မဟုတ်ပါဘူး။ စီမံခန့်ခွဲမှု အားနည်းတဲ့အာဏာရှင် ဗျူရိုကရေစီ ဖြစ်မှာပါ။ ဥပါလစီ ပြောင်းတယ်ဆိုပေမယ့် လက်တွေ့မှာက မပြောင်းပါဘူး၊ မူဂါဒကိုယ်က မဝေဆာ မရေရာတွေဖြစ်ပြီး၊ အောက်မှာ ဖြည့်ဆည်းပေးရမယ့် အရာတွေကို မဖြည့်ဆည်းပဲ အကောင်အထည် မဖေါ်နိုင်ပါဘူး။

သာမာန် စာရွက်စာတမ်းလုပ်ငန်း ကြန့်ကြာတာကို အောက်ခြေက မပြောင်းလဲဘူးဆိုပြီး ထောက်ပြနေကြ တာပါ။ တစ်ကယ်အရေးကြီးတဲ့ စီမံကိန်းတွေ နိုင်ငံ့ဘဏ္ဍာနဲ့ပတ်သက်တဲ့ ဂယ်ယူမှုတွေကို အလယ် အလတ်နဲ့ အောက်အဆင့်တွေ ဘာမှလုပ်လို့မရပါဘူး။

မျိုး။ ။အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနဲ့ ပတ်သက်လို့ ဆွေးနွေးပေးပါဦး။ တစ်ခြားသော အုပ်ချုပ်ရေးဆိုင်ရာတွေလည်း ကျယ်ကျယ် ပြန့်ပြန့် ဆွေးနွေးပေးပါဦး။

စိုး။ ။ဗျူရိုကရေစီဓလေ့မှာ အထွေထွေ အုပ်ချုပ်ရေးဌာနက အရာ ကျခဲ့ပါတယ်။ ဒါဖေမယ့် ဒီမိုကရေစီဓလေ့ အများပြည်သူ ဆိုင်ရာ စီမံခန့်ခွဲမှုမှာ အုပ်ချုပ်ရေးက အဓိကမဟုတ်ဘူး။ အစိုးရနဲ့ ပြည်သူ ဒ်အားလုံးကို ထိန်းကြောင်းသွားတာက ဥပဒေနဲ့ ပွင့်လင်းမြင်သာမှုပါပဲ။ ပြည်သူတွေက အရွယ်ရောက်နေပြီး ကိုယ့်ထက်ဝတွေးခေါ်မှု ပညာအရာ မှာ အားနည်းသူတွေက အုပ်ချုပ်လမ်းညွှန်တာ သိပ်မကြိုက်ကြတော့ပါ။ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဆိုတဲ့နေရာမှာ ပိုမြင်သာပါတယ်။ ရပ်ကွက်မှာ နေထိုင်သူတွေက ရပ်ကွက်အုပ်ချုပ်ရေးမှူးထက် အဘက်ဘက်က သာလွန်ပါတယ်။ ဒါကို အုပ်ချုပ်တဲ့ စကားလုံးကိုသုံးထားတာ မှားနေတယ် ထင်ပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး စသဖြင့် နေရာအားလုံးအတွက် ဒီအသုံးအနှုန်းကို စဉ်းစားသင့်ပါတယ်။

အုပ်ချုပ်ရေးနဲ့ စီမံခန့်ခွဲမှုယန္တရား လည်ပတ်ဖို့အတွက် လူသားရင်းမြစ် နေရာချထားမှုကို ဆွေးနွေးချင်ပါတယ်။ ဆိုရှယ်လစ် ဓလေ့ကစပြီး ဌာနအကြီးအကဲတွေ ခန့်အပ်ရာမှာ ပညာရှင်တွေကို အစောပိုင်းက ခန့်ထားခဲ့ပါဒသးတယ်။ နောက်ပိုင်း စီမံခန့်ခွဲမှု မကျွမ်းကျင်ဘူးလို့ ယူဆပြီး တပ်ပိုင်းကဝင်လာပါတယ်။ နောက်တစ်ခါ

ပညာရပ် မကျွမ်းကျင်ပြန်ဘူးဆိုပြီး ပညာရှင်တွေ ခန့်ထားပြန်တယ်။ မှန်လုံးစက္ကူကပ် ဖြစ်နေပါတယ်။ ပညာရှင်တွေဟာ စီမံခန့်ခွဲမှု စွမ်းရည် မရှိသလို တပ်ပိုင်းဆိုင်ရာ အရာရှိတွေလည်း ဒီမိုကရေစီ စနစ်ရဲ့ စီမံခန့်ခွဲမှုကို မကျွမ်းကျင်ကြပါ။ (၂၀၁၀) ခုနှစ် ဒီမိုကရေစီ စနစ် စတင်ကျင့်သုံးတဲ့ အချိန်မှာ ဆိုရှယ်လစ်စီမံခန့်ခွဲမှုကို ဆက်လက် ကျင့်သုံးနေခဲ့တဲ့ အမှားကိုတွေ့ရပါတယ်။ ဌာနအကြီးအကဲ နေရာကို ပညာတတ်နဲ့ တပ်မတော်အရာရှိကို တစ်လှည့်စီ ခန့်ထားရင်း စမ်းတဲ့ပါးပါး ဖြစ်နေတုန်းပါပဲ။ ဗဟိုပန်ထမ်း သင်တန်းကျောင်းတွေ ဖွင့်ထားပေမယ့် ခေတ်နဲ့အညီ မသင်ကြားနိုင်ခဲ့တော့ စီမံခန့်ခွဲမှု ကျဆင်းသွားတာ ဖြစ်ပါတယ်။ နိုင်ငံတကာမှာ Public Administration ကနေ Public Management ကို ပြောင်းနေတယ်လို့ ဆိုပါတယ်။ လွတ်လပ်စွာ စီမံခန့်ခွဲတဲ့ အစိုးရဌာန အဖွဲ့အစည်း ပိုမိုများပြားအောင် တည်ဆောက်လာကြပါတယ်။ စီမံခန့်ခွဲမှုအရာမှာ နိုင်ငံတကာအဆင့် ရှိသူတွေကို ရွေးချယ်ပြီး အကြီးအကဲတာဝန် ပေးအပ်ပါတယ်။ မူဝါဒ ရေးဆွဲရာမှာ အထောက်အကူပြုနိုင်ပြီး အပေါ်အောက် ထိန်းညှိပေးနိုင် ပါတယ်၊ အခု ကျွန်တော်တို့မှာက ဝန်ကြီးတို့ ညွှန်ကြားရေးမှူးချုပ် တို့ကို အောက်ခြေက ပြန်တင်ပြဖို့ သိပ်မလွယ်ဘူး။ အလယ်အလတ် ဝန်ထမ်း တွေနဲ့ အောက်ခြေဝန်ထမ်းတွေဟာ အပေါ်က ညွှန်ကြားတာတွေကို အကောင်အထည်ဖော်ဖို့ အခက်အခဲတွေ ရှိခဲ့ရင်တောင် ပြန်လည် တင်ပြခွင့်မရှိပါ။ အပေါ်က လက်ခံနိုင်လောက်မယ့် ကိစ္စတွေကိုသာ အနည်းငယ် ချင့်ချိန်တင်ပြ နေကြရတာပါ။ တင်ပြရဲတဲ့လူနည်းစုကို ဘေးချိတ်ထားပါတယ်။ အောက်ခြေမှာက နှစ်ပေါင်းများစွာ စုပုံထားတဲ့ အခက်အခဲတွေ အများကြီးရှိပါတယ်။

ဝန်ထမ်းခန့်ထားမှု ပြောင်းလွှဲမှုတွေမှာလည်း ဌာနတစ်ခုကနေတစ်ခု အလွယ်တစ်ကူ ပြောင်းလွှဲနိုင်အောင် ခွင့်ပြုထားဖို့ လိုပါတယ်။

အဖေါ်ကဝိတ်ဇနတာမျိုး၊ အရည်အချင်းမရှိသူ အောက်ကဇနရတာမျိုး တွေအတွက် ပြောင်းရွှေ့လွယ်ဖို့လိုပါတယ်။

မျိုး။ ။ကျွန်တော်တို့နိုင်ငံမှာ ဂန်ကြီးကချမှတ်တာ အောက်ကိုဆင်းသွားတယ်။ အောက်မှာကြုံနေရတဲ့ ပြဿနာတွေကို အဖေါ်ကို ပြန်တက်မလာဘူး။ အဖေါ်က အသံကောင်းဟစ်ဇနတာပေါ့။

စိုး။ ။ပြည်သူ့အသံ ဂန်ထမ်းအသံဆိုတာက စုစုစည်းစည်းမရှိတော့ ပျောက်ကွယ်ဇနကြတာပေါ့။ တစ်ချို့က ဂေဖန် သလိုလိုနဲ့ ပြည်သူတွေဘက်၊ သာမာန်ဂန်ထမ်းတွေဘက်ကို ဦးလှည့်ပေးလိုက်ကြပါတယ်။ နိုင်ငံတကာမှာတော့ လော်ဘီလို့ ခေါ်ကြတာပေါ့။ ပညာတတ်တွေသာ လော်ဘီလုပ်နိုင်စွမ်း ရှိပါတယ်။

အစိုးရယန္တရားက ကြီးလွန်းပြီး ပြောင်းလွယ်ပြင်လွယ် မဟုတ်ပါဘူး။

အဖေါ်က ပေါ်လစီပြောင်းသွားပြီလို့ပြောတယ် အောက်ခြေမှာ လက်တွေ့လုပ်ဖို့ မဖြစ်နိုင်တာတွေ အများကြီးပါ။

ကျွန်တော်တို့ဆီမှာ ပင်စင်ကိစ္စ ပြဿနာရှိပါတယ်။ အစိုးရဂန်ထမ်းတွေ ပင်စင်ကိုမက်မောလို့ မလုပ်မရှုပ်မပြုတ် ဇနထိုင်လေ့ရှိကြပါတယ်။ အဖေါ်ကလုပ်သမျှကို ခေါင်းငုံ့ခံလေ့ ရှိကြပါတယ်။ အခုဇတ်လို အရည်အချင်း အားနည်းတဲ့ကာလမှာ ပိုဆိုးတာပေါ့။ အလုပ်က အနားယူတဲ့အခါ ရရှိမယ့် ထောက်ပံ့ကြေး ပုံစံကိုလည်း ပြောင်းဖို့လိုပါမယ်။ နိုင်ငံတကာမှာ ကျင့်သုံးနေကြတာတွေကို လေ့လာသင့်ပါတယ်။

မျိုး။ ။ ပင်စင်နီးလာရင် ဘာမှမလုပ်တော့ဘူး။ ပင်စင်မရခင် အလုပ်ပြုတ်သွားမှာကြောက်ပြီး ရဲရဲတာဂန်မယူ၊ ရဲရဲမလုပ်တော့ဘူ။ အခုလိုမျိုးတိုင်းပြည်ကို ပြုပြင်ပြောင်းလဲနေတဲ့အချိန်မှာ အေးရာအေးကြောင်းတွေနဲ့ ဘယ်တိုးတက်တော့မှာလဲ။ အခုတလော အုပ်ချုပ်ရေးယန္တရားကောင်းမွန်အောင် ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်တွေကို သင်တန်းတွေလုပ်တာ တွေ့ပါတယ်။ အတွင်းဂန်တွေ ခန့်ထားမယ်လို့ သိရပါတယ်။ အတွင်းဂန်တွေ ပေါ်လာရင် ဘာတွေ တိုးတက်ပြောင်းလဲမယ် ထင်ပါသလဲ။

စိုး။ ။ဗျူရိုကရေစီ အားကောင်းအောင် လုပ်တဲ့သဘောပါ။ ဌာနတွင်း ဗျူရိုကရေစီကျင့်သုံးဖို့ ပြင်ဆင်တာဖြစ်ပါတယ်။ တက်လာမယ့် အစိုးရရဲ့ပေါ်လစီကို အကောင်အထည်ဖော်ရာမှာ အထောက်အကူဖြစ်မလား၊ အနှောင့်အယှက် ဖြစ်မလားကို စောင့်ကြည့်မှပဲ အဖြေပေါ်လာမှာပါ။ အရင်လို မုန့်လုံးစက္ကူကပ် မဖြစ်သင့်တော့ပါဘူး။ ကျွန်တော့် အမြင်အရဆိုရင် စီမံခန့်ခွဲရေးသမားနဲ့ ပညာရှင်တွေကို အပေါ်အောက် အပြန်အလှန် အကျိုးပြုနိုင်အောင် ချိတ်ဆက်ခန့်ထားတတ်ဖို့လိုပါတယ်။ တစ်ချို့နိုင်ငံမှာ ညွှန်ကြားရေးမှူးချုပ် ရာထူးကို စာရွက်သက်တမ်းနဲ့ ခန့်ထားတာမျိုးလဲ ရှိပါတယ်။ အဆိုပါရာထူးရှိသူများအချင်းချင်း သမူဟဖြစ်ရန်လည်း လိုအပ်ပါတယ်။ ရာထူးတာဂန်ပေးအပ်မှုလွှဲမှားရင် လုပ်ငန်းတာဂန်များ မအောင်မြင်ပဲ ကျဆုံးမှာသေချာပါတယ်။ အရင်ခေတ်က တာဂန်ပေးအပ်မှုပုံစံ မှားယွင်းတာဟာ အကြောင်းအချက် တစ်ခုဖြစ်ပါတယ်။

မျိုး။ ။အခု တပ်မတော်က အရာရှိတွေ အကြပ်တပ်သားတွေက အစ ဌာနဆိုင်ရာတွေကို ပြောင်းရွှေ့လာကြပါတယ်။ ဂန်ကြီးဌာန

တွေရဲ့အောက်က ညွှန်ချုပ်တွေ ညွှန်မှူးတွေမှာ တပ်ကများပါတယ်။ မြို့တော်စည်ပင်ဆိုလည်း တပ်က။ ဒီလိုပုံစံနဲ့ အောက်ကနေအဆင့်ဆင့် နားလည်တတ်ကျွမ်းလာတဲ့သူတွေ အောက်သက် ကျေတဲ့သူတွေ လုံးဝ မရှိသလောက် ဖြစ်သွားတယ်။ ဆရာ့အမြင် သုံးသပ်ပေးပါဦး။

စိုး။ ။အလုံးအရင်း ဝင်ရောက်တဲ့ ဌာနတွေက အထွေထွေအုပ်ချုပ်ရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေး ဌာနတွေပေါ့။ ဒီဌာနတွေဟာ နိုင်ငံအုပ်ချုပ်မှုအတွက် အရေးအကြီးဆုံး ဌာနတွေပါ။ အခုကျွန်တော်တို့နိုင်ငံရဲ့ အုပ်ချုပ်ရေးကိုကြည့်ရင် တပ်ကအများစုနဲ့ အုပ်ချုပ်တာ အောင်မြင်သလား မအောင်မြင်ဘူးလားဆိုတာ လက်တွေ့နဲ့ တိုင်းတာနိုင်ပါတယ်။ တပ်ကဖြောင်းလာသူတွေက ဒီမိုကရေစီစနစ်စိမံခန့်ခွဲမှုကို ကျွမ်းကျင်ရင် ကောင်းပါတယ်။ ပညာတတ်တွေ အုပ်ချုပ်မှုမကျွမ်းကျင်လို့ တပ်ကအရာရှိတွေကို တာဝန်ပေးတယ် ဆိုတာ အပြင်ဝန်းကြည့်ရင် လက်ခံနိုင်စရာ ရှိပါတယ်။ အတွင်းကျကျကြည့်ရင် မှားနေပါလိမ့်မယ်။ တပ်ပိုင်းဆိုင်ရာ အုပ်ချုပ်ရေးဆိုတာ အမိန့်ကို အခြေခံထားတာပါ။ အရပ်ဘက် စီမံခန့်ခွဲမှုဆိုတာ အရမ်းရှုပ်ထွေးပါတယ်။ အခုတော့ သူတို့လည်း ယောင်လည်လည်ပါပဲ။ တပ်ကဖြောင်းလာသူတွေကို စီမံခန့်ခွဲမှုကို အဆင့်မြင့်မြင့် သင်ကြားပေးရမယ့် အစား ပညာရပ်ဆိုင်ရာ ဒီပလိုမာတွေ ဘွဲ့လွန်တွေ တက်နိုင်းပါတယ်။ ဒါက ဝိုဆိုးစေတာပေါ့။ ပညာရပ်ဆိုတာက နှစ်ပေါင်းများစွာလေ့လာမှု၊ ဂါဝသနာအရင်းခံမှ ဖြစ်တာပါ။ လက်ရှိ မြန်မာနိုင်ငံက ဘွဲ့ဒီပလိုမာတွေက ဘာပညာတတ်လာမှာလဲ။ အခုတော့ ဆရာရယ် ပြည်တွင်းပညာရပ်ဆိုင်ရာ ဒီပလိုမာတို့ ဘွဲ့ဒီဂရီတို့ကို လက်ပူတိုက် သင်ကြားပြီး သက်ဆိုင်ရာ ပညာရပ်တွေ၊ ကဏ္ဍာတွေမှာ ညွှန်ကြားကြပါတယ်။ စိမံခန့်ခွဲမှုလည်း မယ်မယ်ရရမတတ်၊ ပညာရပ်ကလည်း ကျက်မှတ်ထား

တာတွေဆိုတော့ ဘာမှဖြစ်မလာပါဘူး။ လူဟောင်းတွေကလည်း ပညာရပ်ကောင်းကောင်း မကျွမ်းကျင်ကြတော့ဘူး။ အဘက်ဘက်မှာ တလွဲတွေ ဖြစ်ကုန်တာပေါ့။ အမှန်က ပညာသည်သက်သက်၊ အုပ်ချုပ်ရေးနဲ့စီမံခန့်ခွဲရေးသက်သက် ခွဲခြားထားဖို့လိုပါတယ်။ အခုတော့ ပညာသည်နေရာရော စီမံခန့်ခွဲမှု နေရာပါ ရောထွေးနေတာပါပဲ။ လွတ်လပ်ရေး ရကတည်းက ဒီနေ့အထိ မှန့်လုံးစက္ကူကပ် ဖြစ်နေပါတယ်။ ဒါက ဘာကိုဖော်ပြနေသလဲဆိုရင် Public Administration နဲ့ Public Management သဘောတရားကို ကောင်းကောင်း မသိတာ ဖြစ်ပါတယ်။

မျိုး။ ။အကယ်ဒမစ်ဘက်က လူတွေလဲ အုပ်ချုပ်သူအကြိုက် လုပ်သွားကြတာ အများကြီးရှိပါတယ်၊ နောက်ပြီး တပ်ကလူတွေ ဒီဂန်ကြီးဌာနမှာ ပြဿနာဖြစ် နောက်ဂန်ကြီးဌာနရောက်တော့ ရာထူးတောင်တိုးသွားသေးတယ်။ သူ့ဆရာက ဂန်ကြီးဖြစ်နေလို့ပါ။ အရပ်သားတွေဘက်ကလည်း နစ်နာဆုံးရှုံးမှုတွေနဲ့ စိတ်ဓါတ်ရေးရာပါ ကျဆင်းကုန်ကြတယ်။ နောက်အစိုးရကျတော့ ဘယ်လိုဆက်လုပ်ကြရမလဲ မသိပါဘူး။

စိုး။ ။နောက်တက်လာမယ့် အစိုးရအနေနဲ့ ဂန်ထမ်းတွေကို ပရော်ဖယ်ရှယ်နယ် ပီသအောင် လုပ်ဆောင်ရမှာက အဓိကကျပါလိမ့်မယ်။ နောက်တစ်ချက်က စီမံခန့်ခွဲရေးမှာ complex နဲ့ complicate ကို သိဖို့ လိုပါတယ်။ complex ဆိုတာက ဖြေရှင်းစရာတွေ အခက်အခဲတွေ ရှိကောင်းရှိပါမယ်။ ဒါပေမယ့် စနစ်တကျနဲ့ ကျွမ်းကျင်မှုရှိရင် အောင်မြင်နိုင်ပါတယ်။ complicate ကျတော့ ရလဒ်က မသေချာဘူး။ ဘယ်လိုပဲ စနစ်တကျ ဆောင်ရွက်ထားသည်ဖြစ်ပါစေ အောင်မြင်ဖို့ မသေချာ

နိဗ္ဗာန်တာမျိုး ဖြစ်ပါတယ်။ မြန်မာနိုင်ငံက complex ပါ စနစ်တကျ လုပ်တတ်ရင် တိုးတက်နိုင်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာ ပြဿနာတွေ ကသာ complicate လို့ ဆိုနိုင်ပါတယ်။ ပြည်သူ့ရေးရာ စိမ်ခန့်ခွဲမှုအတွက် ဝန်ထမ်းအရည်အသွေးကို မြှင့်တင်ပေးပြီး ဘဝလုံခြုံမှု ပေးနိုင်ဖို့ လိုပါတယ်။

မျိုး။ ။ဒီအပိုင်းမှာ ခေါင်းဆောင်မှု အရေးကြီးလာပါတယ်။ ခေါင်းဆောင်မှုအားနည်းရင် Complex တွေကို ဖြေရှင်းနိုင်မှာ မဟုတ်ပါ။ ခေါင်းဆောင်ကောင်း ပေါ်ထွက်ဖို့ လိုပါတယ်။

စိုး။ ။ **ခေါင်းဆောင်ဆိုတာ တည်ငြိမ်တဲ့ အခြေအနေ တစ်ရပ်မှာ ဦးဆောင်မှုပေးတာနဲ့ မလုံလောက်ပါ။ ရှုပ်ထွေးတဲ့ အခြေ အနေ (complex) တွေကို ရှင်းအောင်လုပ်တတ်ဖို့ လိုပါတယ်။**

လက်အောက် ငယ်သားတွေကို မက်လုံးပေးတာသက်သက်နဲ့ စည်းရုံးတာမျိုး မဟုတ်ပဲ အခြေအနေကို နားလည်အောင် ရှင်းပြပြီး ပူးပေါင်းပါဝင်အောင် လုပ်ဆောင်နိုင်မှ ခေါင်းဆောင်ကောင်း ဝိသမှာ ဖြစ်ပါတယ်။ ခေါင်းဆောင်လုပ်သူနဲ့ အများပြည်သူကြားမှာ နားလည်မှု လွဲမှားခြင်း သံသရာလည်နေရင်လည်း နိဗ္ဗာန်မတိုးတက်နိုင်တော့ပါ။ ခေါင်းဆောင်နဲ့ ပြည်သူကြားမှာ တာဝန်ခံမှု၊ တာဝန်ယူမှုနဲ့အတူ အပြန်အလှန် ယုံကြည်မှုကို တည်ဆောက်နိုင်မှ ခေါင်းဆောင်ဝိသမှာပါ။

မျိုး။ ။ပြောင်းလဲမှုနေးတဲ့ ပြည်သူ့ရေးရာ စိမ်ခန့်ခွဲမှုကို ဘယ်လို လုပ်ဆောင်သင့်သလဲ ဆွေးနွေးပေးပါဦး။

စိုး။ ။ပြောင်းလဲမှုနေးတယ်ဆိုရာမှာ အတွေးခေါ်ပြောင်းလဲမှုနဲ့ အကောင်အထည်ဖော်မှုအပိုင်း နှစ်မျိုးရှိပါတယ်။ အတွေးအခေါ်က စပြီးပြောင်းဖို့ လိုပါတယ်။ နမူနာတစ်ခု ပြချင်ပါတယ်။ ဂန်ကြီးဌာန တွေရဲ့ လိုဂိုတွေကိုကြည့်ပြီး အတွေးခေါ် ခေတ်နောက်ကျနေတာကို သုံးသပ်ပြချင်ပါတယ်။ ဖေါင်ကြီးဗဟိုဂန်ထမ်း တက္ကသိုလ်ရဲ့လိုဂိုမှာ ပီနီယံခွေးသွားစိတ်နဲ့ စပါးနံ့ သုံးနေဆဲပါ။ ဒါကဆိုရှယ်လစ် ခေတ်ကနေ မပြောင်းလဲသေးဘူးဆိုတာ ဖော်ပြနေပါတယ်။ အခြားဂန်ကြီးဌာန တွေရဲ့လိုဂိုတွေလည်း ခေတ်နောက်ကျကျန် နေပါတယ်။ ဒါတွေဟာ မပြောင်းလဲသေးဘူး ဆိုတာကို ဖေါ်ပြခြင်းဖြစ်ပါတယ်။ ပြောင်းမယ် ဆိုရင် စိတ်ကူးစိတ်သန်း အတွေးအခေါ်တွေကအစ ပြောင်းဖို့လိုတယ်။ အဓိက ပြောချင်တာက

အတွေးအခေါ်ရော အကောင်အထည်ဖော် ဆောင်ရွက်မှုမှာပါ မြန်နှုန်းမြင့်ဖို့ လိုပါတယ်။

အချိန်နဲ့ တစ်ပြေးညီ ဖြစ်ဖို့လိုပါမယ်။ ဂလိုဘယ်လိုက်ဇေးရှင်းမှာ မြန်နှုန်းမြင့် လိုက်နိုင်ဖို့လိုပါတယ်။ ကိုယ့်ရေမြေသဘာဝ ယဉ်ကျေးမှုဆိုင်ရာ သဘောတရားတွေကိုလည်း မယိုင်လဲပဲ ရင်ဆိုင်နိုင်ရပါမယ်။ အခု (၅) နှစ်ကတော့ ဖောင်ဒေးရှင်းနဲ့ပဲ ပြီးသွားမယ်ထင်ပါတယ်။

မျိုး။ ။ဆရာပြောသွားတဲ့အထဲမှာ မြန်နှုန်းဆိုတာ ပါလာတယ်။ ဥပမာပြောရရင် ဆွေးနွေးပွဲ ဆိုပြီးလုပ်တယ်။ အချက် (၁၀) ချက် ဆွေးနွေးကြတယ်။ အစိုးရဘက်ကလူတွေက (၁၀) ချက်မှာ (၅) ချက် လက်ခံတယ်။ ကျန်တဲ့ (၅) ချက် ပြန်တင်ပြရဦးမယ်။ တစ်ခြားဘက်က လူတွေက (၁၀) ချက်လုံးကို လက်ခံမခံ ဆုံးဖြတ်ချက်ပေးနိုင်တယ်။ အရာရာမှာ စေတနာအရင်းခံပါတယ်။ ဘယ်ကိစ္စမဆို လွယ်လွယ်ကူကူ အောင်အောင်မြင်မြင် ဖြေရှင်းချင်ကြတာပဲ။ ကျွန်တော်တို့မှာ နေးကွေး

နေတာတွေ အများကြီးပါ။ ဗဟိုချုပ်ကိုင်မှု လျော့ချဖို့လိုပါမယ်။ နှေးကွေးနေတယ် ဆိုရင်လည်း ကျွန်တော်တို့ ပေဖန်ပါဦးမယ်။ ပြည်သူတွေဆီကလည်း အသံတွေ ကြားနေရဦးမှာပါ။

စိုး။ ။နှေးကွေးခြင်းကလည်း ခေတ်နဲ့လျော်ညီတဲ့ နည်းပညာကို အသုံးမပြုတာလည်း တစ်ကြောင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ e-government စလုပ်ခဲ့တာ ကြာပါပြီ။ အခုထိ အကောင်အထည် မပေါ်သေးပါ။ တကယ်တော့ ဒီလောက်ကြာစရာ အကြောင်းမရှိပါဘူး။ ဖြစ်မလာအောင် ဖျက်လိုဖျက်ဆီးလုပ်နေတဲ့ အဆင့်တစ်နေရာရာမှာ ရှိနေပါလိမ့်မယ်။ ကျွန်တော် မြင်နေကြားနေရတာတွေက လုပ်နိုင်တဲ့ လုပ်တတ်တဲ့သူကို တာဝန်မပေးပဲ ကိုယ်နဲ့ပတ်သက်တဲ့ သူတွေကို တာဝန်ပေးတာတွေကလည်း မပြီးမြောက်ရတဲ့ အကြောင်းရင်း တစ်ခုလို့ ထင်ပါတယ်။ အခုခေတ်မှာ e- government အကောင်အထည် မပေါ်ပဲ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု အောင်မြင်ဖို့ မလွယ်ကူသလို မြန်နှုန်း အားဖြင့်လည်း နှေးကွေးနေမှာ ဖြစ်ပါတယ်။

မျိုး။ ။ဟုတ်တယ်ဆရာ၊ ကျွန်တော့်မိတ်ဆွေတွေက အဆင့်မြင့် လူကြီးတစ်ယောက်ဆီကို ဆောင်ပဲလ်တွေ သွားပြီးရှင်းပြပါတယ်။ အဲဒီ ပုဂ္ဂိုလ်ကြီးက ရှင်းပြတာနားထောင်ပြီး ဒါဆိုရင် ဒို့ရဲ့အချက်အလက်တွေ အားလုံး လူတွေသိကုန်မှာပေါ့လို့ ပြန်ပြောပါတယ်။ အချက်အလက်တွေ ပွင့်လင်းမြင်သာနေရင် လုပ်ရကိုင်ရ ခက်သွားမှာပေါ့ဆရာ။ ဆရာရဲ့ နိဂုံး စကားလေးပြောပေးပါဦး။

စိုး။ ။နောက်ဆုံးတစ်ချက်က နိုင်ငံတကာမျက်နှာစာမှာ အလေး အနက်ထား လုပ်နေကြတာ Fore Sight ဖြစ်ပါတယ်။ အနာဂတ်ကို

မျော်ကြည့်တာပေါ့။ ဒါကိုလည်း စိမံကိန်းချမှတ်ပြီး လုပ်ဆောင်ဖို့ လိုပါတယ်။ ဒီအတွက် မဟာဗျူဟာဌာနလိုပါတယ်။ မူဝါဒ ရေးဆွဲရာမှာ အချက်အလက် ပြည့်ပြည့်စုံစုံနဲ့ ရရှိဖို့လိုပါတယ်။ မူဝါဒ ချမှတ်ရာမှာ အမြင်တို့ ဗဟုသုတတို့လောက်နဲ့တင် ဆုံးဖြတ်လို့မရပါ။ အောက်ခြေ အချက်အလက် ပြည့်စုံဖို့နဲ့ သုံးသပ်ချက်တွေ မှန်ကန်ဖို့လည်း လိုပါမယ်။ တရေးနိုးအိပ်မက်တွေ၊ မှားယွင်းတဲ့ အချက်အလက်တွေကို အခြေခံပြီး မူဝါဒ ချမှတ်ခဲ့တာတွေကြောင့် တိုင်းပြည်နစ်နာခဲ့တာ ကြာခဲ့ပါပြီ။ အာဆီယံမှာတောင် မြန်မာနိုင်ငံက မှန်ကန်တဲ့အချက်အလက် ထုတ်ပြန်မှု အားနည်းတယ်လို့ ပြောကြဆိုကြပါတယ် ဆရာ။ အကောင်အထည်ဖော်မှုကိုလည်း အောင်မြင်မှုရှိမရှိ ပြည်သူတွေရဲ့ တုန့်ပြန်မှုကို ဆန်းစစ်ရပါတယ်။

မျိုး။ ။ ကျွန်တော်တို့မှာ ပြဿနာတွေ ရှိပါတယ်။ ဒါပေမယ့် ဖြေရှင်းလို့မရတဲ့ ပြဿနာတွေ မဟုတ်ပါဘူး။ ဖြေရှင်းတတ်ရင် ပြေလည်သွားမှာပါ။ အုပ်ချုပ်ရေး ယန္တရားကိုလည်း ပြောင်းလွယ်ပြင်လွယ် တည်ဆောက်ဖို့ လိုပါတယ်။ နောက်တစ်ချက်က မြန်မြန်ဆန်ဆန် ဖြေရှင်းနိုင်အောင် ပြင်ဆင်ထားဖို့ လိုပါမယ်။

စိုး။ ။ကျွန်တော်တို့နိုင်ငံကို သုံးသပ်ကြတဲ့နေရာမှာ အများစုနားလည်ထားတာ သတိပြုမိကြတာက စိမံခန့်ခွဲမှုပါပဲ။ ဒါကြောင့် အဓိက ပြုပြင်ရမှာက စိမံခန့်ခွဲမှု ဖြစ်ပါတယ်။ အဆင့်တိုင်းမှာ စိမံခန့်ခွဲမှု ကောင်းမွန်အောင် တည်ဆောက်ရမှာဖြစ်ပါတယ်။ ပြည်သူတွေ စည်ကမ်းမရှိလို့ ပြည်သူတွေ ကွမ်းတံတွေးထွေးလို့ တိုင်းပြည်မတိုးတက်တာ မဟုတ်ပါ။ ကျွန်တော် မနှစ်သက်တဲ့ ဆိုရိုးတစ်ခု ရှိပါတယ်။

မြန်မာတွေ စည်းကမ်းဖောက်လို့ ထီးနန်းပျောက်ရတယ်တဲ့။

အုပ်ချုပ်ရေး ယဉ်ကျေးမှု နောက်ကျကျန်ခဲ့တာကို ထောက်ပြ ရမယ့်အစား ပြည်သူတွေဘက်ကို အပြစ်တင်လိုက်တာ ဘဂဝင်မကျဘူး ဆရာ။ ဂေဖန်သူတွေက အများအားဖြင့် မဇ္ဈိမာပတိပ္ပတ္တဲ့ ပြည်သူ ဘက်ကို ပုံချလိုက်ကြတာမျိုး များပါတယ်။

အများမြင်သာပြီး မပြုပြင်ခဲ့တဲ့အချက်က အစိုးရဟာ သူတို့ရဲ့ စီမံခန့်ခွဲမှု အားနည်းတာကို လက်မခံပဲ အကောင်အထည် ဖော်မှုတွေကို များများလုပ်ဆောင်ပါတယ်။ အစိုးရရဲ့တာဝန်ဟာ စစ်ဆေးကြပ်မတ်မှု များကိုသာ တာဝန်ယူဖို့ ဖြစ်ပါတယ်။ အကောင်အထည်ဖော်မှု အပိုင်းကို ပုဂ္ဂလိကအား ပေးရပါမယ်။ နိုင်ငံတော် တည်ဆောက်ရာမှာ ပြည်သူတွေက ကိုယ်တိုင်ပါဝင်နေတယ်လို့ ထင်မြင်စေရပါမယ်။ တချို့ သော လော်ဘီတွေက ပြည်သူ့အားနည်းချက်ကိုသာ ထောက်ပြ ကြတော့ အစိုးရအဖွဲ့ အုပ်ချုပ်သူတွေက သူတို့ မူဝါဒအားနည်းချက်နဲ့ ဝန်ထမ်းတွေရဲ့ အားနည်းချက်ကို လျစ်လျူရှုပြီး တိုင်းသူပြည်သားတွေ အပေါ်သာ အပြစ်မြင်နေပါတော့တယ်။ နောက်ဆုံးတော့ အစိုးရနဲ့ ပြည်သူဟာ ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်ကြရပါတယ်။

နောက်ဆုံးပြောရရင် ဘယ်လိုစီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးသည် ဖြစ်စေ လူသားတို့ရဲ့ တစ်ကိုယ်ကောင်းစိတ်နဲ့ လောဘတွေကြောင့် အားနည်းချက်တွေ ဖြစ်ပေါ်နိုင်ပါတယ်။ ဥပဒေပြုရေး အုပ်ချုပ်ရေး မဏ္ဍိုင်အတွက် တာဝန်ရှိသူတွေကို စီးပွားရေးသမားတွေက စပါးကြီး မြွေလို အရင်ညှို့ပြီးမှ တစ်ဖြည်းဖြည်းချင်း ဂါးမြိုလေ့ရှိပါတယ်။ အညှို့ ခံရပြီလို့ သိတဲ့အချိန်မှာ ရုံးမထွက်နိုင်တော့ပါ။

> ဒါကြောင့် မျက်မှောက်ခေတ် အုပ်ချုပ်မှုနဲ့ စီမံခန့်ခွဲမှု ပုံစံ များမှာ ပွင့်လင်းမြင်သာမှုကို ကျင့်သုံးလာကြတာ ဖြစ်ပါ တယ်။ ပွင့်လင်းမြင်သာမှု မရှိဘူးဆိုရင် စပါးကြီးမြွေရဲ့ ဂါးမြိုခြင်း ခံနေရပြီလို့ မှတ်ယူနိုင်ပါတယ်။

နောင်လာမယ့် အစိုးရသစ်ဟာ ပွင့်လင်းမြင်သာမှုရှိဖို့၊ လွတ်လပ်စွာ ယှဉ်ပြိုင်ခွင့်များ ပေါ်ပေါက်စေဖို့၊ စစ်ဆေးကြပ်မတ်မှု၊ ကွပ်ကဲမှု၊ မှန်မှန်ကန်ကန် ဝင်ရောက်စွက်ဖက်မှုတွေ လုပ်ပေးနိုင်ပါစေလို့ မျှော်လင့်ပါတယ်။ E government စနစ်ကိုလည်း အကောင်အထည်ဖော်ဖို့ လိုပါတယ်။ နောက်တစ်ခုက GIS government information service ထူထောင်ဖို့ လိုပါတယ်။ မျက်မှောက်ခေတ် အရှုပ်အထွေးတွေကို ဒီစနစ်နှစ်ခုမရှိပဲ မဖြေရှင်းနိုင်ပါလို့ သုံးသပ်တင်ပြလိုက်ပါတယ်။



ယဉ်ကျေးမှုရေးရာအဖြာဖြာ

မျိုး။ ။ ယဉ်ကျေးမှုနဲ့ပတ်သက်လို့ လတ်တလော ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်(၃)ခုရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ ဆရာနဲ့ဆွေးနွေးလို့ ရှိရင် အဖြေတစ်စုံတစ်ရာ ရနိုင်မယ်ထင်လို့ ဆွေးနွေးချင်ပါတယ်။ ပထမ ဆုံးအချက်ကတော့ နည်းနည်းကြာနေပြီဖြစ်ပါတယ်။ ခုထိလည်း မပြီး ပြတ်သေးတော့ ဆွေးနွေးချင်ပါတယ်။

ပုဂံနဲ့ပတ်သက်လို့ ယူနက်စကိုက ကမ္ဘာ့အဓမ္မအနှစ် တင်သွင်း ဖို့ စီစဉ်နေတယ်လို့သိရပါတယ်။

ဒီအခါမှာ မလွတ်မကင်းတာတွေ ရှိလာတယ်လို့သိရပါတယ်။ လွန်ခဲ့တဲ့အနှစ် (၂၀)လောက်က ပုဂံကိုနေရာချထားခဲ့ ပါသေးတယ်။ အခု ဘယ်လိုကြောင့် ပြဿနာတွေဖြစ်ပွားနေလဲတော့ မသိပါဘူး။ ဆရာဆွေးနွေးပေးပါဦး။

စိုး။ ။ကျွန်တော်တို့ဆွေးနွေးကြတဲ့အခါမှာ မျက်မြင်တော့မဟုတ်ဘူး။ သတင်းတွေကနေ ပြည်သူတွေဆီကနေရရှိတဲ့ အချက်အလက်တွေ အတွေ့အကြုံတွေကိုအခြေခံပြီး အနုမာန မှန်းဆဆွေးနွေးတယ်ဆိုတာ ကြိုတင်ရှင်းပြလိုပါတယ်။

ယဉ်ကျေးမှုနယ်မြေတွေမှာ အဆောက်အဦး ဆောက်လုပ်တော့မယ်ဆိုရင် ယဉ်ကျေးမှုပန်ကြီးဌာနက ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံချက်ယူရတယ်။ သက်ဆိုင်ရာ ဒေသအာဏာပိုင်တွေဆီက ဆောက်လုပ်ခွင့် ယူရတယ်ဆိုတာ လူတိုင်းနီးပါး သိရှိကြပါတယ်။ စီးပွားရေးသမားတွေက ပိုသိတာပေါ့ဆရာ။ ပြောရရင် ပုဂံနဲ့ပတ်သက်လို့ လွန်ခဲ့တဲ့ကာလက ရှင်းလင်းတဲ့အခါ အပြောင်ရှင်းမဟုတ်ဘဲ တစ်မျိုး နေရာတွေမှာ အဆောက်အဦအသေးစားတွေ ကျန်ရှိခဲ့တယ်ထင်ပါတယ်။ ကျွန်တော်တို့သွားလည်တဲ့အခါ တွေ့ခဲ့ဖူးပါတယ်။ အဲဒီကနေ တစ်ဆင့် မလိမ့်တပတ်ခွင့်ပြုချက်မျိုးတွေနဲ့ တဖြည်းဖြည်းချင်း တိုးချဲ့ရာကနေ ဟိုတယ်တွေအထိ ဖြစ်လာတယ်လို့ ယူဆပါတယ်။ ဌာနဆိုင်ရာ ပန်ထမ်းတွေထဲမှာ စည်းကမ်းလိုက်နာသူရှိသလို စည်းလွတ်ဘောင်လွတ် လုပ်ရဲသူတွေရှိပါတယ်။ စီးပွားရေးသမားတွေက အချိန်ကို စောင့်ဆိုင်းပြီး ဥပဒေကို ကျော်လို့ရနိုင်မယ့် အချိန်နဲ့ လူပုဂ္ဂိုလ်တွေကို တွက်ချက် လုပ်ကိုင်သွားကြတာ ဖြစ်နိုင်ပါတယ်။ ကားတင်သွင်းခွင့်တွေ အခွန်သတ်မှတ်ချက်တွေ အမျိုးမျိုး ပြောင်းနေတာမျိုးပေါ့ဆရာ။ နိုင်ငံတော်မူပါဒနဲ့ အမိန့်နဲ့လုပ်ဆောင်ရင် ဟိုတယ်တွေကို ဖယ်ခိုင်းလို့ ရပါတယ်။ ဒါပေမဲ့ မျက်နှာထောက်ထားစရာတွေရှိနေလို့ ထင်ပါတယ်၊ ကြန့်ကြာနေတာပေါ့။

မျိုး။ ။ ဟိုတယ်ခရီးပန်ကြီးဌာနကလဲ တိုင်းပြည်အတွက် ဂုဏ်ဒွေ ရှာပေးနေတာဖြစ်ပါတယ်။ ခုဆိုရင် ပုဂံကို ခရီးသွား (၃) သိန်း ရောက်မယ်လို့ မှန်းထားပါတယ်။ သူတို့ ဘယ်မှာတည်းကြမလဲ၊ ယဉ်ကျေးမှုပန်ကြီးဌာနကလဲ ရှေးဟောင်းမြို့တော်ဖြစ်တယ်။ ရှေးဟောင်း အဓမ္မအနှစ်သတ်မှတ်ဖို့လိုတယ်။ ဘယ်လို ဖြေရှင်းကြမလဲ သိချင်မိပါတယ်။

စိုး။ ။ဟိုတယ်ဇုံတွေသတ်မှတ်ပေးရင် ဖြစ်နိုင်ပါတယ်။ ယခုသတင်းတွေမှာတွေ့နေရတာက အရင်အဓိန့်ကို လိုက်နာပြီး သတ်မှတ်နေရာမှာ ဟိုတယ်ဖွင့်တဲ့သူတွေက တိုင်ကြားတာဖြစ်ပါတယ်။ သူတို့ဖယ်ပေးလိုက်ရတဲ့ နေရာတွေမှာ ဟိုတယ်ဆောက်တဲ့လူတွေကို တိုင်ကြားတာဖြစ်ပါတယ်။ ဇဖ်ဘုတ်မှာ ဖတ်ဖူးလိုက်ပါတယ်။

မျိုး။ ။နိုင်ငံတော် မူဝါဒပေါ်လစီနဲ့ ရှင်းရမှာပေါ့။ ယဉ်ကျေးမှု အဓမ္မအနှစ်က တန်ဖိုးကြီးပါတယ်။ ဟိုတယ်ဆိုတာ ပြန်ဆောက်လို့ရပါတယ်။

စိုး။ ။အစိုးရအပြောင်းအလဲမှာ ဘယ်လိုမူဝါဒ ချမှတ်မယ်ဆိုတာ ဧစောင့်ကြည့်ရပါမယ်။ အရင်ကကျန်ခဲ့တဲ့ အရှုပ်ထုပ်တွေကို ဘယ်လို ရှင်းမလဲ စီးပွားရေးလုပ်ငန်းရှင်တွေကိုပဲ သက်ညှာမလား၊ ယဉ်ကျေးမှု အဓမ္မအနှစ်ကိုပဲ ဦးစားပေးမလား။ တစ်ခုတော့ကောင်းပါတယ်။ မျက်နှာနာဖို့တော့ မရှိလောက်ပါဘူး။

မျိုး။ ။နောက်တစ်ချက်က ခုတလောသတင်းတွေမှာ ပျံ့နှံ့နေတဲ့ လေဆိပ်အဆောက်အဦး တိုးချဲ့ရာက ပျက်စီးသွားရတဲ့ ဆရာကြီးဦးဘကြည် ပန်းချီကားချပ်အကြောင်း ဖြစ်ပါတယ်။ ဆရာကြီးရဲ့လက်ရာ ပန်းချီတွေကို နိုင်ငံတကာ ပန်းချီပညာရှင်တွေက ချီးကျူးကြရပါတယ်။ ပန်းချီကား လေးကားလို့သိရပါတယ်။ ဆောက်လုပ်ရေးကုမ္ပဏီက ဘာလို့ လက်လွတ်စပွါယ်လုပ်ရတာလဲ။ ယဉ်ကျေးမှုဂန်ကြီးဌာနက တားဆီးတာမျိုး မလုပ်ခဲ့ဘူးလား သိချင်ပါတယ်။

စိုး။ ။ ကျွန်တော် ခုဘဲ ယဉ်ကျေးမှုဂန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနက ထုတ်ပြန်ထားတဲ့ ဥပဒေကို ဖတ်ရှုခဲ့ပါတယ်။

ရှေးဟောင်းအမွေအနှစ် ပတ္ထုပစ္စည်းဆိုတာ လွန်ခဲ့နှစ်ပေါင်း တစ်ရာလို့ သတ်မှတ်ပါတယ်။ ဒီပန်းချီကားက နှစ်ပေါင်းတစ်ရာမကျော်သေးတော့ ဥပဒေနဲ့အကျုံးမဝင်တော့ဘူး။ ဒါဆိုဘယ်လိုအရေးယူ ဆောင်ရွက်ကြမလဲ။ ပါဝင်ပတ်သက်သူတွေရဲ့ ခံယူချက်နဲ့ပဲ ဆိုင်သွားတော့တယ်။ ငွေကြေးသုံးစွဲမှုတွေပါလာတော့ ဖြစ်နိုင်ရင်လက်ရှောင်ချင်တဲ့ သဘောတွေရှိလာမှာပေါ့။

> ဒါကိုသင်ခန်းစာယူပြီးလုပ်သင့်တာတစ်ခုရှိပါတယ်။ အမျိုးသားအမွေအနှစ်တန်းဝင်ရတာနှာ ဥပဒေပါ။ တခြားနိုင်ငံတွေမှာရှိပါတယ်။ သမိုင်းကြောင်းနဲ့ နှစ်ကာလတွေနဲ့ မသက်ဆိုင်ပဲ လက်ရာတန်ဖိုး အနုပညာတန်ဖိုးအပေါ်မှာ သတ်မှတ်တာဖြစ်ပါတယ်။ အဲဒီဥပဒေရှိခဲ့ရင် တရားဝင်ကာကွယ်ခွင့်ရမှာပါ။ ဒါကို ရေးဆွဲရကောင်းမှန်း မသိခဲ့ကြပါ။ တင်ပြရမယ့်သူတွေလား၊ မူဝါဒချမှတ် ဖေးရမယ့်သူတွေလား ဆရာပဲ မှန်းဆကြည့်ပါတော့။ အခုဓနာက်ထပ် မမှားရအောင် ဒီဥပဒေကို အမြန်ဆုံးရေးဆွဲကြဖို့ တိုက်တွန်းလိုပါတယ်။

မျိုး။ ။ ဆရာက လစ်ဟာနေတဲ့အပိုင်းကို ထောက်ပြတာ အင်မတန်မှအကျိုးရှိပါတယ်။ နောင်တက်လာမယ့် အစိုးရအတွက် အသုံးတည့်မှာပါ။ ဓနာက်ထပ်ရှိပါသေးတယ်၊ ဆေးတက္ကသိုလ်ထဲမှာရှိပါတယ်။ ဦးနန်းဖေတို့ ဗချီအောင်စိုးတို့ရဲ့ နံရံပန်းချီကားတွေပေါ့။ မြန်မာနိုင်ငံ ဓလတ်သစ်ပန်းချီသမိုင်းကိုဦးဆောင်ခဲ့ကြတဲ့ ဦးခင်မောင်ရင်၊ ဦးဘရင်ကဓလေးတို့ရဲ့ပန်းချီကားတွေ၊ ဦးသိန်းဟန်၊ ပေါ်ဦးသက် တို့လက်ရာတွေဟာ အစားထိုးလို့မရတော့ပါဘူး။ ကျွန်တော်တို့ ဘယ်လိုထိန်းသိမ်းကြမလဲ။ ဓလတ်သစ်ပန်းချီအကြောင်းပြောမယ်ဆိုရင် မရှိမဖြစ်လေ့လာကြည့်ရှုဖို့သင့်တဲ့ ပန်းချီတွေဖြစ်ပါတယ်။ ကျွန်တော်တို့

ငယ်ငယ်တုန်းကပေါ့။ ကျွန်တော်တို့ဆရာက ပန်းချီနဲ့ပတ်သက်လို့ ရှင်းပြတဲ့အခါ အမျိုးသားပြတိုက်က ဦးဘဉာဏ်ရဲ့ ပန်းချီကားချပ်တွေကိုပြသပြီး ရှင်းပြခဲ့ပါတယ်။ အခုတော့ ကျွန်တော်တို့ ဘယ်ပန်းချီကားချပ်တွေ ကိုလေ့လာရမလဲ။ အမျိုးသားပြတိုက်မှာ ထိန်းသိမ်းထားသင့်ပါတယ်။

စိုး။ ။ ကျွန်တော်တို့ဆီမှာ အနုပညာပြတိုက် မပေါ်ပေါက်သေးတာလဲ အကြောင်းရင်းတစ်ခုဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာ အနုပညာပြတိုက်ဟာ အမျိုးသားအဆင့်ထားရှိပြီး အမျိုးသားပြတိုက်နဲ့ တန်းတူထားရှိကြပါတယ်။ ကျွန်တော်တို့ဆီမှာ အနုပညာ ကျဆင်းနေရတာ ဒါလဲ အကြောင်းရင်းတစ်ခု ဖြစ်မယ်ထင်ပါတယ်။

မျိုး။ ။ကျွန်တော်ထင်ပါတယ်။ အနုပညာအစွမ်းကို ကြောက်တာလဲ ဖြစ်နိုင်ပါတယ်။ အနုပညာက လွတ်လပ်မှုကို ဦးစားပေးတော့ ဒါကို မနှစ်သက်လို့ ပြတိုက်ပေါ်ပေါက်မလာတာဖြစ်မှာပါ။

မျိုး။ ။နောက်ဆုံးတစ်ချက်က ပူပူနွေးနွေးဖြစ်ပျက်သွားတဲ့ ဆရာကြီးမြို့မငြိမ်းရဲ့ တူးဝိုသီချင်းကိစ္စဖြစ်ပါတယ်။ ဒိန်းမတ်ဘီယာကုမ္ပဏီက ဘီယာ နာမည်ပေးဖို့ လုပ်တာဖြစ်ပါတယ်။ တူးဝိုကိုကြားရင် မန္တလေးဒိုးသံ မန္တလေးသက်ကြိန်ကို အမှတ်ရမိကြပါတယ်။ ဒြပ်မဲ့ယဉ်ကျေးမှုတစ်ခုဖြစ်ပါတယ်။ ဒါကို ဘီယာနဲ့တွဲမြင်ဖို့ဆိုတာ မဖြစ်သင့်ပါ။ ဆရာကြီးမြို့မငြိမ်းမိသားစုက ခွင့်မပြုခဲ့ပါ။ ဒီလိုပဲ မန္တလေးဘီယာ၊ မြန်မာဘီယာစသဖြင့် ကျွန်တော်တို့ရဲ့ အဖမွှအနှစ်တွေကို အရက်ဘီယာနဲ့ တွဲမြင်ဖို့ မသင့်ဘူး ထင်ပါတယ်။ နောက် ဒဂုံဘီယာ၊ ဒဂုံဆိုတာ မွန်တွေ

တည်ထောင်ခဲ့တဲ့ မြို့တော်ဟောင်း သမိုင်းဂင်အမည်ပါ။ ပြောစရာတွေက များပါတယ်။

စိုး။ ။ ဒီနေရာမှာလဲ အသိဉာဏ်ဆိုင်ရာ မူဝိုင်ခွင့်ဥပဒေ မရှိသေးဘူးထင်ပါတယ်။ နောက်တစ်ချက်က နိုင်ငံရဲ့အမွေအနှစ် အထိမ်းအမှတ် ဆိုင်ရာတွေကိုသုံးစွဲရင် နိုင်ငံတော်ကို ထိုက်သင့်တဲ့အခွန်ဝွေ ပေးဆောင်ရမယ့် ဥပဒေလည်း ရှိသင့်ပါတယ်။

ဥပဒေတွေဟာ အလွန် အရေးကြီးပါတယ်။ ကျွန်တော်တို့မှာ ဟောင်းလွန်းတဲ့ ဥပဒေတွေတောင် မပြင်နိုင်သေးပါဘူး။ ခေတ်နဲ့ လျော်ညီတဲ့ ဥပဒေတွေကို မြန်မြန်ဆန်ဆန် ရေးဆွဲဖို့လဲ အရေးကြီးပါတယ်။

မျိုး။ ။ နိုင်ငံတော်ကရသင့်တယ်ဆိုတာ မှန်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေနဲ့လုပ်နေကြတာပဲ။ နိုင်ငံတော်အတွက် နစ်နာပါတယ်။ ခုဆိုရင် ဝိုပြီးသတိထားရပါတော့မယ်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ လိုမ့်ဂင်လာတော့မယ်။ ကြိုတင်ပြင်ဆင်သင့်ပါတယ်။ ယဉ်ကျေးမှု ဆိုင်ရာတွေကို ဂင်ရောက်စွက်ဖက်မယ့် ယဉ်ကျေးမှုဂန်ကြီးဌာနဆိုတာ အဆင့်စိလိုက်ရင် နောက်ဆုံးနားမှာထင်ပါတယ်။ ဒါကိုလဲပြင်သင့်ပါတယ်။

ကျွန်တော်တို့ အာဏာရှင်စနစ်အောက်မှာ နေခဲ့ရတော့ အများကြီး နောက်ကျကျန်ခဲ့တာပေါ့။ တန်းမီ အဆင့်မီဖြစ်ဖို့ အများကြီး ကြိုးစားကြရပါဦးမယ်။ ဆရာရဲ့နိဂုံးစကားပြောပေးပါဦး။

စိုး။ ။ကျွန်တော်တို့ အာဏာရှင်စနစ်ကနေ ဒီမိုကရေစီကို ခုန်ပျံကျော်လွှားကြရမှာဖြစ်ပါတယ်။ ပါဂင်သူတွေအားလုံး အဓမ္မာအမြင် ရှိကြဖို့၊ စည်းစိမ်ယစ်မူးမနေကြဘဲ တာဂန်သိသိပါဂင်ကြဖို့ ပြောလိုပါတယ်။



ယဉ်ကျေးမှုထိန်းသိမ်းခြင်းနှင့်မြှင့်တင်ခြင်း

မျိုး။ ။ဒီကနေ့ ယဉ်ကျေးမှုနှင့် ပတ်သက်ပြီးပြဿနာများစွာ ရှိနေပါတယ်။ စဉ်းစားမရ ဖေခွဲမရစရာတွေလည်း များပြားပါတယ်။ ယနေ့ကမ္ဘာမှာ ကျယ်ကျယ်လောင်လောင် ဖြာနေကြ ဆွေးနွေးနေကြပါတယ်။ ယဉ်ကျေးမှုဆိုတဲ့ စကားဟာ "civilization" ကိုဆိုလိုတာလား။ culture ကိုဆိုလိုတာလား။ တစ်ခြားနိုင်ငံတွေမှာ သီးခြားစီရှိတယ်လို့ သိရပါတယ်။ ဆရာ့အမြင်ဆွေးနွေးပေးပါ။

စိုး။ ။၁၉ ရာစုမှာ မနုဿဗေဒပညာရှင်တစ်ဦးက culture ကို စသုံးခဲ့ပါတယ်။ အဆင့်မြင့်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကို ဆိုလိုချင်တာဖြစ်တယ်။ နောက်ပိုင်း မနုဿဗေဒမှာ လူမှုအဖွဲ့အစည်း အသီးသီးရှိ လူသားများ နေထိုင်စားသောက်ပုံလို့ ဖွင့်ဆိုလာကြတယ်။ ယုံကြည်ကိုးကွယ်မှု၊ ဘာသာစကား၊ အစားအသောက်၊ ပတ်စားဆင်ယင်မှု၊ နည်းပညာ၊ နိုင်ငံရေးစီးပွားရေးစသဖြင့် ကျယ်ပြန့်စွာ ပါဝင်ပါတယ်။ လူသားတို့ရုပ်ပိုင်းနှင့် စိတ်ပိုင်းကို လေ့ကျင့်ပျိုးထောင်ရင်း တဖြည်းဖြည်းချင်း တိုးတက်လာမှုလို့ အဓိပ္ပါယ်ဖွင့်ဆိုလာကြတယ်။ civilization ကတော့ နောက်ပိုင်းမှသုံးလာတာဖြစ်ပြီး ယဉ်ကျေးမှုတွေ ပေါင်းစည်းထားတဲ့သဘောပါ။ ဗဟုသဘောဆန်ပါတယ်၊ ယဉ်ကျေးမှုကတော့

ဖကဟုဒ်သဘောဆန်ပါတယ်။ နိုင်ငံတစ်နိုင်ငံလူမျိုးတစ်မျိုးတို့မှာ သုံးဖလှ ရှိပါတယ်။

မျိုး။ ။political culture, company culture အမျိုးမျိုး ရှိတာပေါ့ နော်။ ဒေါက်တာသန်းထွန်းက "culture" ကို ဓလေ့လို့ ပြောခဲ့ပါတယ်။ ဆရာ့အမြင် ပြောပါဦး။

စိုး။ ။ယဉ်ကျေးမှုဟာ ဓလေ့တစ်ခုထက်ပိုပါတယ်။ စိတ်ပိုင်းရုပ်ပိုင်း ဖွံ့ဖြိုးတိုးတက်တဲ့သဘော၊ ဓလေ့ အသိဉာဏ်အားလုံး ပါဝင်ပါတယ်။ ယဉ်ကျေးမှုမှာ အလွှာတွေကွဲပြားပါတယ်။ အမျိုးသားယဉ်ကျေးမှု၊ တိုင်းရင်းသားယဉ်ကျေးမှု၊ ယုံကြည်မှု၊ အသက်ရွယ်အလိုက် ကွဲပြားသော ယဉ်ကျေးမှု၊ လိင်ကွဲပြားမှု၊ သက်ဓမ္မဟမ်းကြောင်းဆိုင်ရာ၊ အဖွဲ့အစည်းယဉ်ကျေးမှု စသဖြင့် အလွှာအမျိုးမျိုးကွဲပြားပါတယ်။

မြန်မာနိုင်ငံမှာ ယဉ်ကျေးမှုဆိုတဲ့ ဂေါဟာရကို culture ဆိုတာတောင် ကျဉ်းနေသလိုပါပဲ။ မူလက polite ကို ကိုယ်နှုတ် နှစ်မျိုးလုံး ယဉ်ကျေးသိမ်မွေ့တယ်ဆိုတဲ့ အဓိပ္ပါယ်ပါ။ အများစုအမြင်မှာလည်း ယဉ်ကျေးမှုဆိုရင် သုခုမပညာရပ်တွေဖြစ်တဲ့ ပန်းချီ၊ ပန်းပု၊ ဂီတတွေလို့ပဲ မြင်ကြပါတယ်။ ဂေါဟာရကြောင့်လည်း ယဉ်ကျေးမှုဟာ နောက်ကျကျန်ခဲ့တယ်လို့ ဆိုချင်ပါတယ်။

ဥရောပမှာ ဓလတ်ကာလ အိုင်းအရောကို စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှု ပြောင်းလဲတာနဲ့ ခွဲခြားသတ်မှတ်ကြပါတယ်။ မြန်မာနိုင်ငံမှာဓတော့ ထီးနန်းစိုက်ရာပြို့နဲ့ ပိုင်းခြားပါတယ်။

ဥပမာ ဥရောပမှာ ဉာဏ်သစ်အရေးဓတော်ပုံဓလတ်၊ ဉာဏ်အလင်းဓလတ်၊ စက်မှုဓလတ်၊ သတင်းအချက်အလက်ဓလတ် စသဖြင့် သုံးနှုန်းပြီး မြန်မာပြည်မှာ ပုဂံဓလတ်၊ အင်းဝဓလတ်၊ ပင်းယဓလတ်

စသဖြင့် သုံးနှုန်းကြပါတယ်။ ဒါကြောင့် စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှု အပြောင်းအလဲကို ဂရုမပြုကြတော့ပဲ နှစ်ပေါင်းများစွာ နောက်ကျကျန်ခဲ့ပါတယ်။ အကြံပြုချင်တာက culture ကို ဖလှယ်မယ်ဆိုရင် ပါဠိ ကနေ ယူရပါမယ်။ Education ကို ပညာလို့ယူလိုက်တာ လေးနက်မှု ပိုရှိစေပါတယ်။ ကျွန်တော်တို့ဆီမှာ ဂေါဟာရကို အလေးမထားကြတော့ တာလည်း အတွေးအခေါ်အားနည်းပြီး ယဉ်ကျေးမှုနိမ့်ကျစေတာ တွေ့ရပါတယ်။

မျိုး။ ။အမျိုးမျိုးသော ပညာရှင်များက ပြောကြတယ်။ မြန်မာ့ ယဉ်ကျေးမှုဆိုတာ ပုဂံခေတ်ကလို နေတာ ထိုင်တာ၊ ပြုမူတာ၊ ဂတ်စား ဆင်ယင်မှုကသာ မြန်မာ့ယဉ်ကျေးမှု။ ကုန်းဘောင်ခေတ်ကိုသာ မြန်မာ့ ယဉ်ကျေးမှု စစ်တယ်၊ ဂိတိုရိယဘုရင်မခေတ်က ဂတ်စားဆင်ယင်မှု တွေကို မြန်မာယဉ်ကျေးမှုမှန်တယ်လို့ ထင်နေပြီး ရေးကြပြောကြ တာတွေရှိပါတယ်။ ဆရာ့ အမြင်ဆွေးနွေးပေးပါဦး။

စိုး။ ။မြန်မာဟာ သမိုင်းကြောင်းက ရှည်လျားပါတယ်။ ဒါကြောင့် သမိုင်းဂန်ဝိတယ်။ ကိုလိုနီခေတ်ကို ဖြတ်သန်းခဲ့ရတဲ့အတွက် ကိုလိုနီ ဂန်ဝိတယ်။ အဲဒီကတစ်ဆင့် ကိုလိုနီကျန်ပြု ခံရတဲ့အတွက် အနောက် တိုင်းမုန်းတီးရေး ဂန်ဝိပြန်တယ်။ မြန်မာတွေအနေနဲ့ ငါတို့ ယဉ်ကျေးမှု ကို အနောက်တိုင်းယဉ်ကျေးမှုက လွှမ်းမိုးနေပြီ။ ငါတို့ မြန်မာတွေက လူသားတွေထဲမှာ ယဉ်ကျေးမှု အလွန်မြင့်တဲ့လူမျိုး ဖြစ်တယ်ဆိုတဲ့ ကျဉ်မြောင်းတဲ့ အတွေးရှိကြတယ်။ အမှန်တော့ စက်မှုခေတ် ပေါ်လာပြီး နောက်ပိုင်းမှာမှ နိုင်ငံတကာမှာ ရှိးရာယဉ်ကျေးမှုများ ပျောက်ဆုံးခြင်းကို ရင်ဆိုင်နေကြရတာပဲ ဖြစ်ပါတယ်။ မြန်မာတစ်နိုင်ငံတည်းမှာမှ မဟုတ် ပါဘူး၊ ဒါကြောင့် ယူနက်စကိုက ယဉ်ကျေးမှု ထိန်းသိမ်းရေး ကြေငြာ စာတမ်းများ ထုတ်ပြန်ပေးနေရခြင်း ဖြစ်ပါတယ်။

မျိုး။ ။တစ်ပိုင်းက ယဉ်ကျေးမှုကို ဘယ်လိုထိန်းသိမ်းမလဲ၊ ဘယ်လို မြှင့်တင်မလဲ၊ တိုးတက်အောင် ဘယ်လိုလုပ်မလဲဆိုတာ ရှင်းပြပေးပါဦး။

စိုး။ ။ယဉ်ကျေးမှုကို လေ့လာဆန်းစစ်ရာမှာ စေ့စပ်သေချာတဲ့ အမြင်နဲ့ ကျယ်ပြန့်စွာချဉ်းကပ်ဖို့ လိုပါတယ်။ ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံ တကာ သဘောတရား၊ အသုံးအနှုန်းတွေကို သိရှိဖို့လိုပါတယ်။ Cultural consideration ယဉ်ကျေးမှု အခြေခံစိတ်ကူးကို သိရှိနားလည် ရပါမယ်။ နိမိတ်ပုံကို ခံစားနားလည်နိုင်စွမ်းနဲ့အသုံးချမှု၊ ဖန်တီးမှု တီထွင် မှုတို့ကိုသိမှ မြှင့်တင်နိုင်ပါမယ်။ နမူနာပြပါမယ်။ ကုံကော်မြေလို့ ကျော်ကြားတဲ့ ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင်ဟာ ယဉ်ကျေးမှု အခြေခံ စိတ်ကူးနဲ့ဖန်တီးခဲ့တာဖြစ်ပါတယ်။ မြန်မာ့မျိုးရင်း သစ်ပင် တွေကိုအသုံးချခဲ့ပါတယ်။ မျက်မှောက် အထင်ကရ အဆောက်အဦများ ရဲ့ ပတ်ဝန်းကျင်ကိုကြည့်မယ်ဆိုရင်လဲ ဥပမာအဖြစ် မင်္ဂလာဒုံ လေဆိပ် ကိုကြည့်ပါ။ ကိုယ့်ဒေသအပင်တွေမသုံးဘဲ အီကွေတာဒေသက သစ်ပင် တွေဖြစ်နေပါတယ်၊ မြန်မာရဲ့အထိမ်းအမှတ် မဟုတ်တဲ့အတွက် တခြား ဒေသရောက်နေသလိုသာ ထင်ယောင်မိနိုင်ပါတယ်။ ရန်ကုန်မြို့ရဲ့ နေရာ အတော်များများမှာလည်း အီကွေတာဒေသ အပင်တွေနဲ့ပဲ အလှဆင်ကြတာကို တွေ့ရပါတယ်။ ယဉ်ကျေးမှုအခြေခံ စိတ်ကူး တန်ဖိုးများကို မသုံးတတ်ကြပါ။ ကိုယ့်ရေမြေသဘာဂ ပတ္ထုပစ္စည်းတွေ ကို အသုံးချနိုင်ခြင်းဟာ ယဉ်ကျေးမှုထိန်းသိမ်းရာ ရောက်သလို လှုပ် အောင်၊ ခေတ်နှင့်လျော်ညီအောင် ဖန်တီးတတ်မှ ယဉ်ကျေးမှု မြင့်မား လာမှာ ဖြစ်ပါတယ်။ တစ်ဆယ့်နှစ်လ ရာသီပန်းတွေ၊ သစ်ပင်တွေကို လည်း အသုံးပြုတတ်ဖို့ လိုပါတယ်။ အင်းဝခေတ် ကဗျာများမှာ နိမိတ်ပုံ သုံးတတ်တယ်။ အခုခေတ် မသုံးတတ်တော့ဘူး။ အထိမ်းအမှတ် ရုပ်တု တစ်ခု ဆိုပါစို့၊ ပုံစံတူထက် နိမိတ်ပုံကို ပိုသုံးသင့်ပါတယ်။ ဥရောပ (၁၅)

ရာစု ဥာဏ်သစ်အရေးတော်ပုံမှာ နိမိတ်ပုံတွေအားကောင်းလာတယ်။ နိမိတ်ပုံနဲ့ စိတ်ကူးဖေါ်ထုတ်မှု (expression) တွေကိုသုံးနိုင်မှ ယဉ်ကျေးမှု မြင့်မားမှာဖြစ်ပါတယ်။ မဟုတ်ရင် ဖန်တီးမှု အားကောင်းတဲ့ ယဉ်ကျေးမှုတွေကသာ လွှမ်းမိုးနေတော့မှာဖြစ်ပါတယ်။ မိမိယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်တော့မှာမဟုတ်ပါဘူး။

မျိုး။ ။အခုတော့ ယဉ်ကျေးမှုနဲ့ပတ်သက်ပြီး ပြောနေကြပေမဲ့ ယဉ်ကျေးမှုတိုးတက်အောင် ဘယ်လိုလုပ်မလဲ၊ ဘယ်လိုထိန်းသိမ်းမလဲ ဆိုတဲ့နေရာမှာ လက်တွေ့ကျတဲ့ သီအိုရီတွေကို မသိကြပဲလုပ်နေကိုင်နေကြသလို ဖြစ်နေကြတာပေါ့။ ဥပမာ ဆရာနမူနာပြတဲ့ ကုံကော်မြေဆိုတာ ထင်သာမြင်သာရှိပါတယ်။ ကုံကော်ဆိုတာနဲ့ ရန်ကုန်တက္ကသိုလ်ကို တွဲမြင်ကြပါတယ်။

သီချင်းတွေ ကတ္ထုတွေမှာလဲ ကုံကော်မြေကို ရန်ကုန်တက္ကသိုလ်ရဲ့ နိမိတ်ပုံအဖြစ် တင်စားကြပါတယ်။

ရန်ကုန် တက္ကသိုလ်ကို တည်ထောင်ခဲ့ကြတဲ့ သူတွေဟာ ဒီအမြင်တွေ ဒီအတွေးတွေ သဘောတရားတွေကို နားလည်ကြတယ်လို့ ကျွန်တော် ယူဆပါတယ်။ ဆရာပြောသွားတဲ့ တစ်ဆယ့်နှစ်လ ရာသီပွဲတွေနဲ့ ပတ်သက်ရင် ကျွန်တော်တို့မှာ အထင်ကရရှိခဲ့ပြီးသား ပွဲတော်တွေဟာ အခု ပျောက်ကွယ်တော့မယ်။ ပျောက်သွားရင် ယဉ်ကျေးမှု နိမ့်ကျသွားမယ်။ ရိုးရာ ပွဲတော်တွေဟာ ဈေးကွက်စီးပွားရေးမှာလည်း အရေးပါပါတယ်။ အိမ်နီးချင်း နိုင်ငံတွေမှာ ဒီလိုပွဲမျိုးတွေ လတိုင်းနီးပါး ရှိပါတယ်။ သူတို့က ဖန်တီးတတ်ကြတယ်။ တစ်ရှို့ဒေသ ကိစ္စတွေဆိုရင် သူများတွေက ယူသွားတာရှိတယ်။ ချင်းမိုင်မှာ မသိုးသက်နံးကပ်တာ ယခင်ကမရှိဘူး။ အခုကျင်းပနေတယ်။ ကြာသက်နံးကပ်တာနဲ့ပတ်သက်ပြီး အင်းလေးဘက်မှာ လာရောက်လေ့လာပြီး

သူတို့ဆီမှာ လုပ်ကြတယ်။ သူတို့က Marketing ကောင်းတော့ နိုင်ငံတကာသိအောင် လုပ်နိုင်တယ်။ နိုင်ငံခြားသားခရီးသွားတွေကို ဆွဲဆောင်မှုရှိအောင် လုပ်နိုင်ကြတယ်။ ကျွန်တော်တို့ ဘာတွေ အားနည်းနေသလဲ၊ ဘာတွေလုပ်သင့်သလဲ။ ဂတ်စ်ားဆင်ယင်မှုကအစ ဘယ်လိုဂတ်မှ ယဉ်ကျေးမှုထိန်းသိမ်းတာ စသဖြင့် အယူအဆ ဝိဂါဒ ကွဲပြားတာ တွေ့ရတယ်၊ မဇရောမဇသျော ပြောဆိုနေကြတာ တွေ့ရ တယ်။

စိုး။ ။မြန်မာတွေရဲ့အတွေးအခေါ်က "ဗုဒ္ဓ" အတွေးအခေါ်အပေါ် အခြေခံတယ်။ တရားကို အားမပေးဘူး၊ ဆန့်ကျင်ဘက်လိင် ဆွဲဆောင်မှု မရှိရဘူးဆိုတဲ့အပေါ်အခြေခံတယ်။ ကိုလိုနီခေတ်မတိုင်မီ ထိုင်မသိမ်းနဲ့ရင်ဖုံး အကျီတို့ဟာမြန်မာ့ ယဉ်ကျေးမှု အခြေခံစိတ်ကူးနဲ့ ကိုက်ညီပါတယ်။ ဒနောက်ပိုင်းဖွံ့ဖြိုးတိုးတက်လာတဲ့အခါ ပွဲလမ်းသဘင် သွားရန်၊ ရုံးသွားရန်စသဖြင့် ဇပုံပါးတဲ့ဂတ်စုံ လိုလာပါတယ်။ ဒီနေရာမှာ ပြောစရာရှိလာပါတယ်။ ကိုလိုနီခေတ်မှာတိတွင်တဲ့ မြန်မာအမျိုးသမီး ဂတ်စုံဟာ ပေါင်ပေါ်ဒူးပေါ်မဟုတ်ဘဲ တစ်ကိုယ်လုံးကိုတော့ ဖုံးဒအောင် ဖန်တီးထားပါတယ်။ ဒါဖေမယ့် ခန္ဓာကိုယ်ကောက်ကြောင်း ပေါ်တယ်။ ခါးအလွန်တိုပါတယ်။ ဒါဟာ ယဉ်ကျေးမှု အခြေခံစိတ်ကူးက လွဲသွားပြီ ဖြစ်ပါတယ်။ ယဉ်ကျေးမှုအလှာအရ သရုပ်ခွဲပြရင် ချမ်းသာတဲ့ လူတန်းစား အမျိုးသမီးတွေရဲ့ ညနေပွဲလမ်းသဘင်သွားမယ့် ဂတ်စုံပုံစံ ဖြစ်ပါတယ်။ ရိုးရာဂတ်စုံလို့ ပြောဖို့ခက်ပါတယ်။ အများပြည်သူ လုပ်ငန်းခွင်ဂတ်စုံ၊ ပွဲတက်ဂတ်စုံ၊ ရိုးရာဂတ်စုံပုံစံတွေကို ကွဲကွဲပြားပြား နားလည်ဖို့လိုပါတယ်။ ရိုးရာထိန်းသိမ်းမှုနဲ့ပြောရင် လက်ရက်ထည် သို့မဟုတ် မိမိတို့ကိုယ်တိုင်ဖန်းတီးတဲ့ ဒီဇိုင်းအဆင်တွေ ဖြစ်သင့် ပါတယ်၊

အနောက်တိုင်း အမျိုးသမီးရုံးဝတ်စုံဖြစ်တဲ့ အပေါ်ကုတ်(coat) ဟာ ကိုယ်အလှ ကောက်ကြောင်း မပေါ်တာကို သတိထားမိပါတယ်။ စကတ်(skirt)ကတော့ အောက်ပိုင် းခြေသလုံးကို ပေါ်လွင်စေတယ်။ ဒါဟာ မိန်းမသဘာဝအလှကို တစ်နေရာရာမှာ လှစ်ဟပြသတာပဲ၊ ဥရောပသားတွေဟာ အသားအရေပေါ်တာကို အလေးမထားပဲ ကောက်ကြောင်းမပေါ်ဖို့ ဂရုစိုက်ပုံပေါ်ပါတယ်။ မြန်မာအမျိုးသမီး ရုံးဝတ်စုံကိုကြည့်ရင် ကိုယ်ခန္ဓာအလှ ကောက်ကြောင်းပေါ်ပြီး အသားအရေ လုံခြုံတာတွေ့ရပါတယ်။ ယူဆရတာကာတော့ ကိုလိုနီခေတ် မြန်မာအမျိုးသမီးဝတ်စုံကို တီထွင်ခဲ့တာ ကိုလိုနီခေတ်က ပွဲလမ်းသဘင် အတွက်လို့ယူဆရတယ်။ မင်းကတော်တွေအတွက်ပေါ့ဆရာ။ ဒါကို နောက်ပိုင်းလူတွေက မြန်မာဝတ်စုံဆိုပြီး သတ်မှတ်လိုက်ကြတော့ မြန်မာအမျိုးသမီးတွေရဲ့ အလှကို ဝိုမိုပေါ်လွင်သွားစေတာပေါ့။

အခြေခံကျောင်းတွေမှာ ပြဿနာရှိပါတယ်။ ကိုယ်တွေ့မို့ ပြောချင်ပါတယ်။ အခြေခံကျောင်းတွေမှာ မြန်မာဝတ်စုံဝတ်ဖို့ သတ်မှတ်ထားပါတယ်။ ခါးတိုအင်္ကျီနဲ့ထမီပေါ့။ ကလေးတွေက ခါးပေါ်တာ မဝတ်ချင်ကြပါ။ ခါးနည်းနည်းရှည် ဝတ်ရင်တောင် ဆရာမတွေက လက်မခံကြပါ။ အဲဒါကြောင့် အပေါ်အင်္ကျီကို အပူဒဏ်ခံဝတ်ပြီး ဆယ်တန်းပြီးအောင် ကျောင်းတက်သွားရတဲ့ မိန်းကလေးတွေရှိပါတယ်။ ရင်ဖုံးခါးရှည်လေးက ဝိုကြည့်ကောင်းပြီး လုံခြုံမှုရှိတယ်လို့ ထင်ပါတယ်။ ခုတော့ဆရာရယ် အတိအကျကြီး မြန်မာဝတ်စုံဆိုရင် ခါးတိုစစ်စစ်မှတဲ့။ ဘယ်သူတွေ ပြဌာန်းလဲတော့မသိပါ။ ကျောင်းဆရာမ စာသင်တဲ့ စင်ပေါ်မှာ မြန်မာဝတ်စုံ ခါးတိုတိုလေးနဲ့ကို မြင်ကြည့်ပါဆရာ။ ကောက်ကြောင်းကို အထင်းသား မြင်ရမယ်ဆရာ။ ရုံးဝန်ထမ်းဆိုရင်လဲ ခါးတိုဝတ်တဲ့ အမျိုးသမီးတွေကြောင့် အမျိုးသားတွေ မျက်စိဘယ်နားသွားထားရမှန်းမသိ ဖြစ်ကြတယ်ဆရာ။

ရုံးဂန်ထမ်းအလွှာကို သေချာပြုပြင်သင့်တယ်။ သတိပြုမိတာ တစ်ခုပြောချင်ပါတယ်။ ထိုင်းက အမျိုးသမီးတယောက် မြန်မာထမီစ ဂယ်သွားပြီး သူခြေပဂတ်လိုက်တာက အရှေ့တိုင်းဆန်တဲ့ အပေါ်ကုတ် ဖြစ်ပါတယ်။ သူများနိုင်ငံသူတွေက ချိတ်အဆင်ကိုမြင်ရင် အပေါ် အင်္ကျီစအဖြစ်မြင်ပြီး မြန်မာတွေက ထမီစအဖြစ် မြင်ကြတယ်။ အမျိုးသား လုံချည်အဆင်ဆိုရင်လဲ မြန်မာတွေက အောက်ပိုင်းကို အဆင်တွေအကွက်တွေ ဂတ်ရတာကို နှစ်သက်ကြတယ်။ နိုင်ငံတကာ ကျတော့ ပြောင်အချော ပိတ်ကို ပိုသုံးတဲ့သဘောရှိတယ်။ ရုံးဂန်ထမ်း အလွှာတွေအတွက် ဂတ်စုံကိုသတ်မှတ်ရာမှာ ပြောင်ပိတ်တွေ သုံးသင့် ပြီး ဖက်ရှင်ဂတ်စား ဆင်ယင်မှုအတွက်သာ ဒီဇိုင်းအဆင်အမျိုးမျိုး သုံးသင့်ပါတယ်။ ဒါဟာ ယဉ်ကျေးမှုတိုးတက်ရေးနဲ့ ထိန်းသိမ်းရေး အတွက် အရေးပါမယ်လို့ ယူဆပါတယ်။

မျိုး။ ။ ဒါကိုပြောတဲ့လူ သိပ်မရှိဘူး။ ဘယ်နေရာတွေမှာ ဘယ်လို ဂတ်သင့်သလဲ။ ကုမ္ပဏီဂန်ထမ်းလား၊ ကျောင်းဆရာမလား၊ အလုပ် ကြမ်းသမားလား ခွဲခြားနားလည်ဖို့လိုတယ်။ ကုတ်ဂတ်ရင် အနောက် တိုင်းဆိုပြီး အားလုံးဆန့်ကျင်ချင်ကြတယ်။ ဆရာပြောသလို ကုတ်ဟာ လိင်ဆွဲဆောင်မှုလျော့နည်းအောင် ဂတ်ဆင်ကြတာကို ခွဲခြားမပြောဘဲ သိမ်းကြုံးပြောနေတော့ လူငယ်တွေကလဲ လူကြီးတွေအပေါ် ချုပ်ခြယ် တယ် ဖြစ်လာတယ်။ မပြောပြန်ရင်လဲ အနောက်တိုင်း ယဉ်ကျေးမှု လွှမ်းမိုးတော့မယ် ဖြစ်ပြန်တယ်ဆရာ။ ခုလိုဆရာက ဘယ်နေရာမှာ တော့ ဘယ်လိုဖြစ်သင့်တယ်လို့ ကွဲကွဲပြားပြားရှင်းပြတော့ တော်တော် ကောင်းပါတယ်ဆရာ။ မြန်မာယဉ်ကျေးမှု ဂတ်စုံဟာ ဘယ်လိုဖြစ်သင့် သလဲဆိုတာ စဉ်းစားလို့ရတာပေါ့ဆရာ။

စိုး။ ။ နောက်တစ်ခု ပြောချင်တယ်ဆရာ။ မြန်မာအမျိုးသမီးတွေ နိုင်ငံခြားသွားကြတော့ အပေါ်က အနောက်တိုင်းကုတ်၊ အောက်က ချိတ်ထမီနဲ့ တော်တော်ကြည့်ရဆိုးတယ်။ မြန်မာ့အလင်းမှာ ကျွန်တော် ဆောင်းပါးရေးဖူးတယ်။ " ရိုးရာထိန်းပါ၊ ယဉ်ကျေးမှုမြှင့်ပါ " ဆိုတဲ့ ခေါင်းစဉ်နဲ့ဆရာ၊ ကျွန်တော်တို့ သိထားရမှာက ရိုးရာထိန်းသိမ်းခြင်းနဲ့ ယဉ်ကျေးမှုဖွံ့ဖြိုးခြင်းဟာ လိုက်ဖက်ညီဖို့လိုတယ်။ စဉ်ဆက်မပြတ်ဖြစ်ဖို့ လိုတယ်။

နောက်ထပ် ဥပမာတစ်ခုပြချင်ပါတယ်။ ရိုးရာပွဲတော် တစ်ခု ဖြစ်တဲ့ ထမနဲထိုးပွဲ ကျင်းပရာမှာ မှားယွင်းမှုတွေ ဖြစ်ပါတယ်။ ထမနဲထိုးပွဲဟာ ရိုးရာအစဉ်အလာ ပွဲတော်လည်းဖြစ် ဘာသာရေးနဲ့ ဆက်စပ်တဲ့ ပွဲတော်လည်းဖြစ်ပါတယ်။ ဒါကြောင့် ထမနဲထိုးပွဲ ပါဂင် ဆင်နွှဲသူတွေဟာ သီလစောင့်ဖို့လိုတယ်။ အရက်သောက်ပြီး ထမနဲထိုး ကြတာမျိုး၊ ပြိုင်ပွဲသက္ကန်ကျင်းပတော့ အနိုင်လိုချင်မှုကြောင့် လိမ်ညာ လာကြတာတွေကို မပြုမိအောင် အသိပညာပေးဖို့လိုပါတယ်။ ရိုးရာ အဆင် အမျိုးမျိုးဂတ်ဆင်ပြသသင့်တယ်။ အသုံးအဆောင်တွေကို လည်း ယွန်းထည်အမျိုးမျိုးကို အသုံးပြုလုပ်ဖို့လိုတယ်။ ထမနဲထိုးသူ တွေဟာ တီရှပ်အင်္ကျီတွေနဲ့ ပြိုင်ပွဲဂင်ကြတော့ ရိုးရာပွဲနဲ့မတူဘဲ အားကစားပွဲနဲ့ ပိုတူနေတယ်ဆရာ။ ပန်းအလှထိုးတာတွေဆိုရင်လည်း နိုင်ငံခြားဖြစ်တွေမသုံးဘဲ မြန်မာ့ရာသီပန်းတွေနဲ့ အလှပြင်သင့်ပါတယ်။

ရိုးရာပွဲအတွက် အမျိုးသမီးဂတ်စားဆင်ယင်မှုနဲ့ ပတ်သက်ရင် လည်း ရိုးရာဆံထုံးအမျိုးမျိုးကိုထုံးပြီး ထိုင်မသိမ်းဂတ်စုံတွေနဲ့ အလှပြ သင့်တယ်။ အမျိုးသားတွေကလည်း တောင်ရှည်ပုဆိုးနဲ့ဖေါ့။ ဂျပန်တို့ ကိုရီးယားတို့ကို နမူနာ ယူသင့်ပါတယ်။ ပေါ်ပါးတဲ့ အမျိုးသမီးဂတ်စုံ၊ ရုံးဂတ်စုံတွေအတွက်ပြောရရင် ကိုယ်အလှ ကောက်ကြောင်း မပေါ်လွင်တဲ့ မြန်မာဆန်ဆန် ဂတ်စုံဖန်တီးသင့်ပါတယ်။ ကိုလိုနီခေတ်က

ပေါ်လာတဲ့ မြန်မာဂတ်စုံဟာ လှပပြီး ဖန်တီးမှုအနေနဲ့ ကောင်းမွန်ပါတယ်။ ဒါပေမယ့် ခန္ဓာကိုယ်အလှဘက်ကို အားမပေးဖအောင် ဂရုစိုက်သင့်ပါတယ်၊ ပွဲလမ်းသဘင်တွေအတွက်တော့ လှအောင်ပေါ်အောင် ဂတ်ကြတာပေါ့ ဆရာရေ။

အမျိုးသားတိုက်ပုံဆိုရင်လည်း ကိုလိုနီခေတ်မှာ အပ်ချုပ်တိုက် တစ်ခုက တီထွင်လိုက်လို့ တိုက်ပုံခေါ်ကြတာပါ။ အနောက်တိုင်းကုတ်နဲ့မတူဘဲ အနောက်တိုင်းဂတ်စုံသဖောနဲ့ အပြင်ဂတ် တီထွင်တာပေါ့ဆရာ။ ရိုးရာကို ထိန်းသိမ်းတာနဲ့. တီထွင်တာ ဒီနေရာတွေမှာ မြင်တွေ့.နိုင်ပါတယ်။ လုံချည်ဂတ်ရတာတော့ သိပ်အဆင်မပြေပါဘူး။ အခြေခံ သဘောတရားတစ်ခုတော့ ရှိရပါမယ်၊ သဘာဝဒဏ်ကို ခံနိုင်ရည်ရှိဖို့အတွက်လား။ ယုံကြည်မှုကြောင့်လား စသဖြင့် သေချာသိနားလည်ပြီးမှ ဆောင်ရွက်သင့်ပါတယ်။

မျိုး။ ။ ယဉ်ကျေးမှုဟာ ကျယ်ပြန့်ပါတယ်။ သိချင်တာတွေလည်း များပါတယ်။ ပရိသတ်တွေလဲ သိချင်တာတွေ များမှာပါ၊ ဒါပေမဲ့ FM Talk က အချိန်အတိုင်းအတာ ကန့်သတ်ထားတော့ ဆရာရဲ့. နောက်ဆုံး နိဂုံးစကားကို ပြောပေးစေချင်ပါတယ်။

စိုး။ ။ ယဉ်ကျေးမှုရဲ့. အဓိပါယ်တစ်မျိုးက ဦးနောက် နှင့်ရုပ်ပိုင်းကို လေ့ကျင့်ပျိုးထောင်ရင်း ဖွံ့.ဖြိုးတိုးတက်ခြင်း ဖြစ်ပါတယ်။

ဖန်တီးမှုနဲ့ အနုပညာကို အမျိုးသားရေးအသွင်ဖြင့် အသိပညာပေးဖို့လိုပါမယ်။

ဦးနောက်ဖွံ့.ဖြိုးဖို့ အခြေခံပညာရေးကို အလေးပေးရပါမယ်။ အတတ်ပညာထက် ဖန်တီးမှုအားကောင်းဖို့၊ သဘောတရားနဲ့ လိုက်နာ

ကျင့်သုံးမှု၊ ကျင့်ဝတ်တွေပါ ကောင်းမှ ယဉ်ကျေးမှုမြင့်ပါမယ်။ ရိုးရာ ထိန်းတာကိုလည်း ကွဲကွဲပြားပြား နားလည်အောင် ကြိုးစားကြဖို့၊ ယဉ်ကျေးမှု အခြေခံစိတ်ကူးကို ထည့်သွင်းသုံးစွဲတတ်ဖို့၊ ဂရုပြုကြဖို့ တိုက်တွန်းလိုပါတယ်။

Scanned by Easy Scanner



အနာဂတ်ပညာရေး

မျိုး။ ။ အနာဂတ်အတွက် ဘာတွေပြင်ဆင်ထားသင့်လဲ။ ဆရာက နိဒါန်းပျိုးပေးပါ။

စိုး။ ။အနာဂတ်ပညာရေးကို ဇောင်းပေးပြောပါမယ်။ မြန်ဆန်တဲ့ ပြောင်းလဲမှုကို ဘယ်လိုလိုက်ပါကြမလဲ။

မျိုး။ ။ ထောင်စုနှစ် ရဲ့နောက်ဆုံးဇန့်မှာ future talk ဆိုပြီး အင်တာဗျူးမှာ အလွန်နာမည်ကြီးတဲ့ လယ်ရီကိန်းပေါ့။ နိုင်ငံတကာ ထိပ်တန်းပုဂ္ဂိုလ်တွေနဲ့ဆွေးနွေးခဲ့ပါတယ်။ အဲဒီမှာ ပြောသွားတာက စာသင်ခန်းတောင် မလိုတော့တဲ့ အဝေးအထားပြောခဲ့တယ်။ အခု (၁၀) စုနှစ်ကျော်လာပေမယ့် မဖြစ်သေးဖူး။ ကြားထဲမှာ မထင်မှတ်ထားတဲ့ ပြောင်းလဲမှုတွေ ဖြစ်ခဲ့တယ်။

စိုး။ ။ကိုယ်ရှေ့မှာ မပြောင်းပေမဲ့ တဝေရာရာမှာတော့ ပြောင်းနေပါ တယ်။ အရှိန်အဟုန်နဲ့ မလာသေးလို့ ကိုယ်ကိုယ်တိုင် မလွှဲမသွေ ပြောင်းရဖို့ ဖိအားမရှိသေးလို့ပါ။ လူများစုက အပြောင်းအလဲကို သတိ မထားတတ်ကြပါဘူး။ ကမ္ဘာကြီးရဲ့အခြားတဖက်မှာ ပြောင်းလဲနေတာ ကိုယ့်ဆီကိုရောက်မလာသေးဖူးလို့ထင်ကြတယ်။ ဒါပေမဲ့ သူများတွေ

ပြောင်းလဲသွားလို့ တကယ်တော့ ကိုယ့်ကိုယ်မပြောင်းချင်ကြတာပါ။ အပြောင်းအလဲအတွက် မပြင်ဆင်ဘဲ အလိုက်သင့်လဲ နေချင်ကြပါတယ်။ တကယ်တော့ ပြောင်းဖို့ကြိုးပြင်ထားသင့်ပါတယ်။ ဒရောသောပါး လိုက်ပြောင်းရတော့ ဆုံးရှုံးမှုတွေ အားနည်းချက်တွေရှိတာပေါ့။

လူသားတွေရဲ့ ယဉ်ကျေးမှုသမိုင်းကို လေ့လာကြည့်ရင် ယဉ်ကျေးမှု ပြောင်းလဲတိုးတက်မှု မြန်နှုန်းကို တွေ့နိုင်ပါတယ်။ လူ့ယဉ်ကျေးမှုကို မီးကိုစတင်အသုံးပြုတာကနေ ကြည့်ရအောင်ပါ။ မီးကို တွေ့ရှိတဲ့အချိန်ကနေ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်တတ်တဲ့ အဆင့်ကို ရောက်ဖို့ နှစ်ပေါင်းသိန်းချီ ကြာတယ်။ ဒီနောက် အက္ခရာပေါ်တဲ့ အဆင့်ကိုရောက်ဖို့ နှစ်ပေါင်းထောင်ချီ ကြာခဲ့ပါတယ်။ ဒီကနေ အတွေး အခေါ် ဘာသာရေးပေါ်ဖို့ ထောင်စုနှစ် အနည်းငယ်လောက်ပဲ ကြာခဲ့ပါတယ်။ နောက် စက်မှုတော်လှန်ရေးပေါ်တယ်။ ဒီနောက်ပိုင်းမှာ ယဉ်ကျေးမှု အပြောင်းအလဲတွေဖြစ်ဖို့ နှစ် ရာချီပဲ ကြာတော့တယ်။ လျှပ်စစ်မီးကိုတီထွင်ပြီး ကမ္ဘာ့လူသားတွေရဲ့ နေထိုင်မှုကို အကြီး အကျယ် ပြောင်းလဲစေခဲ့တယ်။ လျှပ်စစ်ကနေ ဒီဂျစ်တယ်ခေတ် ဆယ်စုနှစ်တွေပဲ ကြာတော့တယ်။ ဒီနောက်ပိုင်း ဇီဂနည်းပညာ၊ နာနို နည်းပညာတွေ ပေါ်လာတော့ ဆယ်စုနှစ်တောင် ကြာမှာမဟုတ်တော့ ပါဘူး။

ငါးနှစ်လောက်မှာတကြိမ် အပြောင်းအလဲတွေ မြင်သာနိုင်ပါ တယ်။ ကျွန်တော် ဒီနေရာမှာ ပြောချင်တာ မြန်နှုန်းမြင့်လာတဲ့ သဘော ကို သတိပြုကြဖို့ပါ။

မျိုး။ ။ မနေ့က ကိန်းဂဏန်းတစ်ခု တွေ့တယ်ဆရာ။ ရေဒီယို ပေါ်တဲ့အချိန်က ပရိတ်သတ် သန်း (၅၀) ရဖို့ (၃၈) နှစ် ကြာခဲ့တယ်။

တယ်လီဖေးရှင်းကျတော့ သန်း (၅၀) ရဖို့ (၁၃) နှစ်ဘဲကြာတယ်။ အင်တာနက်ကျတော့ သန်း (၅၀) ရဖို့ (၄) နှစ်ပဲ ကြာတော့တယ်။ ဆရာပြောတာထက် တစ်နှစ်တောင်နည်းနေသေးတယ်။ အပြောင်းအလဲကို သတိမထားရင်တော့ ရှေ့ဆက်ဒုက္ခရောက်ကြ ပါလိမ့်မယ်။

စိုး။ ။ပညာရေး အပြောင်းအလဲကို ဆွေးနွေးကြရအောင်ပါ။ ပညာရေးအတွေးအခေါ် ပြောင်းလဲမှုကို အဓိကထား ဆွေးနွေးချင်ပါတယ်။ ပညာရေးဆိုတာက လူတွေကို စာပေအကွက်ဇန တဆင့် အတွေးအခေါ် နည်းပညာတွေကို သင်ကြားပို့ချခြင်းလို့ ဆိုပါတယ်။ မူလက လူတွေတတ်သိလိမ္မာဖို့ သင်ကြားပါတယ်၊ စက်မှုတော်လှန်ရေး ရောက်လာတော့ အတတ်ပညာသင်ကြားဖို့ အဓိကဖြစ်လာခဲ့ပါတယ်။ ပါရမီရှင် တီထွင်သူတွေရဲ့ နည်းပညာတွေကို ဇောက်ခြေကို သင်ကြား ပို့ချပေးလိုက်တဲ့သဇာ ဖြစ်ပါတယ်။ ပညာရေး အတွေးအခေါ်ဟာ (Revolutionary Idea) ကဇနမပြောင်းမလဲပဲ (၂၀) ရာစုကုန်တဲ့ ထိအောင် ရှိနေခဲ့ပါတယ်။

SIR Ken Robinson ရဲ့အယူအဆတစ်ခုကို တင်ပြချင်ပါတယ်။ (Revolutionary Idea) မှာ ပညာရေးကို တိုင်းတာတဲ့စနစ်ကတော့ စံပေတံတွေပဲ သုံးပါတယ်။ ဘွဲ့လက်မှတ်များများရသူတွေ အဆင့်မြင့်မြင့်လက်မှတ် ရထားသူတွေက ပင်ငွေကောင်းကြပါတယ်။ ဒါပေမယ့် သံကြိုးနဲ့တော့ ချည်ဇနာင်ခံထား ကြရပါတယ်တဲ့။ ဘွဲ့လက်မှတ် မရသူတွေကတော့ လူမှုဘဝ နိမ့်ကျကြပါတယ်။ ပညာရေးစနစ်က လူတန်းစားနှစ်မျိုးပဲ မွေးထုတ်လိုက်ပါတယ်။ အများစုက ဉာဏ်ရည် နိမ့်ကျတဲ့အထဲ ပါဝင်သွားပြီး ဖယ်ထုတ်ခံလိုက်ရပါတယ်။ အဇမရိကန် နိုင်ငံ ပညာရေးကို ဒီစနစ်နဲ့ တိုင်းတာကြည့်လိုက်တော့ (ADHD)

သင်ကြားတတ်မြောက်မှု နောက်ကျသူတွေ များတယ်ဆိုတဲ့ အဖြေ ထွက်လာပါလိမ့်မယ်တဲ့ (ဆာရော်ဘင်ဆင်ရဲ့ရယ်စရာစကားချပ်)။

ဆာရော်ဘင်ဆင်ရဲ့ (၂၁) ရာစုပြောင်းလဲသွားမဲ့ ပညာရေး အတွေး အခေါ်ကို တင်ပြပါမယ်။ (Changing Paradigms) လို့ခေါင်းစဉ် ပေးထားပါတယ်။ အနာဂတ် ပညာသင်ကြားရေးအတွက် ရည်ရွယ်ချက် နှစ်မျိုးထားရှိပြီး စဉ်းစားပါတယ်။ (၂၁) ရာစု စီးပွားရေးအပြောင်းအလဲ တွေ အခက်အခဲတွေကြားထဲမှာ ဘဝတွေ ရှင်သန်ရပ်တည်နိုင်ဖို့နဲ့ မတူညီတဲ့ လူမျိုးတွေအားလုံးအတွက် သင်ယူနိုင်ဖို့ ဖြစ်ပါတယ်။

စက်မှုတော်လှန်ရေး ပညာသင်ကြားမှုပုံစံက စိတ်အာရုံ စူးစိုက်နိုင်စွမ်းအပေါ် အခြေပြုသင်ကြားခြင်း ဖြစ်ပါတယ်။ (၂၁) ရာစုအတွက် ဖန်တီးထားတဲ့ ပညာရေးက ခံစားမှု၊ နှစ်လုံးသားနဲ့သင်ကြားမှု၊ အနုပညာ ဆန်မှုလို့ ဆိုပါတယ်။

ဒီပညာရေးရဲ့အဓိကအချက်က Divergent Thinking ဖြစ်ပါ တယ်။ ပါရမီရှင်တွေရဲ့တွေးခေါ်စဉ်းစားမှုမျိုးကို ဆိုလိုပါတယ်။ လေ့လာ ဆန်းစစ်ချက်တွေအရ ပညာမသင်ကြားမီ ကလေးတွေရဲ့(၉၈%)မှာ ခွဲခြားစဉ်းစားနည်း ကောင်းမွန်နေပါတယ်။ တစ်ဖြည်းဖြည်း အသက် ငါးနှစ်မှရှစ်နှစ်၊ ရှစ်နှစ်မှတစ်ဆယ့်သုံးနှစ်ကို လေ့လာကြည့်တော့ တဖြည်းဖြည်း ကျဆင်းသွားတာ တွေ့ရပါတယ်တဲ့။ အကြောင်းရင်းက ပညာရေးဆိုင်ရာ စာအုပ်စာပေတွေရဲ့ ပယောဂကြောင့်လို့ ဆိုပါတယ်။

မျိုး။ ။ စကားမစပ် လူစီရုပ်ရှင်ကားကို သတိရမိပါတယ်။ နာမည် ကြီး ရုပ်ရှင်မင်းသား ဇော်ဂန်ဖရီးမင်း က သရုပ်ဆောင်ထားပါတယ်။ လူသားတွေရဲ့ဦးနှောက်ဟာ ၁၀၀ % မှာ ၅% ပဲ အသုံးပြု ထားတယ်လို့ ဆိုပါတယ်။ ဒါကို ၁၀% ၁၅% စသဖြင့် ပိုမိုအသုံးချနိုင်အောင် ဘယ်လိုလုပ်မလဲဆိုတဲ့အကြောင်း နောက်ခံထားတဲ့ ရုပ်ရှင်ကား ဖြစ်ပါ

တယ်။ လူတွေရဲ့ဦးနှောက်ကို ပိုမိုအသုံးချနိုင်အောင် စဉ်းစားလာကြတာ ဖြစ်ပါတယ်။

စိုး။ ။ ဟုတ်ပါတယ်ဆရာ၊ အရင်က လူတွေရဲ့ဦးနှောက်ကို ပုံသေဦးနှောက် (Fix Brain Myth) ဆိုတဲ့ လက်ခံမှုနဲ့ သင်ကြားနေခဲ့ကြပါတယ်။ အခုတော့ ပြောင်းကြတော့မယ်ဆရာ။ ကျွန်တော်တို့ နိုင်ငံက ပညာရေးသုတေသီတွေ အထောက်အကူပြုနိုင်အောင် ဖတ်မိသမျှ တင်ပြတာပါ။

မိုး။ ။ စက်မှုခေတ် ကုန်ထုတ်လုပ်ငန်းတွေမှာ ဂင်ရောက်နိုင်ဖို့ အတွက် ချိန်ကိုက်ပြီး ပညာရေးကို လမ်းကြောင်းပေါ် တင်ပေးလိုက်တယ်။ စံသတ်မှတ်ပြီး ရှိပြီးသားသီအိုရီတွေ အတတ်ပညာတွေကို သင်ကြားပေးလိုက်တာပဲ။ စံမီရင် ဂင်ငွေကောင်းတယ်။ စံမမီရင် အလုပ်သမားလူတန်းစားဖေါ့။ ကုန်ထုတ်လုပ်ငန်းတွေမှာ ဂင်ရောက်လုပ်ကိုင်နိုင်တဲ့အပေါ်မှာ မူတည်ပြီးတော့ အဆင့်တွေကွဲပြားသွားတာဖေါ့။ အဆင့်မြင့်တဲ့သူလဲ သံခြည်ကျင်းတော့ အခတ်ခံထားကြရတာပါပဲ။

စိုး။ ။ ကျွန်တော် ကောလိပ်စတက်ချိန်က သတိပြုမိတာ တစ်ခုပြောပြချင်ပါတယ်။ စီးပွားရေးတက္ကသိုလ်ဆင်း တစ်ယောက်ပေါ့ဆရာ။ သူ အစိုးရဂန်ထမ်းဘဂက ထွက်လိုက်ရတော့ ပြင်ပလုပ်ငန်းရှင် ဟိုက်စကူးဖိုင်နယ်အဆင့် တစ်ယောက်ဆီမှာ အလုပ်ဂင်လုပ်တာတွေ့ခဲ့ဖူးပါတယ်။ အဲဒီကတည်းက ပညာဆိုတာဘာလဲလို့ နှစ်ပေါင်းများစွာ စဉ်းစားနေခဲ့ပါတယ်။ ဘွဲ့လက်မှတ်တွေရထားသူတွေဟာ သံခြေချင်းဂတ်အခိုင်းခံထားရပေမယ့် သံခြေကျင်းဖြေပေးလိုက်ရင် ကိုယ်တိုင်

မရပ်တည်နိုင်ပါဆရာ။ ဒါကြောင့် ဒီနေ့ ပညာရေးအကြောင်း ဆွေးနွေးဖြစ်တာပါ။ ဒါကြောင့်(၂၁)ရာစု ပညာရေးက စီးပွားရေးကပ်တွေကြားမှာ ကိုယ်တိုင်ရပ်တည်နိုင်အောင် သင်ကြားပေးဖို့ တွေးခေါ်တာဖြစ်ပါတယ်။

ဆိုကရေးတီး က ပညာဆိုတာ (Wisdom) ခွဲခြမ်းစိတ်ဖြာအဖြေထုတ်နိုင်ခြင်း ဖြစ်တယ်။ (Knowledge) သင်ကြားလို့ တတ်မြောက်ရုံ သက်သက်မဟုတ်ဘူးလို့ ပြောခဲ့ပါတယ်။ စက်မှုတော်လှန်ရေးက ပညာရေးကို မှားယွင်းစွာ ဆွဲခေါ်သွားခဲ့တာပါ။

မျိုး။ ။ ကျွန်တော်တို့နိုင်ငံနဲ့ ဆက်စပ်ဆွေးနွေးပေးပါဦး။

စိုး။ ။ ပညာရေးအဆင့်ဆင့် ပြောင်းလဲမှုသီအိုရီတွေ ရှိပါတယ်။ classical , Revolutionary စသဖြင့်ပေါ့။ ကျွန်တော်တို့ဆီမှာ classical ကာလက အောင်မြင်ခဲ့ပါတယ်။ ကိုလိုနီဘဝမကျရောက်မီကပေါ့။ စာပေအနုပညာတွေ ထွန်းကားခဲ့ပါတယ်။ ကိုလိုနီခေတ်ရောက်တော့ အင်္ဂလိပ်တွေဟာ သူတို့ဆီမှာ Revolutionary သင်ကြားနေတဲ့ အရိုန်မြန်မာပြည်ကိုတော့ classical ကိုသာ သင်ကြားစေခဲ့ပါတယ်။ ဒီမှာ ကုန်ထုတ်လုပ်ငန်းမရှိဘဲ ကုန်ကြမ်း တွေသာတင်ပို့တဲ့အတွက်လဲ ဖြစ်နိုင်ပါတယ် အလွယ်ပြရရင် ခရစ်ယန်ကျောင်းသင် ပညာရေးတို့ပေါ့။ ခေတ်ဟောင်းစာပေတွေကနေ အတွေးအခေါ် အရေးအသား သဒ္ဒါ ပေါဟာရတွေကို သင်ကြားတဲ့ပုံစံဖြစ်ပါတယ်။ ကိုလိုနီခေတ် တက္ကသိုလ်ကျတော့လည်း အုပ်ချုပ်ရေးဥပဒေ၊ အတွေးအခေါ်၊ စိတ်ပညာတွေ သင်ကြားပြီး အဆင့်တစ်ဆင့် ရှိခဲ့တယ်ဆိုရမှာပေါ့။

Revolutionary ကျတော့ ကျွန်တော်တို့ နိုင်ငံလိုက်မမှီခဲ့တော့ဘူး။ ကိုလိုနီခေတ်ပညာတတ်တွေကိုယ်က classical သာ

သင်ထားဖူးတော့ Revolutionaryကို ဘယ်လိုသင်ကြားရမယ်၊ ဘယ်လို ဖွဲ့စည်းတည်ထောင်ရမလဲ လမ်းစဖျောက်သွားတယ်လို့ ထင်မိပါတယ်။ ပညာရပ်တွေကလည်း အင်္ဂလိပ်ဘာသာနဲ့ ရေးသားထားတာများတော့ ပြဿနာရှိလာခဲ့ပါပြီ။ သင်ကြားမှုထောက်ကူပြု ကရိယာတွေကအစ မပြည့်စုံတော့ နောက်ကျကျန်ခဲ့တာပေါ့။ နောက် အင်္ဂလိပ်ဘာသာနဲ့ ပြောင်းသင်တော့လည်း အလုံးစုံ ပျက်စီးသွားတော့တာပေါ့။ ဂျပန်တို့ တရုတ်တို့ကျတော့ ပညာရပ်တွေကိုဘာသာပြန်ပြီး သင်ကြားတော့ တိုးတက်သွားကြပါတယ်။ ကျွန်တော်တို့ မကွဲပြားတာက အင်္ဂလိပ် ဘာသာကို နိုင်ငံတကာဆက်ဆံရေးအတွက် သင်ကြားတာ မှန်နိုင်ပါတယ်။ ဒါဖေပမယ့် ပညာရပ်အတွက် ခက်ခဲလွန်းပါတယ်။ ဒါကို ဝေချာမသိပဲ ပညာရပ်တွေကိုအင်္ဂလိပ်ဘာသာနဲ့ တိုက်ရိုက်သင်ကြားတော့ ပျက်ကုန်တာပေါ့။

မျိုး။ ။ကျွန်တော်တို့က နောက်ကျကျန်ခဲ့တယ်ပေါ့။ ခု အင်တာနက် ခေတ်မှာ ကျွန်တော်တို့ ဘယ်လိုခရီးဆက်ကြမလဲ။ နိုင်ငံတကာနဲ့ တန်းတူလိုက်နိုင်ဖို့ ဆရာဆက်ဆွေးနွေးပေးပါဦး။

စိုး။ ။ခုခေတ်က ပိုမိုအခွင့်အလန်းသာပါတယ်။ ဘာသာပြန်စံနစ်တွေ ပေါ်လာမယ်။ အင်တာနက်ကနေ နိုင်ငံတကာ ပညာရှင်တွေနဲ့ တိုက်ရိုက်သင်ကြားခွင့်ရမယ် စသဖြင့် အခွင့်အလမ်းများပါတယ်၊ အခွင့်အလမ်းနဲ့ ပတ်သက်လို့ နမူနာတစ်ခု ပြောချင်ပါတယ်။ အခုခေတ်မှာ မူပိုင်ခွင့်ကို အမေရိကန်၊ ဂျပန် တို့က ကြီးစိုးထားပါတယ်။ ကုန်ထုတ်လုပ်မှုမှာ တရုတ်ပေါ့။ ဒါကိုကျော်လွှားဖို့ အာဖရိကကကျောင်းသားလေးတစ်ယောက်က ပြောဆိုထားပါတယ်။ အာဖရိကမှာ ကျွန်တော်တို့လိုပဲ လျှပ်စစ်ရရှိဖို့ ခက်ပါတယ်။ ဒါကြောင့် လက်ကိုင်တယ်လီဖုန်း အားဖြည့်

တဲ့ ခြေနင်းကရိယာကို တီထွင်ပါတယ်။ နာမည်ကြီးသွားတယ်ဆရာ။ အဲဒီမှာ သူဆက်ပြောတာက အနာဂတ် သူဖျော်မှန်းချက်ဟာ 3D နည်းပညာကိုသင်ယူဖို့ ဖြစ်ပါတယ်တဲ့။ ဒီနည်းပညာက သူ့နိုင်ငံသားတွေကို ထုတ်ကုန်သစ်ဒီဇိုင်းတွေရေးဆွဲဖို့ အခွင့်အလမ်းတွေလို့ ပြောပါတယ်။ မူပိုင်ခွင့်ရစေမယ့် အခွင့်အလမ်းလို့ သူယူဆပါတယ်တဲ့။

3D နည်းပညာဟာ နောင်သုံးနှစ်ခန့်အတွင်းမှာ ကမ္ဘာကြီးကို ပြောင်းလဲစေလိမ့်မယ်လို့ ဟောကိန်းထုတ်ထားပါတယ်။ နိုင်ငံတွေဟာ ဥပဒေတွေ ပြောင်းလဲရေးဆွဲရလိမ့်မယ်လို့ ဆိုပါတယ်။ ယဉ်ကျေးမှုတွေ ပြောင်းသွားမယ်လို့ ဆိုပါတယ်။

မျိုး။ ။ ကျွန်တော်တို့နိုင်ငံ ပညာရေးပြုပြင်ပြောင်းလဲရေး အားသွန်ခွန်စိုက်လုပ်နေပေမဲ့ Revolutionary ကိုတောင် မအောင်မြင်ခဲ့ဘဲနဲ့ ဆိုတော့ အဖြေရလမ်းမမြင်ပါလား။ အနာဂတ်ကိုလှမ်းမြင်ရမယ်။ မြင်ချင်ရာ မြင်လို့လည်းမရ။ ဒီအခွင့်အရေးက ဘာလဲဆိုတာသိဖို့ လိုပါတယ်။ နည်းပညာ အပြောင်းအလဲတွေကိုကြည့်ပြီး အခွင့်အလမ်းတွေကို မိမိရရ ဆုတ်ကိုင်တတ်ဖို့ လိုပါတယ်။

စိုး။ ။ ကျွန်တော် မကြာသေးခင်က အရှေ့ပိုင်းတက္ကသိုလ်ဘက် သွားတယ်။ ကားလမ်းတွေကပိတ်။ ဆရာ၊ ဆရာမ ကျောင်းသားတွေ အတွက် အချိန်တွေ ပြုန်းတီးမှုဖြစ်ပါတယ်။ ဒါပေမယ့် မကြာမီ Webducation ဖြစ်ရင် ဒါတွေ ပြေလည်သွားမယ်ထင်ပါတယ်။ ကားလမ်းပိတ်တာ ဖြေရှင်းဖို့ချည်းတွေးမနေသင့်ပါ။ နောက်ပိုင်း ဘဝ နေထိုင်မှုပုံစံတွေ ပြောင်းသွားမှာဂရုပြုဖို့လိုပါတယ်။

မြန်မာပြည်က ဖြေရှင်းနည်းတွေက မျက်စေ့မှာက်ကို ကြည့်ပြီး ဖြေရှင်းပါတယ်။ မကြာခင်မှာ နည်းပညာသစ်တွေ လိုမ့်ဝင်လာပြီး လူဇနမှုပုံစံတွေ ပြောင်းသွားတော့ အဟောသိကန် ဖြစ်ကုန်ကြတယ်။ ဒါကြောင့် အနာဂတ်ကို မျှော်ကြည့်ဖို့ တွန်းပြောနေတာပါဆရာ။

အခုပြောင်းနေတာတွေက ဇီဂနည်းပညာ၊ နာနိုနည်းပညာ 3D ဒါတွေကို ဂရုပြုစောင့်ကြည့်ပြီး အသုံးချတတ်ဖို့ လိုပါတယ်။ စက်ပူဟာ အစောပိုင်းက အဆောက်အဦးဆိုင်ရာ အင်ဂျင်နီယာနဲ့ စက်မှုနည်းပညာပိုင်းကို အားပေးခဲ့ပါတယ်။ အခုနောက်ပိုင်း ဇီဂအင်ဂျင်နီယာဘက်ကို အားပေးလာတာ တွေ့ရပါတယ်။ ကျွန်တော်တို့ဆီမှာတော့ အဆောက်အဦးဆိုင်ရာ အင်ဂျင်နီယာနဲ့ သဘော်အင်ဂျင်နီယာ ခေတ်ကောင်းတုန်း ရှိပါသေးတယ်။ ကျွန်တော်တို့က သံခြေကျင်းခတ် ပညာရပ်တွေကို နှစ်သက်မက်မောနေကြတုန်းပဲ။

မျိုး။ ။ဆရာရဲ့ နိဂုံးစကားပြောပေးပါဦး။

စိုး။ ။ပညာရေးမှာ ရှေ့ ရတာတွေရှိပါတယ်။ ကိုယ့်နိုင်ငံ အရာရာ နောက်ကျနေပြီဆိုတာ သတိပြုမိတဲ့အချိန်မှာ ရှေ့ ရပါတယ်။ ဒါကို ဖြေရှင်းဖို့ ပညာရေးကိုပြုပြင်ဖို့ ကြိုးစားကြပါတယ်။ ပြင်သစ်က နပိုလီယံဟာ ပရပ်ရှားကို စစ်ရှုံးခဲ့ပါတယ်။ အကြောင်းရင်းကိုရှာတော့ မကြာသေးမီက ပရုပ်ရှားဟာ အမျိုးသားပညာရေးစနစ်ကို တည်ထောင်ခဲ့တာကြောင့်ဆိုတာ တွေ့ရှိရပါတယ်။ ဒါကြောင့် ပြင်သစ်ဟာ ပညာရေးကို ပြုပြင်ဖို့ ကြိုးစားပါတယ်။ အဲဒီနောက်ကလိုက်ပြီး ဂျာမဏီတို့က ပညာရေးကို ပြုပြင်ကြပါတယ်။ မီဂျီခေတ် ဂျပန်နိုင်ငံဟာလည်း အမေရိကန်တွေ ရောက်လာတော့မှ နောက်ကျနေတာကို သိပြီး

ပညာရေးကို ပြုပြင်ခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကျတော့ ရှေ့ရနေတာကြာပါပြီ။ ဘယ်လိုပြုပြင်ရမှန်းမသိပဲ အစရှာမရဖြစ်နေပါတယ်။ နောက်ဆုံး တိုက်တွန်းလိုတာကတော့ ပညာရေးအပြောင်းအလဲမှာ တာဝန်ရှိသူတွေ၊ သက်ဆိုင်သူတွေအနေနဲ့ ပညာရေးအတွေးအခေါ်ပြောင်းလဲမှုကို မျှော်ကြည့်ဖို့နဲ့ လတ်တလောဖြေရှင်းနည်းကို အသုံးမပြုကြဖို့ ပြောချင်ပါတယ်။ ဓလတ်နဲ့အညီလိုက်နိုင်ဖို့ အခွင်းအလမ်းတွေပေါများသလို နောက်ကျကျန်ရင်လည်း အဖေးကြီး ကျန်ခဲ့နိုင်ပါတယ်။ စိမံကိန်းတွေ ရေးဆွဲရာမှာ ကိုယ်ရဲ့ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံနဲ့ ရေးဆွဲတာထက် အနာဂတ်ကိုမျှော်ကြည့်ပြီးဆွဲမှ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။



ပညာရေးနှင့်ဦးနှောက်ဖွံ့ဖြိုးခြင်း

မျိုး။ ။ ကျွန်တော်တို့နိုင်ငံမှာ ပြုပြင်ပြောင်းလဲမှုတွေ လုပ်နေကြပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကဏ္ဍပေါင်းစုံမှာ လုပ်ဆောင်နေကြပါတယ်။ ပညာရေးက ပိုအရေးပါမယ်လို့ ယူဆပါတယ်။ ပညာရေးကိုအခြေခံကစပြီး ပြောင်းလဲရမယ်ထင်ပါတယ်။ ပညာရေးနဲ့ပတ်သက်လို့ဆွေးနွေးပေးပါဦး။

စိုး။ ။ ဟုတ်ပါတယ်။ ပညာရေးဟာ အခြေခံကျပါတယ်။ ပညာရေးပြောင်းလဲရာမှာ အထောက်အကူ ပြုနိုင်မယ် ထင်တဲ့စာအုပ်တစ်အုပ်ကို ရွေးချယ်ပြီး ဆွေးနွေးသွားဖို့ ဖြစ်ပါတယ်။

မျိုး။ ။ ဒီစာအုပ်ကို ဘာကြောင့် အကိုးအကားပြုဖို့ ဆုံးဖြတ်သလဲဆိုတာ ရှင်းပြပေးပါလား။

စိုး။ ။ပညာရေးနဲ့ပတ်သက်ပြီး လေ့လာဖတ်ရှုတဲ့အထဲမှာ ပညာရေး၊ စိတ်ပညာ၊ ဥပဒေသ နည်းစနစ်တွေအကြောင်းက အများအပြား

တွေ့ရပါတယ်။ ဒီစာအုပ်က ဦးနောက်အလုပ်လုပ်ပုံရှထောင့်က တင်ပြထားပြီး ဦးနောက်ကို ပြောင်းလဲတိုးတက်စေနိုင်တယ်ဆိုတဲ့ အယူအဆသစ်တွေကြောင့် ရွေးချယ်ခဲ့ပါတယ်။

မျိုး။ ။ ကျွန်တော်တို့နိုင်ငံ ပညာရေးမှာ လိုအပ်ချက်တွေ ရှိနေတယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံပညာရေးအပေါ် သုံးသပ်ပေးပါဦး။

စိုး။ ။ မြန်မာပညာရေးကို သုံးသပ်ရရင် မူဝါဒ မဟာဗျူဟာတွေ အားနည်းတယ်လို့ထင်ပါတယ်။ နိုင်ငံတစ်ခုကို အနုမြူဗုံးကြဲချခံရရင် (၁၀) နှစ်ခန့် ပြန်လည်ထူထောင်ရင် နာလံထူနိုင်မှာဖြစ်ပေမယ့် ပညာရေးမဟာဗျူဟာ မှားယွင်းခဲ့ရင် နှစ်ပေါင်း (၅၀) လောက် နာလံမထူနိုင်ဖြစ်သွားပါတယ်။ နိုင်ငံတကာရဲ့ပညာရေးဆိုင်ရာ အမြင်တချို့ကို ဧဆွေးနွေးချင်ပါတယ်။ အမေရိကန်သမ္မတ ဖရန်ကလင်ရူစဘဲ့က ပညာမတတ်သူဟာ ဂိုဒေါင်ထဲက ကားတစ်စီးသာ ခိုးနိုင်ပေမယ့် တက္ကသိုလ်ကျောင်းဆင်း တယောက်ကတော့ ရထားလမ်းတစ်ခုလုံး ခိုးယူနိုင်ပါတယ်တဲ့။ စတီဖင်လက်ကော့ဆိုတဲ့ ပညာရှင်ကတော့ မျက်မှောက်ခေတ် ပညာရေးဟာ စီးပွားရေးရဲ့ ၊ငပေါက်တစ်ခုသာ ဖြစ်နေတယ်လို့ဆိုပါတယ်။

ပညာရေးနဲ့ပတ်သက်ရင် ရေတိုရေရှည် မျှော်မှန်းချက်တွေ ချမှတ်ဖို့လိုပါတယ်။ အမေရိကန်နိုင်ငံရဲ့ နမူနာ တစ်ခုကိုပြောချင်ပါတယ်၊ ၁၉၉၇ စီးပွားပျက်ကပ်ဆိုက်တော့ အမေရိကန်တွေ ပြန်လည်ဆန်းစစ်ကြပါတယ်။ သုံးသပ်ချက်တွေအရ ပညာရေးကို ပြုပြင်

ပြောင်းလဲရမယ်လို့ အဖြေထွက်ပါတယ်။ ဒီအဖြေအရ ပညာရေးကို ရည်မှန်းချက်တစ်ခု သတ်မှတ်ကြပါတယ်၊ စီးပွားရေးအတွက် ရင်းမြစ် ဖြစ်စေမယ့် ပညာရေးကို ဖေါ်ဆောင်ရန်ဆိုတဲ့ ရည်မှန်းချက်ကို ချမှတ် ပေးခဲ့ပါတယ်။ အဓမရိကန်နိုင်ငံက ကျယ်ပြန့်တဲ့အတွက် သင်ကြားမှု ဆိုင်ရာ မဟာဗျူဟာကို ပြည်နယ်အလိုက် ကွဲပြားမှုရှိပါတယ်။ ရည်မှန်း ချက်ကိုသာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ချမှတ်တဲ့သဘော ဖြစ်ပါတယ်။ (၁၉၆၀) ခုနှစ် ဂျပန်နိုင်ငံပေါ်လစီက စက်မှုလုပ်ငန်းသည် လူသားဆိုင်ရာ စွမ်းအင်လိုအပ်ချက်ကို ဖြည့်တင်းရန်ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အခွင့်အလမ်းချင်း မတူညီတဲ့နေရာဒေသ တွေ ဉာဏ်ရည်ချင်းမတူသူတွေအတွက် တစ်ခုတည်းသော သင်ကြား ရေးဆိုင်ရာမဟာဗျူဟာကို ကျင့်သုံးခဲ့တာက အဓိက အားနည်းချက် ဖြစ်ပါတယ်။

ဂျာမနီနိုင်ငံ ပညာရေးနဲ့ပတ်သက်ပြီး လေ့လာကြည့်ဖူးပါတယ်။ ဂျာမနီရဲ့မူဝါဒက ဖန်တီးတီထွင်မှု အားကောင်းဖို့အတွက် စာသင်ချိန်ကို နံနက်ပိုင်း သင်ကြားပါတယ်။ ဆန့်လည်ပိုင်း မိဘများနဲ့ အတူနေထိုင်ပြီး မိသားစုဘဝ သာယာချမ်းမြေ့ဖို့ဖြစ်တယ်လို့ ကြားဖူးနားဝရှိခဲ့ပါတယ်။ ဒါနဲ့ ဂျာမနီမှာနေထိုင်တဲ့ မြန်မာမိသားစုကို မေးမြန်းကြည့်ပါတယ်။ မူလရည်ရွယ်ချက်က မိခင်တွေ အလုပ်ခွင်မသွားသူတွေအတွက် သင့်လျော်ပါတယ်။ ခုခေတ်ကျတော့ ဖခင် မိခင် နှစ်ယောက်လုံး အလုပ် သွားကြရတော့ ကျောင်းကပြန်လာတဲ့ကလေးတွေ အခက်အခဲ ကြုံနေ ရပါတယ်လို့ရှင်းပြပါတယ်။ ဒီလိုပဲ နိုင်ငံတကာမှာလဲ အခက်အခဲမျိုးစုံ ကြုံကြရပါတယ်။

Neuroanatomist Marian Diamon က သာမန် အဖေရီကန် ကျောင်းသားအများစုဟာ ဦးနှောက်ဖွံ့ဖြိုးမှုအတွက် လိုအပ်သော ပတ်ဝန်းကျင်အတွေ့အကြုံ မရှိပါလို့ သုံးသပ်ထားတာတွေ့ရပါတယ်။ အဖေရီကန်ဟာ ပညာရေးအဆင့်မှာ အကောင်းဆုံးမဟုတ်တော့ပါ။ ဒါပေမယ့် သတိပြုသင့်တာက ပါရမီရှင်တွေအတွက် အကောင်းဆုံး ပတ်ဝန်းကျင်ဖြစ်နေတဲ့အတွက် ထိပ်တန်းနိုင်ငံအဖြစ်ရပ်တည်နိုင်တာပါ။

မျိုး။ ။နိုင်ငံတကာမှာလဲ ပညာရေးနဲ့ ပတ်သက်လို့ အခက်အခဲမျိုးစုံ ပြဿနာမျိုးစုံရှိနေတယ်လို့ ဆိုလိုတာပေါ့။ ဦးနှောက်ဖွံ့ဖြိုးမှုဆိုတာ ဘာလဲ။ အဓိပ္ပါယ်ကို ရှင်းပြပေးပါဦး။

စိုး။ ။ဦးနှောက် ဖွံ့ဖြိုးခြင်းရဲ့သဘောက ကြုံတွေ့လာရတဲ့ အကြောင်းခြင်းရာများကို တုန့်ပြန်ရာတွင် အပြုသဘောဆောင် တုန့်ပြန်နိုင်တဲ့ ဇီဝဆိုင်ရာဖြစ်စဉ်လို့ ဖွင့်ဆိုထားပါတယ်။ မဂ္ဂင်ရှစ်ပါးနဲ့အလားတူတယ်ဆရာ။ ကောင်းသောအပြုအမူ၊ အတွေးတွေကို ပျိုးထောင်ပေးတာပေါ့။ ပညာရေးရဲ့ မူလဆိုလိုရင်းကလည်းပဲ ကောင်းမွန်တဲ့ အပြုအမူ ဓလေ့စရိုက်တွေပေါ်ထွန်းစေဖို့ပဲဖြစ်ပါတယ်။

မျိုး။ ။စာအုပ်အကြောင်းကို ဆွေးနွေးပေးပါဦး။

စိုး။ ။Enriching the Brain ,How to Meximize Every Learner's Potential စာအုပ်ကို Eric Jesen က သုတသနပြု

ရေးသားတာဖြစ်ပါတယ်။ ဒီစာအုပ်ရဲ့ဖေါ်ပြချက်များက ဦးနှောက်ကို ဖွဲ့ပြုံးတိုးတက်အောင် လုပ်ဆောင်ရမယ့် နည်းလမ်းများကို တင်ပြထားတာဖြစ်ပါတယ်။ ဉာဏ်ရည်နိမ့်မြင့် အမျိုးမျိုးဒေသာ ဦးနှောက်တွေကို စွမ်းဆောင်ရည် ကောင်းမွန်အောင်ဆောင်ရွက်ခြင်းလို့ ဆိုပါတယ်။

စာရေးသူအနေနဲ့ အလေးအနက်ဆိုလိုချင်တာက ဒီစာအုပ်ဟာ ရလဒ်ကိုတိုင်းတာခြင်းဖြင့် ချဉ်းကပ်ပါတယ်။ ဖြစ်ပွားရခြင်းအကြောင်းရင်းများကို ဇလ့်လာခြင်းမဟုတ်ပါလို့ ဆိုထားပါတယ်။ အကြောင်းရင်း ဆိုသည်မှာ ဉာဏ်ရည်နိမ့်ခြင်းမြင့်ခြင်း သဘောဖြစ်ပြီး ရလဒ်မှာ ဉာဏ်ရည်နှင့်မသက်ဆိုင်ပဲ ကောင်းမွန်ဒေသာရလဒ် ဖေါ်ထွက်ဖရေးကိုသာဆိုလိုခြင်းဖြစ်ပါတယ်။ သင်ယူသူတိုင်းရဲ့ ဦးနှောက်တွေကို ရလဒ်ကောင်းအောင် ပြုပြင်နည်းတွေကို တင်ပြထားပါတယ်။

နောက်တစ်ချက်က ယခင်လက်ခံထားကြတဲ့ Fix Brain Myth ဦးနှောက်ဟာ ပုံသေအယူအဆကိုလက်မခံဘဲ ဦးနှောက်ဟာ ပြောင်းလဲတိုးတက်အောင် လုပ်ဆောင်နိုင်တယ်ဆိုတဲ့ အယူအဆကို တင်ပြထားပါတယ်၊ ယခင်က အယူအဆမှာ ဉာဏ်ရည်မြင့်တဲ့ဦးနှောက်နဲ့ ဉာဏ်ရည်နိမ့်တဲ့ ဦးနှောက်ပိုင်ရှင်များဟာ မွေးရာပါပုံသေဖြစ်တယ်။ ဉာဏ်ရည်ကောင်းသူက ရလဒ်ကောင်း ဖေါ်ထွက်နိုင်မယ်။ ဉာဏ်ရည်မကောင်းသူက ရလဒ်ကောင်း မဖေါ်ထွက်နိုင်ဘူးလို့ လက်ခံထားခြင်းဖြစ်ပါတယ်။

ပြင်ပ ပတ်ဝန်းကျင်ကြောင့် ဦးနှောက်ကို ပြောင်းလဲစေနိုင်တယ်လို့ လဲတင်ပြထားပါတယ်၊ ပတ်ဝန်းကျင်ကို အလေးပေး တင်ပြပါတယ်။ ဥပမာအားဖြင့် မိမိအိမ်ရဲ့ခန်းဆီးကို လဲလိုက်ခြင်းက မိမိရဲ့

ဦးဇနာက်မှာ ပြောင်းလဲမှုဖြစ်စေတယ်လို့လည်း ဆိုပါတယ်။ မျက်မှောက်သင်ကြားနေတဲ့ ပညာရေးသဘောတရား ရည်မှန်းချက်တွေကို မိဘတွေကနားလည်သိရှိဖို့ အရေးကြီးတယ်လို့ ဆိုပါတယ်။ ဦးဇနာက်ကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာမှာ အသက်အရွယ်မရွေးလည်း လုပ်ဆောင်နိုင်ပါသေးတယ်။ ကျွန်တော်တို့ဆီမှာ ဆယ်တန်းကို ဂုဏ်ထူးအများကြီးနဲ့ အောင်တဲ့သူတွေက သူတို့သာ ဉာဏ်ကောင်းတယ်၊ သူတို့တွေးခေါ်စဉ်းစားတာသာ မှန်တယ်ဆိုပြီး တစ်သက်လုံး မှတ်ထင်ထားကြတယ်။ သူတို့ဦးဇနာက်ရဲ့ စွမ်းဆောင်ရည်တွေကျဆင်းတဲ့အထိ ဒီအယူအဆကို စွဲကိုင်ထားတာတွေ့ရပါတယ်။

ဇနာက်တစ်ချက်က အတန်းပညာထူးချွန်သူ တစ်ဦးတည်းကို အတန်းထဲမှာ ပထမဆုပေးတဲ့စံနစ်အစား၊ အနုပညာ အားကစား လူမှုရေး စသဖြင့် ထူးချွန်သူတွေကိုပါ ပထမပေးတဲ့စနစ်ကို ကျင့်သုံးဖို့ ပြောထားပါသေးတယ်။

ဇနာက်စနစ်တမျိုးက အောင်ရုံးသတ်မှတ်တာမျိုးမဟုတ်ပဲ အဘီ စီ စသဖြင့် အဆင့်ကိုသာ ထုတ်ပြန်ပေးတာမျိုး ဖြစ်ပါတယ်။ ဒီစနစ်မျိုးတွေမှာမှ အားကစား အနုပညာတွေ ဖွံ့ဖြိုးအောင် လုပ်ဆောင်နိုင်ပါတယ်။ အောင်ရုံးစနစ်ဟာ ဘက်စုံဖွံ့ဖြိုးဖို့ ဆောင်ရွက်ရာမှာ အခက်အခဲရှိပါတယ်။

ဇနာက်တစ်ချက် ဆယ်တန်းကဇန အသက်မွေးပမ်းကြောင်းခွဲတာ အမှားယွင်းဆုံး ဖြစ်မယ်ထင်ပါတယ်။ လူငယ်တယောက် ဖြစ်ချင်တာကို အခွင့်အရေး တကြိမ်ပဲပေးတာ မဖြစ်သင့်ပါ။ ဂါသနာပါရာကို အကြိမ်ကြိမ်ကြိုးစား သင့်ပါတယ်။ ကျွန်တော်တို့ဆီမှာ ဆရာဇန်ဘွဲ့ဟာ

ပညာသင်ဘောထက် အဆင့်အတန်းကိုပြတဲ့ သဂၤါတတစ်ခု ဖြစ်နေပါတယ်။

ရုပ်ပိုင်းဆိုင်ရာက ဦးဇနာက်ကို ပြောင်းလဲစေတာတစ်ခု ဆွေးနွေးချင်ပါသေးတယ်။ ကျွန်တော်တို့ ညာလက်ကိုအားပြုပြီး စာရေးကြတယ်။ စာသင်နေတဲ့ တစ်ချို့နဲ့လုံး ဖိပြီးတော့ကို အားစိုက်တာ။ သူနဲ့ဆိုင်တဲ့ ဘယ်ဘက်ဦးဇနာက်ကို အားသန်စေတာပေါ့။ ကျက်မှတ်တဲ့အလေ့ကလည်း ဘယ်ဘက်ဦးဇနာက်ကို အားသန်စေပြန်တယ်။ ကျွန်တော်တို့နိုင်ငံက ဓမ္မးထုတ်ပေးချင်တာက တီထွင်သူတွေ၊ တီထွင်သူဖြစ်ဖို့ ညာဘက်ဦးဇနာက်နဲ့ပေါင်းပြီး သုံးနိုင်ရပါမယ်။ ဦးဇနာက်ကို ဘယ်လို ဆွရတယ်ဆိုတာ သိဖို့လိုပါတယ်။ ဒီစာအုပ်ကို ညွှန်းပြရတာ ဦးဇနာက်နဲ့ဆိုင်လို့ပါပဲ။

ငယ်ငယ်တုန်းကအဖြစ်တွေ မှတ်မိနေပါသေးတယ်။ ဂျပန်နိုင်ငံရဲ့ တီထွင်မှုတွေကို အားကျပြီး ကျောင်းတွေမှာ ဟောပြောပွဲလုပ်ရင်လည်း ဂျပန် ဘယ်လိုတိုးတက်တဲ့အကြောင်း မဂ္ဂဇင်း၊ ဂျာနယ်၊ စာအုပ်တွေမှာလည်း တီထွင်မှုအကြောင်း ရေးကြပါတယ်။ ဒါဖေပမယ့် တီထွင်ရှင်တွေ ဖြစ်မလာခဲ့ပါဘူး။ ဘာကြောင့်လဲ သာမာန်ပညာသင်ကြားရေး ပုံစံတစ်ခုကိုပဲကြည့်ပြီး လုပ်ခဲ့ကြတာကြောင့်ပါ။ ဦးဇနာက်ပုံသဏ္ဌာန်ကို ပြောင်းလဲတည်ဆောက်ဖို့ ဓလေ့ထုံးစံတွေ၊ ဘဂဇနတိုင်မှုတွေကအစ သင်ကြားရေး၊ အားလုံးပါဂင်ဖို့လို တာကို မသိခဲ့ကြလို့ပါပဲ။ အခုထိလည်း ပညာရေးနဲ့ ပတ်သက်လို့ ရှင်းရှင်းလင်းလင်း မသိကြဒေသးဘူးလို့ ယူဆပါတယ်။ အယူအဆ လွဲသွားရင် ဇနာက်ထပ်နှစ်ငါးဆယ် ကြာနေပါဦးမယ်။

ကျွန်တော်တို့ရဲ့ ပညာရေးက အတတ်ပညာ သင်ကြားရေး ဘက်ကို အားသန်ပြီး ဦးနှောက်ဖွံ့ဖြိုးမှုကို ဂရုမပြုဘူးလို့ ထင်ပါတယ်။ ဒါကြောင့် ယခင်ကထက် ပညာတတ်သူဦးရေ များလာပေမယ့် တိုင်းပြည်မတိုးတက်ပဲ ကျဆင်းလာရတာလို့ ယူဆပါတယ်။

မျိုး။ ။ကျယ်ပြန့်ပါတယ်ဆရာ၊ ကျွန်တော်တို့နိုင်ငံ ပညာရေးမဟာဗျူဟာကို ဘယ်လိုလုပ်ဆောင်သင့်သလဲ ဆွေးနွေးပေးပါဦး။

စိုး။ ။ကျွန်တော်တို့နိုင်ငံ ပညာရေးမှာ ကလေးဗဟိုပြု သင်ကြားရေးဆိုပြီး လုပ်နေကြတာ ဆရာသတိထားမိမှာပါ။ ဒီလိုလုပ်တဲ့နေရာမှာ နည်းစနစ်ကိုချည်း ကြည့်လို့မရပါဘူး။ မဟာဗျူဟာကျကျ ပြောရမယ်ဆိုရင် သင်ရိုး၊ ဆရာတွေရဲ့အရည်အသွေး၊ ပတ်ဝန်းကျင်၊ နည်းပညာအကူအညီတွေကို ကျယ်ကျယ်ပြန့်ပြန့်ထည့်သွင်းဖို့ လိုပါမယ်။ သင်ရိုးပြဋ္ဌာန်းတာကိုကြည့်ရင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပြဋ္ဌာန်းထားတယ်။ နိုင်ငံတကာစံနဲ့ယှဉ်ပြီး လုပ်တယ်လို့ ဆိုကြမှာပဲ၊ ပြဋ္ဌာန်းစာအုပ်တစ်ကြိမ်ရိုက်နိုပ်ရင် သိန်းချီမှာပေါ့။ လိုအပ်ချက်ရှိလို့ ပြင်မယ်ဆိုရင် သိပ်ခက်သွားပြီ။ ကုန်ကျစရိတ် သိပ်များတာပေါ့။ နိုင်ငံတကာမှာ ပြဋ္ဌာန်းစာအုပ်ကို ဒေသအလိုက်မတူညီဘူး။ ပြဋ္ဌာန်းစာအုပ်မဟုတ်ဘဲ ရည်ညွှန်းစာအုပ်သာ ဖြစ်သင့်တာမျိုးတွေရှိပါတယ်။ ကျွန်တော်တို့ရဲ့ မဟာဗျူဟာက တစ်စုံတစ်ဦး ဇကာင်းစားရေး မဟာဗျူဟာ ဖြစ်နေပါတယ်။ ကျွန်တော်တို့ ခုသင်ကြားနေတဲ့ပုံစံက classical education ပုံစံလို ဖြစ်နေပါတယ်။ သမိုင်းကြောင်းတွေကို သင်ရိုးမှာပြဋ္ဌာန်းပေးပြီး

ဒီအထဲက စာပေ၊ အတွေးအခေါ်၊ အရေးအသားတွေ တိုးတက်အောင် လုပ်တဲ့ စနစ်ပေါ့ဆရာ။

ဆရာတွေရဲ့ အရည်အချင်းကိုပြောရရင် မူလတန်းဆရာဟာ သင်ကြားရေးဆရာတွေအဆင့်မှာ အနိမ့်ဆုံးအဆင့် ဖြစ်နေပါတယ်။ ကလေးဗဟိုပြုသင်ကြားရေးမှာ ဆရာတွေရဲ့အရည်အချင်းက မြင့်ဖို့ လိုပါတယ်။ ဘီအီးဒီဆင်းဆိုရင် အထက်တန်းပြလို့ သတ်မှတ်ထား တယ်။ တကယ်တော့ ဘီအီးဒီမူလတန်း၊ အလယ်တန်းအဆင့်ရှိ သင့်ပါ တယ်။ မူလတန်းအတွက် အရည်အချင်းဟာ ပညာရေးဝန်ထမ်းထဲမှာ အမြင့်ဆုံးအဆင့်ထားရှိဖို့ လိုပါတယ်။ နိုင်ငံတကာမှာ သင်ကြားရေး နဲ့ပတ်သက်လို့ ရိုးရိုးဆရာ မာစတာဆရာ စသဖြင့် ရာထူးတိုးမြှင့် ပါတယ်။ မူလတန်း အဆင့်မြင့်မှ အထက်ဆင့်တွေမှာမြင့်မှာပေါ့။ လစာ တိုးပေးရုံနဲ့တော့ မရပါဘူး။ အခြေခံအဆင့် ဆရာတွေအပေါ် တန်ဖိုး ထားမှုအဆင့်ကို ဆိုလိုတာပါ။ အနာဂတ်သားကောင်းတွေ ထွက်ပေါ်ဖို့ အရေးအကြီးဆုံးက အခြေခံအဆင့်ဆရာတွေဖြစ်တယ်ဆိုတာ နက်နက် နဲနဲ လက်ခံဖို့လိုပါတယ်။ အမိကသင်ကြားရေး ဆရာတွေရဲ့ အဆင့် ခွဲခြားမှုပြဿနာကို မဖြေရှင်းပဲ ဘယ်စံနစ်ကိုသုံးသုံး မအောင်မြင်နိုင် ပါဘူး။

နောက်တစ်ခုက နိုင်ငံတကာမှာ မူလတန်း အလယ်တန်းကို (public school) ပြည်သူ့ကျောင်းလို့ သုံးရမလား၊ (အစိုးရကျောင်း- government school လို့တောင် မသုံးကြပါ) အမိကအားထား ပါတယ်။ အဆင့်အတန်းပြည့်မီအောင် ဆောင်ရွက်ထားကြပါတယ်။ ပုဂ္ဂလိကကျောင်းတွေတော့ ရှိပါတယ်။ ပြည်သူအများစုအတွက် မဟုတ် ပါ။ ကျွန်တော်တို့ဆီမှာ အခြေခံနဲ့ အထက်တန်းကို ပုဂ္ဂလိက အရင် ပြောင်းသွားပြီးတော့ တက္ကသိုလ်တွေက ပုဂ္ဂလိကကို မပြောင်းသေးဘူး။ ရှေ့နောက်အစီအစဉ် မှားတယ်လို့ထင်ပါတယ်။

မျိုး။ ။မူလတန်းဆရာ အနိမ့်ဆုံးဖြစ်နေတာ ကျွန်တော်လည်း မကြိုက်ချင်ဘူး။ ဘီအီးဒီအောင်ရင် အထက်တန်း၊ အမ်အေ အမ်အက်စီ အောင်ရင်တက္ကသိုလ်ကျူတာ၊ ဒါတွေကမှားနေတယ်လို့ မြင်ပါတယ်။ ဘယ်သူတွေက ဘယ်လိုတွေများ ချမှတ်ခဲ့လို့ ဒီအတွေးအခေါ်တွေ ဖြစ်သွားကြတာလဲ မသိပါဘူး။ ကျွန်တော့်သားကို မေးကြည့်တယ်။ မူလတန်းက အထက်တန်းထိ ဆရာမတွေနဲ့ချည်း သင်ခဲ့ရတယ်တဲ့။ ဆရာတွေနဲ့ မသင်ကြားခဲ့ရဖူးတဲ့၊ ဒါတွေကို ဘယ်လိုပြုပြင်ကြမလဲ။ နောက်တစ်ခုက အဂေါင်အထည်ဖော်မှုကို စောင့်ကြည့်ဖို့ ဒါလဲ အရေးကြီးပါတယ်။ ဘယ်လိုစနစ်ကိုသုံးပြီး စောင့်ကြည့်သုံးသပ်ကြမလဲ ဝေဆွေးနွေးပါဦး။

စိုး။ ။ နိုင်ငံတကာမှာတော့ အစိုးရသတင်းအချက်အလက် ပန်ဆောင်မှုဆိုတာ ရှိပါတယ်။ ပြည်သူတွေက သတင်းပေးနိုင်သလို သိချင်တာတွေလဲ မေးမြန်းနိုင်ပါတယ်။ ကျွန်တော်တို့ဆီမှာက အစိုးရ ပန်ထမ်းတွေအပေါ် အကာအကွယ် ပေးလွန်းပါတယ်။ အစိုးရပန်ထမ်း တွေဟာ professional မဟုတ်သလိုပဲ ဘာတာပန်မှ ယူစရာမလိုဘူး။ အဆင့်မမီရင်လည်းဖြစ်တယ်၊ မှားသွားရင်လည်း ဖြစ်တယ်ဆိုတော့ ဘယ်မှာ တိုးတက်တော့မလဲ။ အဆင့်ဆင့်ဝေတော့ တာပန်ယူမှု တာပန်ခံမှု ရှိကြရပါလိမ့်မယ်၊

မျိုး။ ။ဆရာရဲ့နိဂုံးစကားလေး ပြောပေးပါဦး။

စိုး။ ။ ကျွန်တော်တို့ အခုကိုးကားတဲ့စာအုပ်ရဲ့ သဘောတရားက မူလတန်း၊ အလယ်တန်းတွေအတွက် သင်ယူမှုကို အားပေးပြီး ကြိုးပြင်းလာတဲ့အခါ ဦးနောက်ကို ဘယ်လိုအသုံးချရတယ်ဆိုတာသိရင်

ဖိဖိကိုယ်ကို သင်ယူသွားနိုင်အောင် ထောက်ပြထားတာဖြစ်ပါတယ်။ မူဂါဒ ချမှတ်သူတွေဟာ ဒီပညာရေး သဘောတရား တွေကိုသိနားလည်ဖို့၊ အနာဂတ်လူငယ်မျိုးထောင်ရေးကို မှန်မှန်ကန်ကန် လုပ်ဆောင်ကြဖို့ ပြောလိုပါတယ်။

Scanned by CamScanner



ပညာရေးကို မနုဿဗေဒရှုထောင့်မှ ဆွေးနွေးခြင်း

မျိုး။ ။ကျွန်တော်တို့ တစ်ခုခုကို သုံးသပ်တဲ့အခါ ရှုထောင့် (point of view) က အရေးကြီးတာပေါ့။ ကွဲကွဲပြားပြားသိဖို့ လိုပါတယ်။ ဆွေးနွေးပွဲတွေမှာ ငြင်းခုံနေကြတာ ရှုထောင့်မတူတော့ ဖြေရှင်းမရဖြစ်ကြပါတယ်။ ပြဿနာတစ်ရပ်ကို ဆွေးနွေးကြတဲ့အခါ စိတ်ပညာ သိပ္ပံပညာစသဖြင့် ပညာရပ်ရှုထောင့် အမျိုးမျိုးက ချဉ်းကပ်နိုင်ပါတယ်။ ဆရာက ပညာရေးကို မနုဿဗေဒရှုထောင့်က သုံးသပ်မယ်ဆိုတော့ စိတ်ဝင်စားပါတယ်။

စိုး။ ။ပညာရေးကို ဆွေးနွေးကြရင် အများအားဖြင့် သင်ရိုးသင်ကြားမှုစနစ်တွေကို ဆွေးနွေးလေ့ရှိကြပါတယ်။ ကျွန်တော်ကတော့ ပညာရေးနဲ့ ပါဝင်ပတ်သက်တဲ့သူတွေရဲ့ အယူအဆ ဓလေ့ထုံးစံတို့ကို ဆွေးနွေးပါမယ်။

မျိုး။ ။ကျွန်တော်တို့ အဖက်ဖက်က နိမ့်ကျနေပါတယ်။ ကျွန်တော် ဒေါက်တာညီဝင်းမှန်နဲ့တွေ့ပါတယ်။ သူက နိုင်ငံခြားမှာ နှစ်ပေါင်း(၃၀)

လောက် နေလာတာပါ။ မြန်မာပြည် ပြန်ရောက်တော့ ပညာရေး အခြေအနေကို မြင်ရကြားရပြီး ထိုင်တောင်ငိုချင်တယ်တဲ့ဆရာ။ ဘယ်လိုများ သုံးသပ်ချင်ပါသလဲ။

စိုး။ ။နိုင်ငံတော်တော်များများဟာ ပြဿနာတွေ အခက်အခဲတွေ ရှိလာရင် အဖြေရှာဖို့ ကြိုးစားကြပါတယ်။ ဒီအခါမှာ ပညာရေး အားနည်းတာကြောင့်ဆိုပြီး။ သုံးသပ်လေ့ ရှိကြပါတယ်။ တနည်း အားဖြင့် ပညာရေးရော့ ရကြတာပေါ့။ ကျွန်တော်တို့လည်း အခု ဒီအတိုင်းပညာရေးရော့ ရနေကြပါတယ်။ တကယ်ဖြေရှင်းဖို့ ကြိုးစား တော့ နည်းလမ်းရှာမတွေ့ပဲ နှစ်ပေါင်းများစွာ တဲလည်လည်ဖြစ်နေ တာ တွေ့ရပါတယ်။ ပရော်ရှားဟာ ကမ္ဘာမှာ ထမဆုံး အမျိုးသား ပညာရေးကို ထူထောင်ခဲ့ပါတယ်။ ဒါကြောင့်ပြင်သစ်နဲ့စစ်ဖြစ်တဲ့အခါ အောင်နိုင်ပါတယ်။ ပြင်သစ်က ဘာကြောင့်စစ်ရှုံးရလဲ အဖြေရှာတော့ ပရော်ရှားရဲ့ပညာရေးပြုပြင်ပြောင်းလဲမှုကို သွားတွေ့ပါတယ်။ ပြင်သစ် လည်း ပညာရေးရော့ရပြီး လိုက်ပြောင်းပါတယ်။ သူနောက်က ဂျာမနီ လည်း ပညာရေးပြုပြင်မှုလုပ်ပါတယ်။ ဒီလိုပဲ အာရှက ဂျပန်ဟာ အဓမရိကန်တွေရောက်လာမှ ပညာရေးရော့ရပါတယ်။ သူတို့ ပြုပြင် လိုက်တော့ ရုရှားကိုစစ်နိုင်ပါတယ်။ ကျွန်တော်တို့က ဘာလို့ အောင်မြင် အောင် မလုပ်နိုင်တာလဲ အဖြေရှာကြရပါမယ်။

မျိုး။ ။ ပညာရေးရော့ရတာ (၁၉၈၈) မတိုင်မီကတည်းကလို့ ဆိုရမှာပေါ့။ အဲဒီတုန်းက သုံးခွမြို့နယ် နယ်ပညာရေးမှူး ပြောတဲ့စကား ကိုပြန်ပြောချင်ပါတယ်။ နိုင်ငံတစ်နိုင်ငံ ပျက်စီးပြီဆိုရင် နောက်အကျဆုံး ပျက်စီးတာက ပညာရေးလို့ သူကပြောပါတယ်။ ဆယ်တန်းစာမေးပွဲ စစ်ခါနီးမှာ သူတို့အတွင်းစည်းမှာ ပြောထားတာက အင်္ဂလိပ်စာ မေးခွန်း

ကို ဘာကျာပုံခေါက်ထားလိမ့်မယ်လို့ ဆိုပါတယ်။ အဲဒီစကားကို အပြင်အင်္ဂလိပ်ကျူရှင်ဆရာကလည်း သူ့တပည့်တွေကို ပြောထားပါတယ်။ သူသိနေတဲ့ သဘောပါ။ တကယ်လဲစာမေးပွဲစစ်တော့ ဒီအတိုင်းဖြစ်လာပါတယ်။ မေးခွန်းပေါက်တာပေါ့။ အခုလည်း မေးခွန်းတွေ ဆက်တိုက်ပေါက်တော့ ဆရာကြိုးပြောတဲ့စကားကို သတိရလာမိပါတယ်။ တိုင်းပြည်ကို မပျက်စီးအောင် ဘယ်လိုဘယ်ပုံလုပ်သင့်သလဲ။ ဆွေးနွေးပေးစေချင်ပါတယ်။

စိုး။ ။ အများအားဖြင့် ပညာရေးနဲ့ပတ်သက်ရင် ဆရာတွေရဲ့ အခန်းကဏ္ဍကိုပဲ ပြောကြဆိုကြပါတယ်။ သင်ကြားမှု အရည်အချင်း မမှီဘူး၊ ကျူရှင်မှာပဲ သေချာသင်ကြတယ် စသဖြင့်ပေါ့ ဆရာရယ်။ ကျောင်းသားနဲ့ ကျောင်းသားမိဘတွေရဲ့ ဓလေ့ဝိုင်းကို သိပ်မပြောကြဘူး။ ကျွန်တော်ကတော့ ကျောင်းသားတွေနဲ့ မိဘတွေဘက်ကိုပြောချင်ပါတယ်။ ကျွန်တော် အရင်ကိုးကားပြောဖူးတဲ့ Enriching the Brain စာအုပ်မှာလည်း ကျောင်းသားမိဘတွေကို သိနားလည်အောင် ရှင်းပြဖို့ ဆိုထားပါတယ်။ အခုခေတ်မှာ ပညာတွေ အသစ်အသစ်တွေ ဆက်တိုက်ပေါ်လာတော့ ဆရာတွေကိုအလျဉ်မီအောင် သင်တန်းပေးဖို့ ခက်ပါလိမ့်မယ်။ တစ်နည်း ဆရာတွေကိုယ်တိုင် သင်ယူသူ ဖြစ်ရပါတော့မယ်။ သင်ယူမှု ပတ်ဝန်းကျင်ကောင်းကို ကျောင်းသားမိဘ ဆရာသမား ပူးပေါင်းလုပ်ဆောင်မှ ပညာရေး တိုးတက်လာမှာ ဖြစ်ပါတယ်။ မိဘတွေကိုယ်တိုင်က အမြဲသင်ယူနေသူဖြစ်ဖို့လိုပါမယ်။

ဒီနေရာမှာ ကျွန်တော် နမူနာပြချင်တာက ကမ္ဘာမှာထင်ရှားတဲ့ ဂျူးလူမျိုးတို့၊ တရုတ်လူမျိုးတို့ကိုကြည့်ပါ။ သူတို့ဘယ်လိုပညာရေး စနစ်မှာဖြစ်ပါစေ ထူးချွန်အောင် သင်ယူနိုင်ကြပါတယ်။ ဒါက သူတို့ရဲ့ ဓလေ့ထုံးစံကိုယ်က အားသာချက်ရှိလို့ဖြစ်ပါတယ်။ ကျွန်တော်တို့က

ပညာရေးစနစ်ကိုချည်း မဲပြောနေကြပြီး ဓလေ့ထုံးစံပိုင်းကို သိပ်မဂရုဖန်
ကြပါဘူး။ တကယ်တော့ သင်ယူမှုကောင်းဖို့ မိသားစု အယူအဆ
အလေ့အကျင့် ဘဝနေမှုပုံစံတွေက အထောက်အကူ ပြုပါတယ်။
ပညာရေး ကျဆင်းရခြင်းဟာ မူဝါဒ နည်းစနစ်တွေကြောင့်ချည်း
မဟုတ်ပါ။ ကျွန်တော်တို့လူမျိုးတွေရဲ့ စံယူချက်၊ ဘဝနေမှုပုံစံတွေ
ကြောင့်လည်း ပါဝင်တယ်လို့ ပြောချင်ပါတယ်။

မျိုး။ ။ စိတ်ဝင်စားဖို့ကောင်းပါတယ်။ ကျွန်တော်တို့ပညာရေး ပြုပြင်
ပြောင်းလဲမှုအတွက် အဖြေတစ်ခု ဖြစ်နိုင်ပါတယ်။

စိုး။ ။ ကျွန်တော်တို့ ဉာဏ်ကောင်းမကောင်း ဆိုတာလည်း ဘဝ
နေမှုနဲ့ သက်ဆိုင်ပါတယ်။ ဦးဇနာက်ဟာ ပြောင်းလဲအောင် လုပ်နိုင်
ပါတယ်လို့ ကျွန်တော် အရင်အပတ်တွေမှာ ဆွေးနွေးဖူးပါတယ်။ ဆရာ
ဆရာမ မပြည့်စုံတဲ့ တောက ကျောင်းသူ၊ ကျောင်းသားလေးတွေ
ဆယ်တန်းကို (၆) ဘာသာဂုဏ်ထူးနဲ့ အောင်မြင်တာကို ကြည့်ရင်
သူတို့ရဲ့ သင်ယူနိုင်စွမ်းကို ဇတ္ထုနိုင်ပါတယ်။

မျိုး။ ။ဒါကို သတိမမူမိကြဘူး။ ကျွန်တော်တို့ စကားဝိုင်းတွေမှာ
ပြောဖြစ်ကြပါတယ်။ တိုင်းပြည်အုပ်ချုပ်သူ အများစုဟာ မြို့ပေါ်က
နာမည်ကြီး ကျောင်းတွေကမဟုတ်ပဲ တောကဖြစ်နေတာ တွေ့ကြရ
ပါတယ်။ ကျွန်တော်တို့ သင်ယူသူအဝိုင်းကို မေ့ထားကြပြီး သင်ကြားသူ
အဝိုင်းပဲ ပြောနေကြပါတယ်။

စိုး။ ။ နိုင်ငံတော် အစိုးရဝိုင်းက သင်ကြားရေးကို မြှင့်တင်ဖို့ကြိုးစား
နေရုံနဲ့မှာ မိသားစုဓလေ့တွေက သင်ယူနိုင်ဖို့ကို ကြိုးစားသင့်ပါတယ်။

တိုင်းပြည်တစ်ပြည် နိမ့်ကျရခြင်းဟာ ဓလေ့တွေနဲ့လည်း သက်ဆိုင်ပါ တယ်။ ဓလေ့ကောင်းကို ပိုင်ဆိုင်တဲ့လူမျိုးတွေဟာ တိုင်းပြည်ကြမ္မာ ကြောင့် ပျက်စီးမှုကြုံရရင်တောင် မကြာမီပြန်ပြီး နလံထူနိုင်ကြပါတယ်။

မျိုး။ ။ ကျွန်တော့်ကိုယ်ကျွန်တော် သံသယ ဖြစ်မိလာပါတယ်။ ကျွန်တော် နစ်ပေါင်းများစွာ သင်ကြားသူအပေါ်မှာရှည်း အပြစ်တင်နေ ခဲ့ပါတယ်။ ကျွန်တော့် ပတ်ဝန်းကျင်ကိုရှည်း အပြစ်တင်ပါတယ်။ သားသမီးတွေနဲ့ ပတ်သက်လို့ သင်ကြားသူတွေကို အပြစ်မြင်ခဲ့ပါတယ်။ အခုတော့ ကျွန်တော်အမှားကျူးလွန်သူ ဖြစ်နေသလားလို့ ဆင်ခြင်မိ ပါတယ်။

စိုး။ ။ (၂၀) ရာစု ပညာရေးဟာ မက်လောက်စရာ မဟုတ်တာကို လေ့လာမှုတွေအရ သိရှိလာကြပါပြီ။ အာရုံစူးစိုက်မှုကို အခြေပြု သင်ကြားတဲ့ ကျွန်ပညာရေးစနစ်ဆိုတာ သိလာကြပါပြီ။ (၂၁) ရာစု ဉာဏ်ကွန်မြူးတဲ့ ပညာရေးစနစ်ကို ပြောင်းလဲနေပြီ ဖြစ်ပါတယ်။ နည်းပညာတွေ တိုးတက်ဖွံ့ဖြိုးမှုက ကြောက်ဓမန်းလိလိဖြစ်ပါတယ်။ ဇီဝနည်းပညာ၊ နာနိုနည်းပညာ၊ အခုနောက်ဆုံး ဓတ်စားလာတာက (programming language) ဖြစ်ပါတယ်။ ဒါကိုလဲ အင်တာနက်ကဓန (၁၀-၁၅)နှစ် ကလေးတွေ သင်ယူနိုင်အောင် စီစဉ်ထားကြပြီး ဖြစ်ပါ တယ်။ သင်ယူမှုအတွက်လည်း နယ်ဓမြေနဲ့အချိန် အကန့်အသတ်မရှိ သင်ကြားနိုင်ပါပြီ။ ဒီလိုကာလမျိုးမှာ ကိုယ့်အနားက သင်ကြားသူတွေ လောက်ကို အပြစ်မြင်နေမယ့်အစား ကျယ်ကျယ်ပြန့်ပြန့် သင်ယူ နိုင်ဖို့သာ ကြိုးစားသင့်ပါတယ်။ အိမ်တိုင်းနီးပါး လက်ကိုင်ဖုန်းတွေ ရှိနေကြပါပြီ။ နောက်ပိုင်း ဘာသာပြန် စနစ်တွေလည်း ကောင်းလာ

တော့မှာပါ။ မိသားစုတွေအနေနဲ့ သင်ယူသူဖြစ်နေဖို့သာ ပြင်ဆင်ကြရပါမယ်။

အခုနောက်ပိုင်း ဆရာအစား လမ်းညွှန်သူတွေနဲ့အစားထိုးလာပါတော့မယ်။

မျိုး။ ။ ကိုလိုနီခေတ်က ဗြိတိသျှတွေ မြန်မာပြည်ကို သိမ်းပြီးခါစ စစ်တမ်းကောက်တော့ မြန်မာတွေ စာတတ်မြောက်မှုနှုန်းဟာ ဗြိတိန်ထက် များနေတယ်တဲ့။ အကြောင်းရင်းကတော့ ဘုန်းကြီးကျောင်းသင်ပညာရေးကြောင့်ဖြစ်ပါတယ်။ ဆန်တစ်ပြည် ငွေတမတ်နဲ့ ကျောင်းပို့လိုက်တာ ဓလေ့ဖြစ်နေပါပြီ။ စားဝတ်နေရေး စာရေးကရိယာဖြည့်ဆည်းပေးရင် မိဘတာဝန်ကျေပြီ။ စာတတ်မြောက်ဖို့က ဆရာရဲ့တာဝန်လို့ ယူဆထားကြပါတယ်။ အားလုံး Mind set ပြောင်းကြရမယ်ထင်ပါတယ်။ ကျွန်တော် တော်တော် တုန်လှုပ်သွားမိပါတယ်။

စိုး။ ။ နိဒါန်းသားတယောက် ပြောဖူးတယ်ဆရာ။ မင်းတို့နိုင်ငံမှာ Mind Set ပြောင်းရမယ်လို့ လူတိုင်းနီးပါး ပြောသံကြားရတယ်တဲ့။ ဘယ်လိုဟာတွေမှာ ပြောင်းကြမလဲ သိရဲ့လားတဲ့။ ကျွန်တော်တို့ကတော့ ပြောင်းသင့်တဲ့အရာတွေကို ဆွေးနွေးကြတာပေါ့ဆရာ။ ကျွန်တော်တို့မှာ အဓိကအားနည်းချက်က စိတ်ကို ပြောင်းလဲဖို့ ခက်ပါတယ်။ Mind Set ကို အသေထားလေ့ ရှိပါတယ်။ ဥရောပမှာ စက်မှုခေတ်ကစပြီး နည်းပညာ အပြောင်းအလဲနဲ့အတူ ယဉ်ကျေးမှုပြောင်းလဲတာ မြန်ဆန်လာပါတယ်။ သူတို့တွေက စိတ်အခြေခံပြောင်းလဲမှုအတွက် ကျင့်သားရနေကြပါပြီ။ ကျွန်တော်တို့ စိတ်တွေက အထိုင်ချကောင်းတုန်း ဖြစ်ပါတယ်။ မြန်မာတွေဟာ ဦးနှောက်ဖွံ့စည်းမှုအရ သင်ယူမှုစွမ်းအား ကောင်းကြပါတယ်။ ဒါနဲ့တောင် သင်ပေးဖို့ချည်း

စောင့်နေကြပါတယ်။ ငယ်စဉ်ကစပြီး သင်ကြားတာကိုသာ အလေ့အကျင့် ရနေကြတော့ ဓလတ်နဲ့အညီပြောင်းလဲရမဲ့ သင်ယူမှုကို မလိုက်နိုင်ကြတာ ဖြစ်ပါတယ်။ တစ်ချို့ကလေးတွေ နိုင်ငံခြား သွားသင်ကြတယ်။ ကျောင်းတိုင်းက အဓကောင်းကြီးမဟုတ်ပါ။ အခုခေတ်မှာ အင်တာနက်က ကိုယ်တိုင်သင်ယူလို့ရတဲ့ ပညာမျိုးတွေကို ငွေကုန်အချိန်ကုန်ခံပြီး သင်ယူနေကြတာ နမြောမိပါတယ်။ ဒါကြောင့် သင်ယူမှု ကောင်းအောင် ဆော်သြပေးကြဖို့ လိုပါတယ်။ ကျွန်တော်တို့မှာ နိုင်ငံတကာ အတွေးအခေါ် အသစ်တွေကို သိရှိအောင် ပညာပေးမှု ကလွှာ အားကောင်းဖို့ လိုမယ်ထင်ပါတယ်။

မျိုး။ ။ ကျွန်တော်တို့ မြန်မာတွေ နိုင်ငံခြားမှာ သက်မွေးဝမ်းကြောင်း ပြုကြတော့ အောင်မြင်တာ တွေ့ရပါတယ်။ နာဆာတို့မှာ သုတေသန ပညာရှင်တွေ ဖြစ်နေကြတာလည်း ကြားရပါတယ်။ နယ်ပယ်အသီးသီးမှာ မဓခသူတွေပါပဲ။ သင်ယူမှုကောင်းတယ်လို့ မြင်ပါတယ်။ နိဂုံးစကား ပြောပေးပါဦး။

စိုး။ ။ အဓိကတော့ ကျွန်တော်တို့ နိုင်ငံသားတွေ Self Confidence နည်းကြပါတယ်။ ဒါကြောင့် ကိုယ်တိုင်သင်ယူမှု ပိုင်းမှာလည်း အားနည်းကြတာပါ။

> ကျွန်တော်တို့ သင်ယူတဲ့ပတ်ဝန်းကျင်ကို တည်ဓဆောက်ရာမှာလဲ ရည်မှန်းချက်အယူအဆ ဓကောင်းမွန်ဖို့ လိုပါတယ်။ ပညာသင်ယူရာမှာ လူဓနမှုဘဝ မြင့်မားဖို့သင်ယူခြင်း၊ နိုင်ငံတည်ဓဆောက်ဖို့ အတတ်ပညာ သင်ယူခြင်းနဲ့ နိုင်ငံတကာနဲ့ယှဉ်ပြိုင်ဖန်တီးနိုင်ဓအောင် သင်ယူခြင်း၊ လူသားအကျိုးပြုဖို့ သင်ယူခြင်း စသဖြင့် ကွဲပြားပါတယ်။

ကျွန်တော်တို့မိဘတွေက လစာကောင်းတဲ့ ပညာရှင်ဖြစ်ဖို့သာ ရည်မှန်းကြတာများပါတယ်။ နိုင်ငံတော်က စားဝတ်နေမှုကို အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်မှ နိုင်ငံသားတွေက ဖန်တီးမှု အကျိုးပြုမှု အဝိုင်းတွေကို စိတ်ဝင်စားလာမှာ ဖြစ်ပါတယ်။ အခုတော့ ဘယ်လို ထမင်းစားရမလဲဆိုတာနဲ့ ဘဝလုံခြုံမှုလောက်ကိုသာ တွေးတောကြရတာ ဖြစ်ပါတယ်။ အခုက သူထက်ငါ အလုအယက် ရှာဖွေစားသောက်ရင်း စိတ်ဓါတ်တွေ ပျက်ပြားပြီး ယုံကြည်ချက်တို့ သင်ယူမှုတို့ အဝေးကြီး ရောက်နေတာပေါ့။ ဝိုက်ဆံအလွယ်ရတဲ့ မိဘတွေကလည်း ဆရာကောင်းကောင်းနဲ့ သင်ကြားလိုက်ရင် ထူးချွန်မယ်လို့ ထင်ကြတယ်။ နိုင်ငံခြားသွားသင်ရင်ပဲ ပညာ ကောင်းကောင်းတတ်ပြီလို့ ထင်ကြနဲ့ နိုင်ငံတော်အတွက် ငွေကြေးဆုံးရှုံးမှု များလှပါတယ်။ နိုင်ငံသားအများစုတွေးအခေါ်စဉ်းစားမှု ကောင်းမှသာ ဂုဏ်ယူဝင့်ကြွားလောက်တဲ့ နိုင်ငံတည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။



ပါရမီရှင်များအခန်းကဏ္ဍ

မျိုး။ ။ ဒီဇာတ်ခင်းစဉ်ကို ရွေးချယ်ရခြင်းက ကျွန်တော်တို့နိုင်ငံမှာ အပြောင်းအလဲ အများကြီး ဖြစ်ပေါ်နေတယ်။ အပြောင်းအလဲတွေကို လိုအပ်ချက်အရ လုပ်ဆောင်နေရတယ်။ စာပေ၊ အနုပညာ၊ စီးပွားရေး စသဖြင့် ကဏ္ဍတွေမှာ ပြောင်းလဲဖို့ လိုနေတယ်။ လိုအပ်ချက်အရလို့ အလွယ်ဆုံး ပြောလို့ရပါတယ်။ ဒီမိုကရေစီနိုင်ငံဖြစ်အောင် ကြိုးပမ်း အားထုတ်နေရတဲ့ အချိန်မှာ အဘက်ဘက်က ပြောင်းလဲစရာတွေ ရှိတယ်။ အပြောင်းအလဲလုပ်ရင်းနဲ့ အပြောင်းအလဲက အပြောင်းအလွဲ တွေ ဖြစ်ကုန်တယ်။ ပြန်ပြီးဂေဖန်ရ သုံးသပ်ရတာတွေ အခက်အခဲ ပေါင်းစုံနဲ့ ရင်ဆိုင်နေရတဲ့အချိန်လို့ မြင်မိပါတယ်။ လူတွေက ကိုယ့် အလုပ်ကဘာလဲ၊ ကိုယ်လုပ်သင့်တာက ဘာလဲ၊ သေသေချာချာ မသိကြတော့ပဲ ကိုယ်မလုပ်နိုင်တာ မလုပ်တတ်တာကို ဂင်လုပ်ကြနဲ့ တိုင်းပြည်က ရောက်သင့်သလောက် မရောက်တော့ဘူး။ လူ နှစ်ယောက်လောက်နဲ့ ပြီးမဲ့အလုပ်ကို လူဆယ်ယောက်လောက် လုပ်ရင် ပိုပြီးမယ်လို့ သုံးချက်တွက်နည်းနဲ့. လုပ်ကြည့်တော့ ပိုပြီးတော့တောင် ကြာသွားတာမျိုးတွေ ဖြစ်သွားပါတယ်။ တကယ်က ဘယ်လိုလူတွေ

လိုအပ်ဖန်လဲ၊ ဘယ်လိုလူတွေက ဘာတွေလုပ်တတ်တယ်ဆိုတာကို သက်ဆိုင်သူတွေသိရင် ပိုပြီးအောင်မြင်နိုင်မယ် ထင်ပါတယ်။ ပါရမီရှင်တွေဟာ တိုင်းပြည်အတွက် လိုအပ်ဖန်ပါတယ်။

စိုး။ ။ကျွန်တော်တို့ ဆွေးနွေးကြတဲ့ ခေါင်းစဉ်တော်တော်များပါပြီ။ မျက်နှာစာတွေ အများကြီးထဲက အပြောင်းအလဲအတွက် လိုအပ်တဲ့ သော့ချက်ကျဲ့ဲ အရာတွေကို ဦးစားပေး ဆွေးနွေးတယ်လို့ ပြောရင်ပါတယ်။ ဒီနေ့ ဆွေးနွေးတာက ပါရမီရှင်တွေမပါဝင်ပဲ တိုင်းပြည် မပြောင်းလဲ မတိုးတက်နိုင်ဘူး ဆိုတာ ဖြစ်ပါတယ်။

တိုင်းပြည်တစ်ခု တည်ဆောက်တဲ့နေရာ ပြုပြင်ပြောင်းလဲတဲ့ နေရာမှာ အံ့ဝင်ခွင်ကျ မဖြစ်ရင် ခရီးမပေါက်နိုင်ပါဘူး။ သူ့နေရာနဲ့သူ ပါရမီရှင်တွေကို တာဝန်ပေးမှသာ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်၊ ဥပမာတစ်ခု ပြောရရင် အနော်ရထာ မင်းကြီးဟာ ရန်သူတွေကိုနှိမ်နင်းဖို့ ကျွန်စစ်သားကို ခေါ်ယူတဲ့အခါ ကျွန်စစ်သားက စစ်သည်ဝေးသိန်းနဲ့ ချီလာတယ်လို့ ဇလွှာက်တင်ခဲ့ပါတယ်။ ဆိုလိုရင်းက ကျွန်စစ်သား၊ ငဇော်ရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး၊ တစ်ယောက်ချင်းဟာ စစ်သည်တစ်သိန်း နဲ့ ညီမျှတယ်လို့ ဥပမာပေးခြင်းဖြစ်ပါတယ်။ ဒါဟာ ပါရမီရှင်တယောက်ဟာ လူတစ်သိန်းနဲ့ ညီတယ်လို့ ဆိုလိုခြင်း ဖြစ်ပါတယ်။

မျိုး။ ။ပါရမီရှင်တွေရဲ့ဂိဒသသကို ရှင်းပြပါဦး။

စိုး။ ။ပါရမီရှင်ဆိုတာ သက်ဆိုင်ရာကလွှာမှာ များများအားစိုက်စရာ မလိုပဲ အလုပ်ပြီးမြောက်အောင် လုပ်နိုင်ကြတယ်။

သူတို့ရဲ့ ဦးနှောက်ဖွဲ့စည်းမှုဟာ သာမာန်လူတွေနဲ့ ကွဲပြားပါတယ်။ အာရုံကြောလမ်း ကြောင်းတွေဟာ လိုအပ်တဲ့အချက်အလက် စီးဆင်းမှု အလွန်မြန်ဆန်ပါတယ်။ အချက်အလက်တွေဟာ သာမန် အာရုံကြော လမ်းကြောင်းအတိုင်းသာမက ခုန်ကူးမှုဖြစ်စဉ်တွေ ပါဂင်ပါတယ်။ တစ်ပြိုင်နက်တည်း တွက်ချက်မှု ခိုင်းစေမှုများစွာကို လုပ်ဆောင်နိုင်ပါတယ်။ ဥပမာပြရရင် အိမ်တစ်အိမ်မှာ တီဗွီ၊ လျှပ်စစ်မီးဖို၊ ရေခဲသေတ္တာတွေကို ပုံမှန်ဖွင့်ပိတ် လုပ်မယ်ဆိုရင် တစ်ခုကို သွားဖွင့်ပြီးမှ နောက်တစ်ခုကို သွားဖွင့်ရမှာ ဖြစ်ပါတယ်။ အဂေးထိန်းခလုပ်သာ ရှိခဲ့ရင်တော့ တစ်နေရာတည်းက ဖွင့်နိုင်တာပေါ့။ ဒီလိုပါပဲ ပါရမီရှင်တွေရဲ့ ဦးနှောက်အလုပ်စေခိုင်းမှုဟာ အဂေးထိန်းခလုပ်သုံးသလို တစ်ပြိုင်နက်တည်း လုပ်ဆောင်နိုင်ပါတယ်။

ကျွန်တော်တို့ ကျောက်ခေတ်ကနေ မီးကိုစတွေ့တယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်တတ်လာတယ်၊ လျှပ်စစ်ကိုတွေ့တယ် ဆိုတာတွေဟာ လူတိုင်းကတွေ့ရှိတာမျိုး မဟုတ်နိုင်ပါ၊ ပါရမီရှင်တွေကသာ မိမိပတ်ဂန်းကျင်ကို ထိုးထွင်းသိမြင်လေ့လာပြီး တွေ့ရှိကြတာ ဖြစ်ပါတယ်။ ဒီလိုလူမျိုးတွေသာ မဖေါ်ရင်လူအဖွဲ့အစည်း တိုးတက်မှုဟာ ဒနောင့်ဒနှေးနိုင်ပါတယ်။ နိုင်ငံအလိုက် လူအမျိုးမျိုးကို လေ့လာကြည့်ရင် သာမန်လူတွေအားလုံးဟာ ဉာဏ်ရည်ချင်း မကွာခြားပါ။ ဒါဖေပမယ့် သက်ဆိုင်ရာ အဖွဲ့အစည်းအတွင်းမှာ ပါရမီရှင်တွေကို နေရာပေးမှုအရ နိုင်ငံအလိုက် လူမျိုးအလိုက် တိုးတက်ဖွံ့ဖြိုးမှု ကွာခြား

သွားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ (၂၁)ရာစု ဉာဏ်ရည် မြင့်တယ်လို့ သတ်မှတ်တဲ့ သာမာန်လူသားတွေဟာ မသင်ကြားပဲ ဘာမှလုပ်တတ်မှာ မဟုတ်ပါဘူး။ သင်ကြားထားလို့သာ သိနေတတ်နေကြတာပါ။ ပတ်ပန်းကျင်တိုးတက်မှု၊ ပြောင်းလဲမှုဖြစ်စဉ်တွေအတွက် အဖြေးမပါလှပါ။ ကျောက်ခေတ်လူသားရဲ့ ဦးနှောက်ထက် သိပ်မမြင့်ပါဘူး။ ပညာရှင်တွေရဲ့ အတွေးအခေါ်တွေ၊ ဘာသာတရားတွေကဖန သင်ကြားပေးထားလို့ သိကြရတာပါ။ ဒါကိုသေချာနားလည်ပြီး လူတိုင်းက အရာရာကို ငါလုပ်နိုင်တယ်ဆိုတာမျိုး မတွေးသင့်ပါ။ အမေရိကန်နိုင်ငံဟာ ပါရမီရှင်တွေရဲ့ အခန်းကဏ္ဍကို သိရှိသွားလို့ ကမ္ဘာကိုလွှမ်းမိုးသွားတာပါ။

မျိုး။ ။ ပါရမီရှင်တွေဟာ ထူးခြားတဲ့ဂိဒေသတွေ ပါတယ်လို့ ဆိုလိုတာပေါ့။ စာပေ၊ အနုပညာစသဖြင့် နယ်ပယ်အမျိုးမျိုးမှာ ကြိုးစားပြီး အောင်မြင်လာသူတွေ ရှိပါတယ်။ သူတို့ကို ပါရမီရှင်လို့ ခေါ်နိုင်ပါ့မလား။ ပါရမီရှင်ကို ဘယ်လိုခွဲခြားမလဲ။

စိုး။ ။သုတေသီတွေ အဆိုအရ ပါရမီရှင်ဟာ လူတစ်သိန်းမှာ သုံးယောက်ခန့် ပါနိုင်ပါတယ်တဲ့။

ကျန်တဲ့ သုံးဆယ်ရာနှုန်းလောက်ကို ပါရမီရှင်နီးပါးဖြစ်အောင် လေ့ကျင့်ပေးနိုင်ပါတယ်တဲ့။ ဒါဖေမယ့် ပါရမီရှင်နဲ့တော့ ကွဲပြားပါဒသးတယ်။ ငယ်ရွယ်စဉ် စာသင်ခန်းမှာဆိုရင် ပါရမီရှင် ဖြစ်လာမယ့်သူကို ခွဲခြားဖို့ ခက်ပါတယ်။ တစ်ချို့လေးတွေဟာ သူများနဲ့အရောမဝင်ပဲ စာကိုစိတ်မဝင်စားသလို ဖြစ်နေတတ်ပါတယ်။ တစ်ခါတစ်ခါ နောက်ကျမှပွင့်တဲ့ ပန်းနဲ့တူပါတယ်တဲ့။ အစောပိုင်းမှာ သိနိုင်ဖို့ခက်ပါတယ်။

သာမန်ဆရာတွေအတွက် ခွဲခြားဖို့အလွန်ခက်ပါတယ်။ ကလေး စိတ်ပညာကို နားလည်ကျွမ်းကျင်ဖို့လိုပါတယ်၊ (၂၀) ရာစု နောင်းပိုင်း ကာလထိ ဒီအကြောင်းကို အလေးမထားခဲ့ကြပါဘူး။ အမေရိကန် ပညာရေး သုတေသီတစ်ဦးကတော့ ဒါကို စနစ်တကျ လေ့လာ တင်ပြဖူးပါတယ်။

မျိုး။ ။ ကျွန်တော်တို့ စာပေအနုပညာနယ်ပယ်မှာ ဇတ္ထု.လေ့ရှိပါ တယ်၊ ပါရမီရှင်တွေရဲ့ သားသမီးတွေဟာ စာရေးဆရာ၊ အနုပညာရှင် တွေ ဖြစ်လာကြပေမယ့် သူတို့အဖေတွေလောက် ဂန္ထဝင်မြောက် အောင် မလုပ်ဆောင်နိုင်ကြဘူး။ ပါရမီရှင်တွေဟာ တစ်သိန်းမှာ သုံးယောက်နှုန်းထွက်ရင် ကျွန်တော်တို့ နိုင်ငံလူဦးရေ သန်းငါးဆယ် လောက်မှာအများကြီး ထွက်နိုင်တာပေါ့။ တရုတ်နိုင်ငံငယ်တွေမှာတောင် ပါရမီရှင်တွေ ထွက်ကြတာပဲ။

စိုး။ ။ ပါရမီရှင်တွေ ပေါ်ထွက်ဖို့က ပတ်ဝန်းကျင်ပေါ်လဲ မူတည် ပါတယ်။ အားပေးမှု အခွင့်အလမ်းတွေမရှိရင် မဖြစ်လာနိုင်ပါဘူး။ ငုပ်လျှိုးသွားနိုင်ပါတယ်။ ပတ်ဝန်းကျင်မြင့်ရင် ပိုမြင့်နိုင်ပြီး ပတ်ဝန်းကျင် နိမ့်ရင် သူနိမ့်သွားနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ သီချင်းဆိုလို့ အောင်မြင်ဖို့ ရန်ကုန်မြို့ကိုဆင်းလာမှ ပိုအောင်မြင်မှာပေါ့။ တပြည်လုံးသုံးတဲ့ ဗမာ စကားနဲ့ဆိုမှ ပိုအောင်မြင်မှာ ဖြစ်ပါတယ်။ စိုင်းထီးဆိုင်တောင် ရှမ်းဘာသာနဲ့ဆိုရင် ဒီလောက် မအောင်မြင်နိုင်ပါဘူး။ အခင်းအကျင်း အရေးကြီးပါတယ်။ မြန်မာနိုင်ငံ အရြေအနေက ခုနောက်ပိုင်း ဆယ်စုနှစ် တွေမှာ ပါရမီရှင်တွေမပေါ် ထွန်းတော့တာ သတိပြုဖို့၊ ခွဲခြမ်းစိတ်ဖြာဖို့ လိုပါလိမ့်မယ်။

မျိုး။ ။ပါရမီရှင်နဲ့ပတ်သက်တဲ့ အဖြစ်အပျက်တစ်ခုကို သတိရမိပါတယ်။ ကဗျာဆရာကြီး "တင်မိုး" ပေါ့။ သူငယ်နာမည်က မောင်ဘချမ်း ပေါ့။ အထက်မြန်မာနိုင်ငံမှာ မြန်မာစာ ပထမရပါတယ်။ ဒါကို ပညာရေးဝန်ကြီးကသိတော့ စစ်ဆေးရေးသွားတဲ့ အရာရှိတွေကို မောင်ဘချမ်းကို တွေ့.အောင်ရှာခိုင်းပြီး ပညာသင်နိုင်အောင် ဆောင်ရွက်ပေးပါတယ်။ မန္တလေးတက္ကသိုလ် တက်နိုင်အောင် စီစဉ်ပေးပါတယ်။ မြန်မာကဗျာမှာ အထူးရွှန်ဆုံးလို့ပြောရမဲ့ ကဗျာဆရာတင်မိုး ဖြစ်လာခဲ့ပါတယ်။ ဒါပေမယ့် ထပ်ပြီးစဉ်းစားမိတာ ရှိပါတယ်။ သူ အမေရိကန် ရောက်သွားတော့ မြန်မာပြည်အကြောင်းတွေ ဖွဲ့.ဆိုခဲ့ပါတယ်။ ကဏ္ဍာတော့မကျော်ခဲ့ဘူး။

စိုး။ ။ သူကဗျာဖွဲ့.တာက မြန်မာနိုင်ငံအကြောင်းပေါ့။ ဒါက နိုင်ငံတကာ ကဗျာဆရာတွေမဖွဲ့.နိုင်ပါဘူး။ သူ့အတွက် အားသာချက်ပါ။ ဒါပေမယ့် လိုအပ်ချက်က နိုင်ငံတကာသုံး ဘာသာစကားဖြစ်ဖို့ လိုတာပါ။ စိုင်းထီးဆိုင်ကို နမူနာပြခဲ့သလိုပါပဲ။ ဗမာဘာသာစကားနဲ့မဆိုခဲ့ရင် တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ မအောင်မြင်နိုင်ပါဘူး။ ဆရာတင်မိုးလဲ နိုင်ငံတကာသုံး ဘာသာစကားကို အနပညာမြောက်သုံးစွဲနိုင်ခဲ့ရင် အောင်မြင်ကောင်း အောင်မြင်နိုင်မှာပါ။ ကိုးရီးယားအဆိုတော် PSY ကို လေ့လာကြည့်ရင် ကိုးရီးယား ဂန်းနန်းရပ်ကွက်သဘာဝကို အမေရိကန်ပေါ်ဂီတအမျိုးအစား ကိုးရီးယားဘာသာနဲ့သီဆိုခဲ့လို့အောင်မြင်တာ ဖြစ်ပါတယ်။

မျိုး။ ။ပန်းချီအဝိုင်းမှာပြောရရင် ဆရာပေါ်သိမ်း၊ ရွှေဘိုနယ် ဆိပ်ခွန်က မြန်မာပြည်မှာ အောင်မြင်ခဲ့တယ်။ အမေရိကန်မှာနေထိုင်ပြီး မြန်မာ့ပန်းချီတွေ ရေးဆွဲခဲ့တယ်။ နိုင်ငံတကာမှာ မအောင်မြင်ခဲ့ပြန်ဘူး။

စိုး။ ။ ပါရမီ အနုအရင့် တကယ်ပါရမီရှင် ဟုတ်မဟုတ်လဲ ဆန်းစစ်ကြည့်ရပါဦးမယ်။ ပန်းချီမှာ လက်မှုပညာ ကျွမ်းကျင်မှု၊ အမြင်အာရုံကောင်းမွန်မှုနဲ့ အတွေးအခေါ်လဲပါသေးတာကိုး။ သုံးမျိုးလုံးကောင်းမှ အဆင့် အတန်းမြင့်တဲ့ ပန်းချီပညာရှင်လို့ သတ်မှတ်နိုင်မှာပါ။ ကျွန်တော်မှတ်သားရဖူးတဲ့ ပန်းချီဆရာတယောက်က နိုင်ငံခြားမှာနေတုန်းက ဆွဲတဲ့ပန်းချီတွေက စံချိန်မီခဲ့ပြီး မြန်မာနိုင်ငံပြန်ရောက်လို့ မြန်မာ့ရေမြေသဘာဝကိုဆွဲတော့ စံချိန်မမီတော့ပြန်ဘူး။ စဉ်းစားမိသလောက် လက်မှုကောင်းတယ်၊ အရောင်အသွေးပိုင်နိုင်တယ်၊ ရှုထောင့်နဲ့ အကြောင်းအရာ တင်ပြမှုကို ရွေးချယ်ရာမှာ အားနည်းသွားတဲ့သဘောတွေ့ရပါတယ်။

မိုး။ ။ကျွန်တော့်အတွေ့အကြုံတစ်ခုကို ပြောပြချင်ပါတယ်။ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု တစ်ခုကို သွားခဲ့ဖူးပါတယ်။ ချမ်းသာတဲ့နိုင်ငံတွေက အဖွဲ့ဝင်တွေအများကြီးနဲ့ လာကြပါတယ်။ ဆင်းရဲတဲ့နိုင်ငံတချို့က မလာကြဘူး။ ကျွန်တော်တို့က ငါးယောက်ပဲပါတယ်။ International Brocasting Center ခေါ်ပါတယ်။ အချင်းချင်း မိတ်ဆက်ကြရင်း ကျွန်တော်တို့အခန်းကို ဝင်ကြည့်ပြီး လူငါးယောက်ပဲတွေ့တော့ တော်တော်အံ့သြကြတယ်။ ပါရမီရှင်တွေလို့ ဆိုရမှာပေါ့ခေါ်။ ပါရမီရှင်ဆိုတာ လူအများကြီးလုပ်ရမဲ့ အလုပ်ကို နည်းနည်းနဲ့လုပ်နိုင်တယ်လို့ ဆိုရမှာပေါ့။ ကလ္လာအသီးသီးမှာ ပါရမီရှင်တွေရှိမယ်ဆိုရင် ထိပ်တန်းနိုင်ငံ ဖြစ်လာမှာပါ။

စိုး။ ။ကျွန်တော်တို့ အရှေ့တောင်အာရှမှာ စံပြဖြစ်တဲ့ စက်ပူနိုင်ငံတောင်မှ ဒီနေ့ဓလေ့မှာဆက်ပြီး ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ အခက်တွေ့ခဲ့တယ်။ လီကွမ်ယု လက်ထက်က နိုင်ငံတကာပညာရှင်တွေ

ခေါ်ပြီး အကြံဉာဏ် ယူခဲ့ရပါတယ်။ စီမံခန့်ခွဲမှုနဲ့ စီးပွားရေးကို အားပေးရဲ့ လောက်နဲ့ နိုင်ငံတကာကိုယှဉ်ဖို့ ခက်ပါတယ်။ တီထွင်မှု ဇန်တီးမှုတွေ အားကောင်းဖို့ ပါရမီရှင်တွေရဲ့ အခန်းကဏ္ဍလိုပါတယ်။ အာရှမှာ များစသောအားဖြင့် တီထွင်ရှင်ဇတွေ မပေါ်တာ ပါရမီရှင်ဇတွေ မရှိလို့ မဟုတ်နိုင်ပါ။ ယဉ်ကျေးမှု သဇောမှာကိုက ပါရမီရှင်တွေကိုတန်ဖိုး မထားတတ်ကြလို့ပါ။ ရှာဇဖွဇဖေါ်ထုတ်ရကောင်းမှန်း မသိလို့ပါ။ သာမန် လူတွေကို နိုင်ငံတကာမှာ ပညာသင် စေလွှတ်ရုံနဲ့ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်ဖို့ မလွယ်ကူနိုင်ပါ။ ပါရမီရှင်တွေကို အခင်းအကျင်း ကောင်းကောင်းမှာ ရှင်သန်ခွင့်ပေးမှ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်မှာပါ။ သာမန်လူတွေ နိုင်ငြားသွားသင်ဇတော့ ယဉ်ကျေးမှုနှစ်မျိုးကြားမှာ ဇရာဇထွးပြီး ဆုံးရှုံးသွားရတာမျိုးတွေ ရှိပါတယ်။ ပညာသင်ကြားရာ မှာလည်း ဇွဲဇကြေးလစာမြင့်မားဖို့အတွက် သင်ကြားကြတာများပါတယ်။ ပတ်ဝန်းကျင်ကိုမြှင့်တင်ဖို့၊ ပြဿနာဇတွေဖြေရှင်းဖို့ဆိုတဲ့ ရည်ရွယ်ချက် တွေနဲ့ သင်ကြားကြဖို့လိုပါမယ်။

နိုင်ငံတစ်နိုင်ငံရဲ့ ပညာအဆင့်အတန်းကို အသိဉာဏ် ထုတ်ကုန် ထုတ်လုပ်နိုင်တဲ့အပေါ်မှာလဲ ဆုံးဖြတ်လို့ရပါတယ်။ ပညာ ဆိုသည်မှာ ဘွဲ့ရအဇရအတွက် များပြားတာမဟုတ်ဘဲ အသိဉာဏ် ထုတ်ကုန်ထုတ်လုပ် နိုင်စွမ်းဖြစ်ပါတယ် ဒီနေရာမှာလဲပါရမီရှင်တွေရဲ့ အခန်းကဏ္ဍက အဓိကကျပါတယ်။

မျိုး။ ။ ကျွန်တော်တို့ သချာ၊ ရူပဗေဒ ဘာလို့သင်ကြားကြသလဲ။ ကိုယ့်လူအဖွဲ့အစည်းတိုးတက်ဖို့ ပြဿနာဇတွေကို ဖြေရှင်းဖို့သာ သင်ကြားသင့်ပါတယ်။ ဒီက တိုင်းသူပြည်သားဇတွေရဲ့ စိတ်ဇနစိတ်ထား ပကတိ အခြေအနေ၊ စာဇပ၊ ယဉ်ကျေးမှုသမိုင်းဇတွေကို ဇသချာသိမှ နိုင်ငံဇရး၊ စီးပွားဇရး နယ်ပယ်အသီးသီးမှာ ဘယ်လိုစီမံခန့်ခွဲရမယ်၊

တိုးတက်အောင် ဘယ်လိုလုပ်ရမလဲဆိုတာ သိနိုင်မှာဖြစ်ပါတယ်။ ပန်းချီပညာဖြစ်ဖြစ်၊ ဂီတပညာဖြစ်ဖြစ် မိမိယဉ်ကျေးမှုစရိုက်ကို အခြေခံဖန်းတီးတတ်ဖို့ လိုပါတယ်။ သူများနိုင်ငံက ကော်ပီတွေပဲ သုံးနေကြတော့ ရှက်စရာ ကောင်းပါတယ်။ သူများနိုင်ငံမှာ ဖျော်ဖြေတော့မယ်ဆိုမှ အရှက်ကွဲပါတော့တယ်။ အိမ်နီးချင်း နိုင်ငံတွေက ကိုယ်ပိုင်ဖန်တီးနိုင်ကြပါတယ်။ သူများသီချင်းကိုဆိုရင်လဲ မူရင်အတိုင်း သီဆိုကြတာကို တွေ့ရပါတယ်။

စိုး။ ။ ကျွန်တော်တို့ နိုင်ငံအတွက် စိုးရိမ်စရာအကောင်းဆုံးက လူငယ်လူရွယ် အများစုက အလုပ်လုပ်ဖို့ နိုင်ငံခြားသွားကြတယ်။ ပညာသင်ဖို့သွားကြတယ်။ တစ်သိန်းမှာ သုံးယောက်ပဲ ရှိနိုင်တဲ့ ပါရမီရှင်တွေ ပြည်ပမှာ ကိုယ့်ဝီဇနဲ့မကိုက်ညီတဲ့ အလုပ်တွေကို လုပ်ကိုင်နေကြရပြီး ပါရမီရှင်တွေကို ဘယ်နေရာက ရှာဖွေဖော်ထုတ်ကြမလဲ။ ဖြစ်သင့်တာက ငယ်ရွယ်စဉ်ကတည်းက ဇလ့်လာဖော်ထုတ်နိုင်ဖို့ လိုပါမယ်။ ပညာရေးစနစ်မှာရော၊ ယဉ်ကျေးမှုအရ တန်ဖိုးထားတတ်ဖို့၊ နိုင်ငံတော်ကလည်း မူဂါဒအရ ချမှတ်အားပေးဖို့ လိုအပ်မယ်ထင်ပါတယ်။

မျိုး။ ကျွန်တော်တို့နိုင်ငံအတွက် အထောက်အကူ ဖြစ်မယ်ထင်တဲ့ အကြောင်းအရာတွေ ဖမ့်လျော့နေတဲ့ အကြောင်း အရာတွေကို ဆွေးနွေးခဲ့ပြီးပါပြီ။ ဒီတစ်ပတ်အတွက် ဆရာရဲ့နိဂုံးစကားလည်း ပြောပေးပါဦး။

စိုး။ ။ပါရမီရှင် ယဉ်ကျေးမှုထွန်းကားအောင် ဆောင်ရွက်ပေးကြပါ။ တန်ဖိုးထားပေးကြပါလို့ ပြောချင်ပါတယ်။ အခုမြန်မာနိုင်ငံ ပညာရေးမှာ ပြည်တွင်းပညာရေးရော နိုင်ငံတကာက လာရောက်ဖွင့်လှစ်ကြတဲ့

ကျောင်းတွေပါ နိုင်ငံအတွက် အဓိကတက်ကူမပြုနိုင်သေးဘူးလို့ ထင်မြင်မိပါတယ်။ ငံ့မြင်းငါစိုင်းနေကြပါတယ်။ နိုင်ငံတော်က မူဝါဒတွေ လမ်းညွှန်ချက်တွေ ချမှတ်ပေးဖို့ လိုမယ်ထင်ပါတယ်။

Scanned by Easy Scanner

၈

ကျောင်းဖွင့်ချိန်

မိုး။ ။ ကျောင်းတွေဖွင့်တော့မယ်ဆိုတော့ ပြည်သူအများက အစိုးရ အနေနဲ့ဘာတွေများ ဆောင်ရွက်မလဲ သိချင်နေကြပါတယ်။ သတင်း မီဒီယာမိုးစုံကလည်း ပညာရေးဆောင်းပါးတွေ ရေးကြ ပေဖန်ကြပေါ့။ တကယ်တော့ ပညာရေးဟာ အရေးအကြီးဆုံးဆိုရင် ဘယ်သူမှ မငြင်းနိုင်ပါ။ သို့သော်လည်း ပညာကိုအလေးအနက် ဦးစားပေးပြီး လုပ်ကြကိုင်ကြသလား ကြည့်ပြန်တော့ မလုပ်ကိုင်ကြပြန်ပါဘူး။ ပညာရေးဆိုင်ရာ ပြဿနာတွေကို ထိထိရောက်ရောက် မဖြေရှင်းနိုင် ကြတာတွေ့ရပါတယ်။ ဆရာရဲ့အမြင်ကိုဖွင့်ပြန်ပေးပါဦး။

စိုး။ ။ ကျွန်တော် အရင်ဦးဆုံး ပညာရေးသမိုင်းကြောင်းနဲ့ အကောင် အထည်ဖော်ခဲ့တာတွေကို ဆွေးနွေးပါမယ်။ ခေတ်အပိုင်းအခြားအလိုက် ပြောရရင် ဖဆပလခေတ်၊ ဆိုရှယ်လစ်ခေတ်၊ နဂတ/နယကခေတ်၊ ဒီမိုကရေစီခေတ်(၂၀၁၀-၁၅) ဆိုပြီး ခေတ်လေးခေတ်တွေ့ရမှာပါ။ မြန်မာနိုင်ငံ ပညာရေးဟာ လွတ်လပ်ရေးရပြီးကတည်းက ကျဆင်း ခဲ့တာကိုတွေ့ရပါတယ်။ ၁၉၅၃ ခုနှစ် တက္ကသိုလ်ကျောင်းသား အရေး

ကိစ္စ ဖြစ်ပွားပါတယ်။ တက္ကသိုလ်အဓိပတိ ဦးနက ဇရဒီယိုကဇန မိန့်ခွန်းပြောတာမှာ သဲလွန်စတွေ့ရပါတယ်။ ဒုတိယကမ္ဘာစစ်မတိုင်မီ တက္ကသိုလ်ကျောင်းသားများရဲ့ အရည်အချင်းက ပြည့်မီပြီး စစ်ပြီးခေတ် တက္ကသိုလ် ကျောင်းသားများရဲ့ အရည်အသွေးဟာ ညံ့ဖျင်းတာကို ထောက်ပြပြောဆိုပါတယ်။ ဒါကြောင့် စာသင်ချိန် တိုးမြှင့်ဖို့ ကြိုးစားတာမှာ ဆူပူလှုပ်ရှားမှု ဖြစ်ပွားခဲ့ပါတယ်။ လွတ်လပ်ရေးရပြီး (၁၀)နှစ်တာကာလမှာ ပညာရေး ကျဆင်းလာတဲ့အတွက် (၁၉၅၈) ခုနှစ်မှာ ဘဂသစ်ပညာရေး ဖန်တီးမှုအမည်နဲ့ ပညာရေးစိမ်ကိန်းကို တင်သွင်းခဲ့ပါတယ်။ ကိုလိုနီခေတ်ပညာရေးဟာ စာဇပကိုအဓိကထားပြီး ဂန်ထမ်းများမွေးထုတ်ဖို့သာ ကြိုးစားခဲ့တယ်လို့ အပြစ်တင်ထားပြီး စိမ်ကိန်းသစ်မှာ မူလတန်းထွက်၊ အလယ်တန်းထွက် အထက်တန်းထွက်များအားလုံးအတွက် သက်မွေးမှုပညာ သင်နိုင်အောင် ရေးဆွဲခဲ့ပါတယ်။ လောကဓါတ်ပညာ သင်ကြားရေးကို ဦးစားပေးရေးဆွဲထားပါတယ်။ ဒါပေမယ့် နောက်လေးနှစ်ခန့်အကြာမှာ စစ်အာဏာသိမ်းပြီး စစ်အုပ်ချုပ်ရေးအောက် ကျရောက်ခဲ့ပါတယ်။ ဘဂသစ်ဖန်တီးမှု ပညာရေးဟာ ဆိုရှယ်လစ်ခေတ်အထိ ဆက်လက်ကျင့်သုံးခဲ့တာ တွေ့ရပါတယ်။ ဒါပေမယ့် ပညာရေးဟာ ဆက်တိုက်ကျဆင်းလာခဲ့ပြန်သဖြင့် (၁၉၈၈)မှာ မြန်မာနိုင်ငံ ပညာရေးနှိုးဆော်ဖလှယ်ပွဲကြီး ကျင်းပပြီး စနစ်သစ်ပညာရေး ဖော်ဆောင်လာခဲ့ ပြန်ပါတယ်။ မဖောင်မြင်ခဲ့ပြန်ပါဘူး။ (၁၉၈၈) မှာ အဖရေးအခင်းဖြစ်ပြီး စစ်အုပ်ချုပ်ရေး တစ်ဖန်ကြုံရပါတယ်။ နဂတ/နယက ခေတ်မှာလဲ အမျိုးသား ပညာရေးကော်မတီဖွဲ့ပြီး မာတီမီဒီယာ စတင်အကောင်အထည် ဖော်ခဲ့ပါတယ်။ ရုပ်ပြသာဖြစ်ပြီး ပညာရေး

ကတော့ ကျဆင်းမြဲပါပဲ။ ၂၀၁၃ ခုနှစ် ဒီမိုကရေစီ အစိုးရလက်ထက်မှာ လည်း ပညာရေးဥပဒေရေးဆွဲဖို့ ကြိုးစားသော်လည်းမအောင်မြင်ပါ။ နှစ်(၅၀)အတွင်းမှာ လုံးချာလိုက်ရင်း မြန်မာနိုင်ငံပညာရေးဟာ ဒေသ တွင်းနိုင်ငံအဆင့်မှာပါ အောက်ဆုံး ထိုးကျသွားခဲ့ပါတယ်။ အခုအစိုးရ ကော အကောင်အထည်ဖော်နိုင်ပါမလား၊ လွယ်မယ်တော့မထင်ပါ။

မျိုး။ ။ ဆရာက ပညာရေးသမိုင်း အကျဉ်းချုပ်ကို ပြောသွားတာပေါ့။ နှစ်(၅၀)ကျဆင်းခဲ့တာကိုပြင်ဖို့ ဘယ်လွယ်ပါ့မလဲ။ အမျိုးသားပညာရေး ဥပဒေ လုပ်မယ်ဆိုပြီး ဒိတ်ဒိတ်ကြဲပညာရှင်တွေနဲ့ လုပ်ခဲ့ကြတယ်။ ပညာရေးက အာဏာရှင် အုပ်ချုပ်မှုအောက်မှာ မဖွံ့ဖြိုးနိုင်ပါဘူး။ ပညာရေးရဲ့ အခြေခံသဘောက လွတ်လပ်မှုအပေါ် တည်ပါတယ်။ လွတ်လပ်မှုမရှိရင် ဖန်တီးမှုဆိုတာ ရှိမလာနိုင်ပါ။ ပညာရေးကို အကောင်အထည် ဖော်ရာမှာလည်း တစ်ခုချင်းကို လိုက်ရှင်းနေမဲ့အစား တခုလုံးကို ဦးတည်ချက်မှန်သွားအောင် လှည့်ဖို့လိုပါမယ်။ ထုကြီး ထည်ကြီးနဲ့ လှည့်အောင်လုပ်ရပါမယ်။

စိုး။ ။ ပြဿနာတွေကို ရှာဖွေဖော်ထုတ်ရာမှာ ဇစ်ဇစ်စပ်စပ်နဲ့ အကွက်စေ့အောင် အရင်ရှာတတ်ဖို့လိုပါမယ်။ ပညာရေး နီးနောဇလုယ် ပွဲတွေမှာ ပညာရှင်တွေတင်ပြကြတာက ဓလတ်အဆက်ဆက် အတူတူ ပါပဲ။ ဆရာတွေ အရည်အသွေးမြှင့်ရမယ်။ ဆရာနဲ့ကျောင်းသား အချိုး မျှတရမယ် ဆိုတာမျိုးတွေပါပဲ။ ကိုလိုနီစနစ်ကို တခါအပြစ်ရှာလိုက် သေးတယ်။ အခုကျွန်တော်တို့ အဖြေရှာကြည့်ရအောင်ဆရာ အခု အပြောများနေတာ ကြက်တူရွေးပညာရေးပေါ့။ ပုံသေကျက်မှတ်ဖြေဆို

ကြတယ်ဖေါ့။ ကျွန်တော်ကတော့ ဒါကို အဓိကကျတယ်မထင်ဘူး။ မြန်မာနိုင်ငံက တက်ရောက်နေကြတဲ့ အချို့သော နိုင်ငံတကာ ဘွဲ့တွေ မှာလည်း ကျက်မှတ်ကြတာ တွေ့ရပါတယ်။ စက်မှုတော်လှန်ရေးက ဖေါ်ဖေါက်လာတဲ့ ပညာရေးစနစ်မှာ တီထွင်ရှင်တွေက ဖေါ်ထုတ်လိုက်တဲ့ သီအိုရီတွေ ပညာရပ်တွေကို လေ့လာကျက်မှတ်ကြတာပါပဲ။ ပညာရေးနိမ့်ကျတာနဲ့ ကျက်မှတ်တာ တိုက်ရိုက်မသက်ဆိုင်ဘူးလို့ ဆိုချင်ပါတယ်။

နောက်တချက်က ကျူရှင်ယူတဲ့ကိစ္စပါ။ အတန်းပိုင်ဆရာမ ဆီမှာ ကျူရှင်ယူကြရတယ်။ ဆရာတွေ ကျောင်းချိန်မှာ စာကောင်းကောင်းမသင်ဖူး။ ကျူရှင်မှာမှ သင်တယ်စသဖြင့်ဖေါ့။ ကျွန်တော့် အတွေ့အကြုံအရတော့ မြန်မာပြည်မှာ လာဖွင့်ကြတဲ့ နိုင်ငံတကာ ဒနာက်ခံကျောင်းတွေမှာလည်း ကျူရှင်ယူကြတာပါပဲ။ တော်သထက် တော်အောင်ဆိုပြီး သူ့ထက်ငါအလုအယက် ကျူရှင်ယူကြပါတယ်။ သူတို့ကျောင်းသားတွေ အစိုးရကျောင်းသားတွေတက်တဲ့ ကျူရှင်တောင် ဂင်တက်လိုက်ကြသေးတယ်။ ကျူရှင်ဟာလည်းပဲ ပညာရေးနိမ့်ကျရခြင်း ရဲ့ အကြောင်းရင်းမဟုတ်ပါဘူး။ ဆရာရဲ့အမြင်လဲ ဆွေးနွေးပေးပါဦး။

မျိုး။ ။ကျွန်တော်ကတော့ ကြက်တူရွေးပညာရေး ဆိုတာထက် ပုံစံခွက်ပညာရေးလို့ သုံးချင်ပါတယ်။ အာဏာရှင်တွေ ချပေးတဲ့ ပုံစံခွက်မှာ သင်ကြားသင်ယူကြရပါတယ်။ ဘယ်အတန်းကို ဘယ်လို သင်၊ သင်ရိုးကိုဘယ်လိုဆွဲ ပုံစံခွက်အမျိုးမျိုး ပြောင်းပါတယ်။ တဖေယာက်တက်ရင် ပုံစံခွက်တစ်မျိုး ပြောင်းပါတယ်။ တစ်ခန့်ကပဲ လွှတ်တော်မှာ ဆွေးနွေးကြတာ တွေ့ပါတယ်။ စာမေးပွဲ မေးခွန်းဖေါက်တဲ့ကိစ္စ စာရိတ္တတွေပါ ပျက်လာကြပါတယ်။ လွတ်လပ်တဲ့ ပညာရေးစနစ် ဖေါ်ဖေါက်မှ တိုးတက်မယ်လို့ ထင်မိပါတယ်။

စိုး။ ။ ကျွန်တော်ကတော့ ပညာရေးသီအိုရီတွေကို ကောင်းကောင်း သဘောမပေါက်ကြလို့ ထင်ပါတယ်။ မြန်မာပြည်ရဲ့အားနည်းချက် တစ်ခုက ကော်ပီကူးတဲ့အလေ့အကျင့် ဖြစ်ပါတယ်။ ဘယ်နိုင်ငံက ဘယ်လိုသင်ရိုး ဘယ်နိုင်ငံမှာတော့ ဘယ်လိုစနစ် စသဖြင့် တိုက်ရိုက် ကူးချလေ့ရှိကြပါတယ်။ သဘောတရားကို လေးလေးနက်နက် နားမလည်ကြလို့ ထင်ပါတယ်။ ကျူရှင်ရှိနေရတာကလည်း ကျူရှင်လိုတဲ့ ပညာရေးစနစ်ကြောင့် ဖြစ်ပါတယ်။

အရင်စနစ်တွေ မအောင်မြင်ခဲ့တာက ကျယ်ပြန့်ပြီး လူတန်းစား မတူညီတဲ့နိုင်ငံမှာ တူညီတဲ့ ပုံစံနဲ့ အကောင်အထည် ဖော်တာကြောင့်ပါ။ လောကဓိတ်ပညာဟာ ဖွံ့ဖြိုးတဲ့နိုင်ငံမှာ သင်ကြားလို့အောင်မြင်ပေမဲ့ ဆင်းရဲတဲ့နိုင်ငံအတွက် မအောင်မြင်နိုင်ပါ။ အင်္ဂလိပ်တွေ သင်ကြားသလို စာပေအသိ ဖွံ့ဖြိုးအောင် အရင်သင်ကြားရပါမယ်။ ဒါကို မှားယွင်းတဲ့ အသိနဲ့ လောကဓိတ်ပညာကို ဦးစားပေးရမယ်ဆိုပြီး ပြန်ပြောင်း ရေးဆွဲကြပါတယ်။ စာရေးကိရိယာတောင်မှ မပြည့်စုံပဲ လောကဓိတ် ပညာကို ဘာလို့သင်မှာလဲ။ ပညာဆိုတာကလည်း ပြောင်းလဲတိုးတက် နေတော့ ဒီကဆရာတွေအဖို့ ခေတ်နဲ့အညီလိုက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ လိုက်နိုင်အောင်လည်း မွမ်းမံမှုကို ထိရောက်အောင် မလုပ်တတ်ကြ ပါဘူး။ တစ်ဘက်က အမျိုးမျိုးဝေဖန် ပြောဆိုနေကြပေမယ့် အီးလစ်ခေါ်တဲ့ လုပ်ပိုင်ခွင့် ရှိသူတွေအတွက် ဖတ်စာအုပ်စနစ်ဟာ အလွန်အကျိုးများပါတယ်။

ဒါကြောင့် ဆရာပြောသလို တစ်ခုလုံးကို မပြောင်းလဲပဲ ပြောင်းချင်ယောင် ဆောင်တာကများပါတယ်။

ကျွန်တော်လေ့လာသမျှထဲက ထုတ်နှုတ်အကြံပြုချင်ပါတယ်။ ပညာရေးမှာ အပိုင်းသုံးပိုင်းရှိပါမယ်။ မူလတန်းအလယ်တန်းကို တစ်ပိုင်းသတ်မှတ်ပါ။ အထက်တန်းတစ်ပိုင်း၊ တက္ကသိုလ်တစ်ပိုင်း

ဖြစ်ပါတယ်။ မှ/လယ်အဆင့်ကို စားဖေးပွဲစနစ်မထားဘဲ စွမ်းရည် (၇)မျိုး ဖွံ့ဖြိုးဖအောင်သာ သင်ကြားပါမယ်။ အတွေးအခေါ်ဝိုင်းအရ သင်ယူမှုကို စိတ်ပါဝင်စားဖအောင်နဲ့ ကိုယ်တိုင်ခွဲခြားတတ်အောင်၊ စိတ်ကို ထိန်းချုပ်နိုင်ဖအောင် ဖလှုံ့ဆော်ပေးရပါတယ်။ ကိုလိုနီဖခတ် စာဖပသင်ကြားခြင်းမျိုး မဟုတ်ပါ။ အဖသးစိတ် နည်းလမ်းတွေကိုတော့ ဒီဖနရာမှာ မဖဆွေးဖနွေးတော့ပါ။ အထက်တန်းရောက်တဲ့အခါ ကိုယ်စိတ်ပါဝင်စားတာကို ဖလှာသွားကြရမှာ ဖြစ်ပါတယ်။ သင်ယူသူကိုယ်တိုင်က စိတ်အားထက်သန်ပြီး ကိုယ်တိုင်သင်ယူမှုကို နားလည်တဲ့အခါ ကျူရှင်ဆိုတာ အလိုအလျောက် ပျောက်ကွယ်သွားမှာဖြစ်ပါတယ်။ အထက်တန်းအဆင့်မှာလဲ တက္ကသိုလ်ဝင်တန်းဆိုပြီး သက်မွေးပမ်းကြောင်းကို တိုက်ရိုက်ဆုံးဖြတ်တာမျိုး ကိုယ်ပါသနာပါရာကို တစ်ကြိမ်သာ အခွင့်အဖရးပေးတာမျိုး မလုပ်သင့်ပါ။ အကြိမ်ကြိမ် ကြိုးစားနိုင်ဖအောင် လုပ်ဆောင်ပေးသင့်ပါတယ်။

တက္ကသိုလ် ကျောင်းသားတွေ အဖနနဲ့လည်း ဘွဲ့ယူတာ အလုပ်အကိုင် ရရှိဖရေးအတွက်လို့ မထင်မြင်ဖစသင့်ပါ။ အဆင့်မြင့်ပညာများကို ဆည်းပူးဖလှာတဲ့ ဖနရာသာ ဖြစ်သင့်ပါတယ်။ ကမ္ဘာကျော်ပုဂ္ဂိုလ်ဖတွေဖြစ်တဲ့ ဘီဂိတ်တို့ စတိဗ်ဂျော့ဘ်တို့ဟာ ဘွဲ့ရပြီး အလုပ်အကိုင်ဖတောင်းသူတွေ မဟုတ်ကြပါ။ အလုပ်အကိုင်ဖန်တီးသူတွေသာ ဖြစ်ကြပါတယ်။ အစိုးရအဖနနဲ့လည်း အလုပ်အကိုင်သစ်တွေကို ဖဖေါ်ထုတ်ပေးမယ့်အစား ပညာတတ်တွေကိုယ်တိုင် အလုပ်အကိုင်ဖန်တီးနိုင်တဲ့ လမ်းကြောင်းကို စီမံဖပးထားဖို့ လိုပါမယ်။ ကျောင်းသားတွေအမြင်မှာ ပညာသင်တာ အလုပ်အကိုင်ရဖို့ မဟုတ်ပဲ ကိုယ်တိုင်ဖန်တီးရမယ်လို့ နားလည်သွားဖို့ လိုပါတယ်။

မျိုး။ ။ မှန်ပါတယ်ဆရာ၊ ကျွန်တော်တို့ လိုအပ်နေတာ ဒီသဘောတရားပါပဲ။ ကျွန်တော်တို့အရင် ဆွေးနွေးကြဖူးပါတယ်။ ပညာသင်ကြားရေးမှာ ဆရာတွေအပိုင်းအပြင် မိဘတွေအပိုင်းပါ စဉ်းစားရမယ်။ အခုဆရာထပ်ပြောတာက သင်ယူသူရဲ့အပိုင်းပေါ့၊ ကျွန်တော်တို့ဆယ်တန်းစာမေးပွဲတွေမှာ နယ်ကဖြေပြီး ဘာသာစုံ ဂုဏ်ထူးထွက်ကြတဲ့ကလေးတွေရှိပါတယ်။ သူတို့မှာ ကျူရှင်လဲမရှိ ဆရာကလဲမပြည့်စုံသော်ငြား သင်ယူလိုစိတ်ကြောင့် ထူးချွန်ကြတာဖြစ်ပါတယ်။ အဲဒီလိုပဲ တက္ကသိုလ် ကျောင်းသားတွေအနေနဲ့ ဘွဲ့ရရင် အလုပ်အကိုင်ရမယ်ဆိုတဲ့အတွေးအစား ကိုယ်တိုင် အလုပ်အကိုင်ဖန်တီးမယ်ဆိုတဲ့ စိတ်မျိုးထားရှိအောင် ပညာပေးသင့်ပါတယ်။ တက္ကသိုလ်ဆိုတာကို အလုပ်အကိုင်ရရှိစေမယ့် အခွင့်အလမ်းအစား သင်ယူလိုတဲ့ပညာရပ်ကို သင်ယူနိုင်ဖို့သာ ဖန်တီးပေးရပါမယ်။ ကျူရှင်ကို လိုအပ်တဲ့ပညာရေးရှိနေသရွေ့ ကျူရှင်ကရှိနေမှာပါ။ မဆလခေတ် ပညာရေးဟန်ကြီးဦးကျော်ပြိမ်း လက်ထက်မှာ ဥပဒေတွေထုတ် ကျူရှင်ဆရာတွေကို အရေးယူတော့ ဆရာကောင်းတွေ ထောက်ကျ ဘဝတွေပါပျက်သွားခဲ့ကြပါတယ်။ စာသင်လို့ထောင်ကျတယ် ဆိုတော့ ကျော်မကောင်းကြားမကောင်း ပေါ့ဆရာ။

စိုး။ ။အခုကျောင်းတွေဖွင့်တော့မယ်။ ကျောင်းသားတွေအတွက် စာရေးကရိယာ၊ စာအုပ်၊ အဝတ်အစား ထောက်ပံ့ရုံနဲ့တော့ ထူးခြားမှုရှိမလာနိုင်ပါဘူး။ ပညာရေးကိုပြောင်းဖို့သာ ကြိုးစားရပါမယ်။ ဖဆပလခေတ် ဘဝသစ်ပညာရေး ပုံစံမျိုးကို နည်းမှန်လမ်းမှန်နဲ့ အကောင်အထည်ဖော်သင့်ပါတယ်။ တစ်ကနေပြန်စတာထက် အရင်မအောင်မြင်ခဲ့တာ ဘာကြောင့်လဲ၊ ရှာဖွေလေ့လာ ဖေါ်ထုတ်ပြီး

နည်းမှန်လမ်းမှန်နဲ့ လုပ်ကိုင်ကြရင်ဖြင့် မြန်မာ့ပညာရေး ဦးမော့လာ ကောင်းပါရဲ့လို့ မျှော်လင့်ပါတယ်။



စိတ်ခံစားမှု စီမံခန့်ခွဲခြင်း

မျိုး။ ။အသိဉာဏ်ပညာနဲ့ ပတ်သက်ရင် အိုင်ကျူ အီးကျူ ဆိုတဲ့ သတ်မှတ်ချက်နဲ့ တိုင်းတာကြတာကို ယေဘုယျအားဖြင့် သိထားကြပါတယ်။ (၂၀)ရာစု အစောပိုင်းမှာ အိုင်ကျူက အရေးပါတယ်လို့ ယူဆခဲ့ကြပြီး နောက်ပိုင်းကျတော့ ဘဝအောင်မြင်မှုနဲ့ ခေါင်းဆောင်ပိုင်းအတွက် အီးကျူက ပိုပြီးအရေးပါတယ်လို့ ဆိုလာကြပြန်ပါတယ်။ ဆရာဆွေးနွေးပေးပါဦး။

စိုး။ ။စိတ်ခံစားမှု အီးကျူဆိုတာ စိတ်ပိုင်းပေါ့။ အိုင်ကျူ ကတော့ ဦးနှောက်စွမ်းရည်ပိုင်း ဖြစ်ပါတယ်။ စိတ်နဲ့ရုပ်ဟာ တပြိုင်နက် ဆက်စပ် ဖြစ်ပေါ်နေကြတာပါ။ ဒါကြောင့် စိတ်ပိုင်းဆိုင်ရာဖြစ်တဲ့ အီးကျူနဲ့ ဦးနှောက်ပိုင်းဆိုင်ရာဖြစ်တဲ့ အိုင်ကျူ နှစ်မျိုးလုံးကို ဆွေးနွေးသွားပါမယ်။ ခေါင်းဆောင်မှုအတွက် အများနဲ့ဆိုင်တဲ့ စိတ်ခံစားမှု၊ အများရဲ့စိတ်ကို သိရှိနားလည်ခံစားနိုင်စွမ်းဖြစ်တဲ့ Interpersonal နဲ့ မိမိစိတ်ကို ထိန်းချုပ်ကွပ်ကဲနိုင်စွမ်းဖြစ်တဲ့ Intrapersonal နှစ်မျိုးလုံး ကောင်းမွန်ဖို့ လိုပါတယ်။ ကျွန်တော်တို့ မြန်မာတွေဟာ ဗုဒ္ဓဘာသာတွေ ဖြစ်ပါတယ်။ စိတ်ကို ပိုမိုနိုင်နင်းသင့်ပါတယ်။ လက်တွေ့မှာတော့

စိတ်ထိန်းချုပ်မှုနဲ့ အများရဲ့စိတ်ကို သိရှိနားလည်မှု အားနည်းကြပါတယ်။ ဒါ ဘာကြောင့်လဲ ဆိုတာကို အရှေ့တိုင်း အနောက်တိုင်း နှိုင်းယှဉ်ဆွေးနွေးသွားပါမယ်။ ဒီအကြောင်းပြောဖို့ တွေးနေတုန်းမှာပဲ မြန်မာနဲ့ စကားပူဒေါလုံးအသင်း ကန်တဲ့ပွဲကို ကြည့်လိုက်တော့ ပြောစရာရှိ လာတာပေါ့။ တိုင်းပြည်တစ်ခု ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖွံ့ဖြိုးစည်ပင်ဖို့အတွက် စိတ်နဲ့ရုပ်ကို တစ်ပြိုင်တည်း နားလည်ဖို့လိုပါတယ်။

မြန်မာနိုင်ငံသားတွေဟာ ကိုလိုနီခေတ်ကစလို့ မျိုးချစ်စိတ်ဓါတ်ကို အဓိကထား ဖောင်းနှင်ကြပါတယ်။ ဒါဖေပမယ့် စိတ်ဓါတ်တစ်ခုတည်းနဲ့ မလုံလောက် ဆိုတာဒီဒေါလုံး အားကစားမှာ ဝိုမိုမြင်သာပါတယ်။ ဒါကြောင့် ဒေါလုံးကိုဥပမာပေးပြီး စလိုက်ကြရအောင်ပါ။ မြန်မာဒေါလုံးလောကကို အသက်ဓမ္မမှုအဆင့်ဖြစ်အောင် ပြောင်းလဲလိုက်တဲ့အခါ စိတ်ဝိုင်းဆိုင်ရာ လုံခြုံမှုရှိစေဖို့ ဘဂပြည့်စုံအောင် ငွေကြေးမက်လုံးတွေ ပေးလာတယ်။ ဧထောက်ပံ့မှုတွေ ဝိုလုပ်ပေးကြတယ်။ နိုင်ငံအဆင့်ပြိုင်ပွဲကျရင်လည်း နိုင်ငံသားများက မျိုးချစ်စိတ်အပြည့်နဲ့ အားဖေးကြတယ်။ စိတ်ဓါတ် မြင့်မားအောင် အဖက်ဖက်က လုပ်ဆောင်နေကြပါတယ်။ အတိတ်ကိုပြန်ကြည့်ရင် မျိုးချစ်စိတ်ကို နှိုးဆော်တဲ့အလုပ်ကို ဧတောက်လျှောက် လုပ်လာခဲ့ကြတာပဲ။ ဒါဖေပမယ့် ဘာကြောင့် မြန်မာအသင်း အောင်မြင်မှုမရတာလဲ။ တိုင်းပြည် ဘာကြောင့် မတိုးတက်တာလဲ စဉ်းစားသင့်ပါတယ်။ ဒီဘက်ခေတ်မှာ အီးကျူ အရေးပါတယ်လို့ ပြောလာကြတယ်။ ကျွန်တော်တို့ အီးကျူကို ဘယ်လို ကိုင်တွယ်ကြမလဲ။ တစ်ချိန်တည်းမှာ အီးကျူနဲ့ ဆက်စပ်နေတဲ့ အိုင်ကျူ အက်စ်ကျူ တို့ကိုပါ စနစ်တကျ သိဖို့လိုတယ်လို့ မြင်မိလာပါတယ်။

မျိုး။ ။ကျွန်တော်လည်း ကြည့်ခဲ့ရပါတယ်။ မြန်မာက စက်ာပူကို ၄-၂ နဲ့ရှုံးပါတယ်။ စိတ်ပျက်ခဲ့ရပါတယ်။ မြန်မာအသင်း နိုင်ချင်တယ်။ ဒေါင်မြင်ချင်တယ်။ ကမ္ဘာမှာ အဆင့်မြင့်တဲ့ အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံအဖြစ် မြင်ချင်ကြပါတယ်။ သို့သော်လည်း အားကစားတို့ အနုပညာတို့ကို မဟုတ်ပဲ လုပ်လို့မရဘူး။ စိတ်ဝိုင်းရော ရုပ်ဝိုင်းပါ အားကောင်းမှရပါမယ်။ ကမ္ဘာ့ပြိုင်ပွဲတွေမှာ ကြည့်ရင် အိုင်ကျူ ပြိုင်ကြ ရတာလို့ မြင်ပါတယ်။ အိုင်ကျူအကြောင်း ဆွေးနွေးပေးပါဦး။

စိုး။ ။Howard Gardner, professor, Harvard ပညာရှင်က အိုင်ကျူကို (၇) မျိုး ခွဲခြားပြပါတယ်။ သူ့တင်ပြချက်အရ အိုင်ကျူ (၇) မျိုးထဲမှာ အီးကျူနှစ်မျိုးကလည်း တပြိုင်နက် ပါဝင်တာကိုတွေ့ရပါတယ်။ အိုင်ကျူ (၇) မျိုးက (၁)ဘာသာဗေဒဆိုင်ရာ Verbal= linguistic–eg, Lexical skills, formal speech, verbaldebate, creative writing၊ (၂)ရုပ်ဝိုင်းဆိုင်ရာ Body=kinesthetic (movement) — eg. bodylanguage, physicalgestures, creativedance, physical exercise, drama (၃)ဂီတဆိုင်ရာ Musical=rhythmic, eg.music performance, singing, musical composition, rhythmic patterns. (၄)ယုတ္တိဗေဒ တွေးခေါ်မှုဆိုင်ရာ- Logic=mathematic, eg.numerical aptitude, problem solving, deciphering codes, abstract symbols and formulae. (၅)အမြင် အာရုံဆိုင်ရာ - Visual=spatial, eg.pattern designs, painting, drawing, active imagination, sculpture, colour schemes (၆)လူမှုဆက်ဆံရေးစိတ် Interpersonal (relationships with others), eg.person-to-person communication, empathypractices, group projects, collaboration skills,

receiving and giving feedback (၇)မိမိစိတ်ကို ထိန်းချုပ်ခြင်း Intrapersonal (self –understanding and insight), e.g. thinking strategies, emotionalprocessing, knowingyourself, higher order reasoning, focusing=concentration. တို့ ဖြစ်ပါတယ်။ အိုင်ကျူ (၁ မှ ၅) အထိက ရုပ်ပိုင်းဆိုင်ရာ စွမ်းရည်တွေဖြစ်ပါတယ်။ ရုပ်ပိုင်းကြံ့ခိုင်မှုနဲ့ ဦးနှောက် ဆက်စပ်ခိုင်းစေနိုင်တဲ့ စွမ်းအင်တွေ ဖြစ်ပါတယ်။

(၂၀) ရာစု အလယ်ပိုင်းလောက်ထိ ဦးနှောက်က သင်ကြားမှုတွေကို သုံးသပ်တဲ့နိုင်တဲ့ စွမ်းအားအိုင်ကျူ အမှတ်(၄) တစ်မျိုးကို ကြည့်ပြီး ပညာရေးမှာ အဆုံးအဖြတ် ပေးခဲ့ပါတယ်။ အခု နောက်ပိုင်းမှာတော့ မတူညီတဲ့အိုင်ကျူများရဲ့ အားသာချက်ကြောင့် လူဘောင်ကို တစ်ဖက်ဖက်က အကျိုးပြုနေကြတာကို သိရှိလာခဲ့ကြလို့ သင်ကြားမှုပုံစံများကို ပြောင်းလဲကျင့်သုံးလာကြပါတယ်။ အခုနောက်ပိုင်း နိုင်ငံတကာ လုပ်ငန်းခွင်တွေမှာ အီးကျူ ခေါ်တဲ့အမှတ်စဉ်(၆-၇)ကို စစ်ဆေးလာကြပါတယ်။ မိမိကိုယ်ကို သုံးသပ်နိုင်သလား၊ ထိန်းချုပ်နိုင်သလား၊ အများအပေါ် နားလည်နိုင်စွမ်း စသဖြင့် စစ်ဆေးကြပါတယ်။

မျိုး။ ။အိုင်ကျူနဲ့ အီးကျူဆိုင်ရာများကို ပြောပြီးပြီဆိုတော့ အက်စကျူ အကြောင်းကိုရှင်းပြပါဦး။

စိုး။ ။အက်စ်ကျူဆိုတာ ရုတ်ခြည်းသိမြင်နိုင်ခြင်းလို့ ပြောပါတယ်။ ဖြတ်ထိုးဉာဏ်လို့ပြောရမှာပေါ့။ ဦးနှောက်ထဲမှာ အချက်အလက် ခုန်ကူးခြင်းဖြစ်စဉ်ဆိုတာ ရှိတယ်။ မော်တော်ကားပလပ်မှာ မီးကူးသလို (Ignition)ပေါ့။ ကျိုးကြောင်းဆီလျော် ဆက်စပ်နားလည်မှု မြန်ဆန်တာမျိုး (cognition) လို့လည်း ပြောနိုင်ပါတယ်။ SQ=log10¹m လို့

ဖော်မြူလာ ရှိပါတယ်။ အိုင်ကျူ၊ အီးကျူ၊ အက်စ်ကျူသုံးမျိုးလုံး ညီမျှမှ ခေါင်းဆောင်ကောင်း တစ်ယောက် ဖြစ်နိုင်ပါလိမ့်မယ်။

မျိုး။ ။စိတ်ခံစားမှု စိမံခန့်ခွဲမှုကို ရှင်းပြပေးပါဦး။

စိုး။ ။ခံစားမှု-အင်္ဂလိပ်=Emotion၊ ပါဠိ=ဝေဒနာဖြစ်ပါတယ်။ ရုပ်အာရုံသိမှု+အတွေး=ခံစားမှု ဖြစ်ပါတယ်။ အာရုံမှာသိတာကို ခွဲခြားစိတ်ဖြာပြီး ကောင်းတယ်မကောင်းဘူးလို့ ပေါ်လာတဲ့စိတ် ဖြစ်ပါတယ်။ ဒီစိတ်အပေါ်မှာ ထပ်ပြီး စွဲလမ်းစိတ်ဖြစ်ပါတယ်။ လူတွေကို အရာရာမှာ ချုပ်ကိုင်ထားတာ စိတ်ခံစားမှုပါပဲ။ စိတ်ကို ကောင်းကောင်းကိုင်တွယ်နိုင်တဲ့ လူ့အဖွဲ့အစည်းဟာ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ လူတွေဟာ သူတို့နှစ်သက်တဲ့ စိတ်ခံစားမှုအပေါ် စွဲလမ်းစိတ်ဖြစ်ပြီး ပြောင်းလဲဖို့ အလွန်ခက်ခဲပါတယ်။ မိသားစုထဲမှာရော လုပ်ငန်းခွင်မှာရော စိတ်ကိုပြုပြင်ပြောင်းလဲဖို့ ခက်ပါတယ်။ အများစုက သူတို့မပြောင်းလဲချင်တဲ့ မလုပ်ကိုင်ချင်တဲ့ အရာတွေဟာ သူတို့စိတ်ကြောင့်လို့ လက်မခံပဲ အခြားအကြောင်း တစ်ခုကိုပြပြီး ငြင်းဆန်လေ့ရှိကြပါတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘုရားရှင် ဟောကြားတဲ့ သစ္စာလေးပါးတရားမှာ ဒုက္ခဖြစ်ရခြင်းအားလုံးရဲ့ အကြောင်းရင်းဟာ သမုဒ္ဒယ ခေါ်တဲ့ စွဲလမ်းစိတ်ပါပဲ။ ဒီစိတ်ကိုဖြတ်နိုင်ရင် နိဗ္ဗာန်ကို ရရှိမယ်လို့ ဆိုပါတယ်။ ဒီတရားတော်ဟာ ကိုယ်တိုင်ပဲ ကျင့်ကြံရတဲ့ တရားဖြစ်ပါတယ်။ မိမိကိုယ်ကို ထိန်းချုပ်နည်းကို ကျွန်တော်တို့ မြန်မာတွေ သိပြီးသားဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဟာ မိမိစိတ်ကို ပြုပြင်ရာမှာ အကောင်းဆုံး ဖြစ်ပါတယ်။ ဒါပေမယ့် ကိုယ်တိုင်ထိန်းချုပ်မှု ဆိုတာ လူသားတွေအတွက် အခက်ခဲဆုံးအရာ ဖြစ်ပါတယ်။

နောက်တစ်ချက်က ခေါင်းဆောင်မှုနဲ့ စီမံခန့်ခွဲမှုအတွက်က အများရဲ့စိတ်ခံစားမှု စိတ်အခြေအနေကို သိရှိနိုင်ဖို့လိုပါတယ်။ မြန်မာတွေ အားနည်းတာက ကိုယ့်စိတ်ကိုလည်း သေချာနားမလည်သလို အများစိတ်ကိုလည်း မြင်အောင် မကြည့်ကြတာပါပဲ။ ဒီနေရာမှာ အရှေ့တိုင်းနဲ့ အနောက်တိုင်း ကွာခြားမှုကို ပြောချင်ပါတယ်။ စိတ်ကို ပြုပြင် ထိန်းချုပ်တာမှာ အရှေ့တိုင်းက ကိုယ်ကိုယ်တိုင် ထိန်းချုပ်ဖို့ ကြိုးစားကြပါတယ်။ ဘာသာတရားအရရော၊ ယဉ်ကျေးမှုအရရော ကိုယ်တိုင်ပြုပြင် ထိန်းချုပ်တာကို အားပေးပါတယ်။ စိတ်ကို ကိုယ်တိုင်ထိန်းချုပ်ဖို့က ပိုခက်ခဲပါတယ်။ ကိုယ်တိုင် မနိုင်တော့တဲ့အခါ အဖွဲ့အစည်းအရ ထိန်းချုပ်ဖို့ လိုပါတယ်။ ကျွန်တော်တို့ အားနည်းတာက အဖွဲ့အစည်းလိုက် ထိန်းချုပ်မှုပါပဲ။

အနောက်တိုင်းကျတော့ အများနဲ့ဆိုင်တဲ့အပိုင်းကို အလေးထားပါတယ်။ စည်းမျဉ်းစည်းကမ်း၊ ဥပဒေတွေက ထိန်းချုပ်ပါတယ်။ မိသားစုထဲမှာရော လူ့အဖွဲ့အစည်းမှာပါ အားလုံးနဲ့သက်ဆိုင်တဲ့ စည်းမျဉ်းကို လိုက်နာရပါတယ်။ အနောက်တိုင်းက ပတ်ပန်းကျင်ကောင်းကို အရင်တည်ဆောက်လေ့ ရှိပါတယ်။ တစ်ဦးချင်းကို လွတ်လပ်မှု ပေးထားပါတယ်။ အများရဲ့စိတ်ကို နားလည်အောင် ကြိုးစားကြပါတယ်။ ဒါကြောင့် အဖွဲ့အစည်းလိုက်၊ နိုင်ငံအလိုက် ကြည့်မယ်ဆိုရင် သူတို့က ပိုမိုအားသားချက်ရှိတာ ဖြစ်ပါတယ်။ သူတို့က အဖွဲ့အစည်းကို အရင်တည်ဆောက်ပြီးမှ တစ်ဦးချင်းကို နောက်ကလိုက်ပြင်ပါတယ်။ အခုနောက်ပိုင်း အနောက်တိုင်းသားတွေ ထိုက်ကျိ၊ ယောဂ၊ ဂိပဿနာ တွေကို လေ့လာလိုက်စားလာ ကြတာတွေ့မြင်ရမှာပါ။ နောက် ကျွန်တော်တို့ပြောပြောနေကြတဲ့ Mind Set ပေါ့။ အခုကြုံနေကြရတာက အပြောင်းအလဲ မလုပ်ချင်တာ စိတ်ကို

အသေထိုင်ထားတာပေါ့။ ဒီလိုဖြစ်ရတဲ့ အကြောင်းရင်းက မိသားစုဓလေ့နဲ့ သက်ဆိုင်သလို အတွေးအခေါ်ကလည်း သက်ဆိုင်ပါတယ်။ ဒါလည်း စိတ်ခံစားမှုကို စီမံခန့်ခွဲမှု မလုပ်နိုင်တာပါပဲ။

လူငယ်တွေနဲ့ပတ်သက်လို့ တစ်ချက်ရှိတာက လူငယ်တွေဟာ ငယ်ရွယ်စဉ်မှာ ရုပ်ပိုင်းဖွံ့ဖြိုးမှုအတွက် စွမ်းအင်တွေကို ပိုမို အသုံးပြုရပြီး စိတ်ပိုင်းဆိုင်ရာ ထိန်းချုပ်ဖို့ ခက်ခဲပါတယ်။

ပတ်ဂန်းကျင်က ထိန်းကြောင်းပေးဖို့ လိုပါမယ်။ အသက်အရွယ်ရလာခဲ့ပြီး ကိုယ်ခန္ဓာကြီးထွားမှု ရပ်တန့်တဲ့ အခါမှ စိတ်အလုပ်အတွက် စွမ်းအင်တွေကို ပိုမိုအသုံးချလာနိုင်ပါတယ်။ စဉ်းစား တွေးခေါ်မှုကို ပိုမိုလုပ်ဆောင်လာနိုင်ပါတယ်။ ဒါကြောင့် လူငယ်တွေ ခံစားမှု နောက်လိုက်တာ အပြစ်ပြောဖို့ ခက်ပါတယ်။ ပတ်ဂန်းကျင်ကောင်းကို တည်ဆောက်ပေးရပါမယ်။ ကျောင်းတွေမှာ အားကစား၊ အနုပညာ စသဖြင့် စိတ်ဝင်စားစေမယ့် အလုပ်တွေပေးထားဖို့ လိုပါတယ်။ အချိန်ပိုတွေကို စိတ်ဝင်စားတဲ့ နေရာတွေမှာ ကုန်ဆုံးစေခြင်းအားဖြင့် တစ်ခြားစိတ်အာရုံနောက် မလိုက်နိုင်အောင် ဆောင်ရွက်ပေးထားဖို့လိုပါတယ်။ ဘဂနေထိုင်မှု မြင့်မားအောင် အတန်းပညာတစ်ခုတည်း သင်ကြားပြန်ရင်လည်း တစ်ဦးချင်း အိုင်ကျူနဲ့ သဟဇာတ မဖြစ်ရင် အလဟသ ဖြစ်သွားတတ်ပါတယ်။ လူငယ်တွေကို သူတို့အားသာရာ အလိုက် စိတ်ပါဝင်စားနိုင်အောင် ဆောင်ရွက်ပေးထားဖို့ လိုပါတယ်။ အထက်မှာ ဖော်ပြခဲ့တဲ့ အိုင်ကျူနဲ့ အီးကျူတွေဟာ ပင်ကိုယ်ကောင်းသလို လေ့ကျင့်ပေးခြင်းဖြင့်လည်း တိုးတက်နိုင်ပါတယ်။ အတွေးအခေါ်သင်ကြားပေးမှုများကလည်း သက်ရောက် ပြောင်းလဲစေနိုင်ပါတယ်။

မျိုး။ ။ကျွန်တော်တို့မှာ ပညာရေးနဲ့ပတ်သက်တဲ့ ပြောင်းလဲမှုတွေ လုပ်နေကြတယ်။ ဟောပြောတာ ဆွေးနွေးတာတွေလည်း အများကြီး

လုပ်နေကြတယ်။ ကောင်းလိုတဲ့စိတ် မြင့်မားလိုတဲ့စိတ်နဲ့ လုပ်နေကြပေမယ့် တစ်ဖက်စောင်းနင်းမဖြစ်ဖို့ လိုမယ်ထင်ပါတယ်။ နစ်ပေါင်းလေးငါးဆယ်အတွင်းမှာ ရုပ်ပိုင်းကျဆင်းသွားတယ်။ ခန္ဓာသန်စွမ်းမှုတွေ ကျဆင်းသွားတယ်။ တစ်ဖက်ကလည်း ပညာရေး အားကောင်းအောင် လုပ်တယ်ဆိုပြီး အနုပညာဂီတတို့ အားနည်းသွားပြန်တယ်။ ကျွန်ုပ်ရင် ပေါ်လာပြန်တော့ အားလုံး ထိုးစိုက်ဆင်းသွားတော့တာပါပဲ။ ဆက် ဆွေးနွေးပေးပါဦး။

စိုး။ ။ ပညာရေးမှာ လူရည်ချွန်တို့ ဘက်စုံတို့ ဆိုပြီး လုပ်ကြပါတယ်။ စာတော်တဲ့ကျောင်းသားကို ဘက်စုံထူးချွန်ဆိုပြီး ဆုတွေပေးနေတာ တွေ့နေရပါတယ်။ ကျွန်တော်ကတော့ တစ်ခုခုလွဲနေတယ်ထင်ပါတယ်။

ဘက်စုံထူးချွန်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

စွမ်းရည်(အိုင်ကျူ) အားလုံး သင့်တင့်အောင် လုပ်တာက ဖြစ်နိုင်ပါတယ်။ စွမ်းရည် (အိုင်ကျူ) အားလုံးမှာ ထူးချွန်အောင်တော့ လုပ်ဖို့ မသင့်ပါဘူး။ စွမ်းရည် တစ်မျိုးမျိုးမှာ ထူးချွန်သူတွေကိုလည်း အဆင့်(၁) သတ်မှတ်ပေးသင့်ပါတယ်။ ဒါမှ ဘက်စုံပညာရေးလို့ ခေါ်နိုင်ပါမယ်။ အခုကတော့ ကျောင်းသားတယောက်ကို ဘက်စုံတော်တယ်ဆိုပြီး ဆုပေးနေတာ တော်တော်လွဲမှားမှုလို့ ထင်ပါတယ်။

မျိုး။ ။တစ်ခုချင်းထူးချွန်တဲ့ ပါရမီရှင်တွေ မွေးထုတ်ဖို့သာ အရေးကြီးပါတယ်။ ကျွန်တော်တို့မှာ ၁၉၆၀ လောက်ကတည်းက ဘက်စုံဆိုပြီး လုပ်ခဲ့ကြတယ်။ အခုထိ ဘာမှဖြစ်မလာခဲ့ပါ။ ဆရာရဲ့နိဂုံးစကားလေး ပြောပေးပါဦး။

စိုး။ ။ စိတ်ခံစားမှုကို စီမံခန့်ခွဲဖို့ အဓိကအသင့် ဆွေးနွေးခဲ့ကြပြီးပါပြီ။ ခံစားမှု(ဝေဒနာ)ဆိုတာ ရုပ်ကသိတဲ့ အာရုံနဲ့အတွေ့ ပေါင်းပြီး ပေါ်လာတဲ့ စိတ်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ အာရုံကို တပ်မက်မှု မဖြစ်အောင် (ဝေဒနာကိုထိန်းချုပ်နိုင်အောင်) ကျင့်ကြံဖို့ လမ်းညွှန်ထားပါတယ်။ ဒါပေမယ့် တစ်ဦးချင်းကျင့်ကြံမှုအပြင် အများစိတ်ကို နားလည်ခံစားပေးဖို့ ကြိုးစားရပါမယ်။ ပတ်ဝန်းကျင်ကိုလည်း ကောင်းအောင် တည်ဆောက်မှ တစ်ဦးချင်းကောင်းမွန်တဲ့ စိတ်ထားတွေ ဖြစ်ပေါ်လာနိုင်မှာပါလို့ ပြောချင်ပါတယ်။ ပညာရေးရဲ့ ကျောရိုးဟာ စိတ်ပညာပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အတတ်ပညာကို ဦးစားပေးမိလို့ ပညာရေးနောက်ကျ ကျန်ခဲ့တာဖြစ်ပါတယ်။ ခေါင်းဆောင်နဲ့ မိဘဆရာတွေဟာ မိမိစိတ်ကို နိုင်နင်းသလို အများရဲ့စိတ်ကိုလည်း သိနားလည်ဖို့လိုပါတယ်။ ဒါမှ သင်ကြားမှု သင်ယူမှု မျှဝေခြင်းခေါ်တဲ့ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

၁၀

စာကြည့်တိုက်နှင့်စာပေဖွံ့ဖြိုးရေး

မျိုး။ ။စာကြည့်တိုက်ကလေး ဖွံ့ဖြိုးတိုးတက်ဖို့ အစဉ်တစိုက် လုပ်လာခဲ့ကြတယ်။ ဒီနေ့အထိ လုပ်နေကြပေမယ့် စာဖတ်နှုန်း မျှော်မှန်းသလောက် မမြင့်လာဖူးလို့ ထင်မိပါတယ်။ ဆရာရဲ့သုံးသပ်ချက်ကို အရင်ဆုံး သိချင်ပါတယ်။

စိုး။ ။စာဖတ်နှုန်းမြင့်ဖို့ ကြိုးစားတဲ့နေရာမှာ လိုအပ်ချက်တွေရှိသေးလို့ပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ စာဖတ်နှုန်း မမြင့်ဘူးဆိုပေမယ့် သူ့အတန်းအစားနဲ့သူ ဖတ်နေကြပါတယ်။ ကျွန်တော့်အမြင်အရ ကျွန်တော်တို့နိုင်ငံ စာဖတ်နှုန်း နည်းတယ်လို့ မထင်ဘူးဆရာ။ စာဖတ်နှုန်းကို စာအုပ်ရောင်းအားတို့ စာကြည့်တိုက် လာရောက်နှုန်းတို့ လောက်နဲ့ တိုင်းတာလို့မရပါဘူး။ စာကြည့်တိုက်အကြောင်း ပြောမယ်ဆိုရင် ပန်ဒဆောင်မှုစနစ် သုံးမျိုးကို ပြောချင်ပါတယ်။ (က)သမရိုးကျ စာအုပ်တွေနဲ့ ပန်ဒဆောင်မှုပေးတဲ့ ရိုးရိုး စာကြည့်တိုက်စနစ် (physical library, traditional library system) (ခ)အီးဘုတ်တွေနဲ့ ပန်ဒဆောင်မှုပေးတဲ့ အီး စာကြည့်တိုက်စနစ် (e library system) (ဂ)သတင်း

အချက်အလက်တွေကို ပြန်လည်အသုံးချ ပန်ဆောင်မှုပေးတဲ့စနစ် (information retrival system) တို့ ဖြစ်ပါတယ်။ ဒီသုံးမျိုးကို သေသေချာချာ ခွဲခြားနားလည်ဖို့ လိုပါတယ်။ နောက်ပြီးတော့ စာပေ အဆင့်အတန်း၊ စာပေ ဝေဖန်ရေးတို့ကိုလည်း ဆွေးနွေးချင်ပါတယ်။

မျိုး။ ။ဆရာ တင်ပြသွားတဲ့ ပန်ဆောင်မှုစံနစ် သုံးမျိုး ပြောထား တယ်။ ဒီမှာကော ကျွန်တော်တို့ ဘယ်လို ပန်ဆောင်မှုမျိုးတွေ ရရှိ နေကြသလဲ။ ကျွန်တော်တို့နိုင်ငံ စာကြည့်တိုက် ဖောင်ဒေးရှင်းက ကိန်းဂဏန်း သောင်းနဲ့ချီတဲ့ စာကြည့်တိုက်တွေကရော အသုံးပြုသူတွေ အကျိုးရှိရဲ့လား ဆိုတာတွေကို ဆွေးနွေးချင်ပါတယ်။ တစ်နေ့ကတောင် စာကြည့်တိုက်တံခါးလေး ဖွင့်ထားပါ ဆိုတဲ့ဆောင်းပါး ဖတ်လိုက်ရ သေးတယ်။ ကျွန်တော်တို့ တည်ထောင်တဲ့ စာကြည့်တိုက်တွေ အကျိုး ရှိရဲ့လား သုံးသပ်ဖို့ လိုပါမယ်။ ဆရာကရော စာကြည့်တိုက်ကို ဘယ်လို အသုံးပြုပါသလဲ။ အခုထိ အသုံးပြုနေဆဲလား။ ကျွန်တော်ကတော့ စာကြည့်တိုက် မသုံးဖြစ်တာ ကြာပါပြီ။ ဒါပေမယ့် ကျွန်တော့်ကို စာမဖတ်ဖူးလို့ သတ်မှတ်ရင်တော့ မှားသွားနိုင်ပါတယ်။

စိုး။ ။ အခု တော်တော်များများက ပြောကြတာက လူငယ်တွေ စာမဖတ်ကြဘူးပေါ့။ စာကြည့်တိုက်ကို စာလာဖတ်တာနည်းတော့ စာကြည့်တိုက်မှူးတွေက လူငယ်တွေ စာမဖတ်ကြဘူးလို့ ပြောကြဆိုကြ ပြန်ပါတယ်။ စာရေးဆရာတွေက စာအုပ်တွေ ရောင်းအားနည်းတော့ လည်း လူငယ်တွေ စာမဖတ်ဖူး ပြောကြပြန်တယ်။ ပညာတတ်

ပညာရှင်တစ်ချို့ကလည်း ဂင်ပြောကြ ဟောပြောကြပြန်တယ်။ လူငယ်တွေ စာမဖတ်ဘူးတဲ့၊ ကျွန်တော်ကတော့ အပြည့်အဝ မထောက်ခံပါဘူး။

သမရိုးကျ စာကြည့်တိုက် လူလာနည်းလာတာကို တော်တော်များများ ပြောနေကြ ဆိုနေကြတာပေါ့နော်။ စာအုပ်ဆိုတာ ဗဟုသုတမျှဝေဖို့ ကြားခံတစ်ခုပါ။ အခုခေတ်မှာ ဗဟုသုတရနိုင်စရာ နည်းလမ်းတွေ အများကြီး တိုးနေပါပြီ။ ခံစားနားလည်တတ်ဖို့ သင်ကြားပေးမယ့် မီဒီယာ ပုံသဏ္ဌာန်ပေါင်းစုံရှိနေပြီး လူတွေ စာမဖတ်ပေမယ့် အတွေးအခေါ်တွေ အများကြီး တိုးလာနေကြပါတယ်။ ဈေးနှုန်းသက်သာစွာနဲ့ ဖတ်နိုင်တဲ့ ဂျာနယ်တွေ ပေါ်လာတော့ မဂ္ဂဇင်းတွေတောင် ပျောက်မတတ် ဖြစ်သွားတာပဲ။ ဂျာနယ်တွေမှာ ဗဟုသုတရစရာ အများကြီးပါတယ်လေ သတိထားကြည့်ရင်မြင်နိုင်ပါတယ်။

မျိုး။ ။ အခုခေတ်လူငယ်တွေ စာမဖတ်ကြဘူးလို့ ပြောနေကြတယ်။ အဲဒါနဲ့ပတ်သက်လို့ ပြောချင်ပါတယ်။ သူတို့ဖတ်တာ စာအုပ်မဟုတ်ပါ။ အီးဘုတ်တွေဖြစ်ပါတယ်။ ဂဘ်ဆိုဒ်တွေမှာ ရှာဖတ်ပါတယ်။ အဆိုတော် တစ်ယောက်က ပြောဖူးတယ်။ သူ့အဖေ ဈေးဂယ်နေတုန်း တက်ဘလက်နဲ့ ဖတ်နေပါတယ်တဲ့။ ကျွန်တော် သမ္မတရုံအောက်က လက်ဖက်ရည်ဆိုင်သွားတော့ လူငယ်တစ်ယောက် တက်ဘလက်နဲ့ စာဖတ်နေတာတွေ့တယ်။ ကျွန်တော်တို့ အနေနဲ့ ပြောင်းလဲသွားတာကို သဘောလေ့လာဖို့ လိုပါတယ်။ ရှမ်းပြောနေလို့ မဖြစ်ဘူးထင်ပါတယ်။

စိုး။ ။အခုခေတ်မှာ လူငယ်တွေအတွက် မှတ်သားသင့်တဲ့ အဆုံးအမ ကျင့်ဝတ် စသဖြင့် အမျိုးမျိုးသော ဗဟုသုတတွေကို ဖေဘုတ် ကြော်ငြာ လုပ်ငန်းတွေက ရှာဖွေတင်ပြ ပေးနေကြပါတယ်။ နိုင်ငံတကာ

အဆိုအမိန့် ဘာသာပြန် မြန်မာအဆိုအမိန့် အမျိုးမျိုးကို မဖတ်ချင်ဆုံး မြင်ဖန ဖတ်ဖနကြရပါပြီ။ အဖမတွေတောင် အဆုံးအမတွေကို ဖဖဘုတ်ကရာဖတ်ပြီး ကလေးတွေကို ဖတ်ပြလို့ ရနိုင်ပါတယ်။ ကိုယ် ဖတ်ရှလို့ ကောင်းတာတွေကို အခြားသူတွေ ဖတ်ရှနိုင်အောင် အွန်လိုင်းကဖန မျှဝေကြတယ်။ ဒါတွေကို ကြည့်ခြင်းအားဖြင့် စာကြည့်တိုက်ရဲ့ အဖရေးပါမှု၊ သမရိုးကျ စာအုပ်ရဲ့ အဖရေးပါမှုက လျော့ကျနေပြီဖြစ်ပါတယ်။ ဒါကို စာကြည့်တိုက် လူလာနည်းလို့ စာအုပ် ရောင်းအားနည်းလို့ လူငယ်တွေ စာမဖတ်ဘူးဆိုတဲ့ ပေတံနဲ့တိုင်းရင် မှားပါတယ်။

တစ်ဖန်က MRTV 4 က လာတဲ့ ခွေးလေးတွေ စိတ်ပိုင်း ဆိုင်ရာ ပြုပြင်တဲ့ပရိုဂရမ်တစ်ခု အင်မတန်မှ ဖကောင်းပါတယ်။ နောက် စစ်ပွဲတွေမှာ လက်နက်ရဲ့ အဖရေးပါမှုသမိုင်းတို့ကို တင်ပြတာ ကျမ်း တစ်ကျမ်းဖတ်ရတာနဲ့ ညီမျှပါတယ်။ တကယ့် ပညာရှင်တွေရဲ့ သုတေသနတွေကို စာအုပ်ပြုစု ထုတ်ဝေသလို ရုပ်သံမီဒီယာကဖနပါ တင်ပြလေ့ ရှိကြပါတယ်။

မျိုး။ ။မောင်စူးစမ်းက ဆောင်းပါးတစ်ပုဒ် ရေးဖူးတယ် ဆရာ၊ ရသ မြေပုံ ပြောင်းလဲသွားခြင်းတဲ့။ အခုခေတ်မှာ ရသမျိုးစုံကို မီဒီယာ ပုံသဏ္ဌာန်ဖပါင်းစုံကဖန ဖပးဖနကြပါပြီ။ ဂဏ္ဍရုည်ကဖပးတဲ့ ရသတွေကို ရုပ်သံဇတ်လမ်းတွဲတွေက ဖပးဖနကြပြီ။ ကမ္ဘာဦးလူတွေက ရုပ်ကော အသံကော ခံစားတတ်ပါတယ်။ နောက်ပိုင်းစာတွေက ဖြန့်ဖလာတယ်။ အခုတော့ ရုပ်သံ တိုက်ရိုက်ထုတ်လွှင့်မှု စသဖြင့် ပြောင်းလဲတိုးတက် လာပါတယ်။ ရသစာဖပ မထွန်းကားတော့ဘူးလို့ မပြောသင့်ပါ။

စိုး။ ။ရသစာရေးဆရာတွေရဲ့လက်ရာကို စာအုပ်အနေနဲ့ ဖြန့်ဝေခြင်းမျိုးမဟုတ်ပဲ ရုပ်သံလုပ်ငန်းတွေက ဗီဒီယာပုံစံ တစ်မျိုးနဲ့ ဖြန့်ချိပေးနေကြပါပြီ။ အွန်လိုင်းပေါ် ရောင်းချရင်လည်း ပိုမိုအကျိုးရှိလာမှာပါ။ ရိုက်နိုပ်ခ သက်သာပြီး ဖတ်ရှုသူလည်း လွယ်ကူမှု၊ ဈေးနှုန်းသက်သာမှုတို့ကို ရရှိနိုင်မှာဖြစ်ပါတယ်။ စာရေးဆရာအနေနဲ့ ကောင်းမွန်တဲ့၊ အတွေးအခေါ်မြင့်တဲ့၊ အနုပညာမြောက်တဲ့ စာတွေကို ဖန်တီးနိုင်ဖို့သာလိုပါတယ်။ အခု ကျွန်တော်တို့ဆီမှာက ဖန်တီးမှုပညာရှင် အားနည်းတာ ကသာ အဓိကပြဿနာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ တဆိတ်ရှိရင် အားနည်းတဲ့ သင်းပင်းမရှိတဲ့ သာမာန်ပြည်သူတွေကိုသာ အလွယ် တကူအပြစ်ဖို့လေ့ရှိကြတာကိုး။ ပြည်သူတွေစာမဖတ်ဘူးလို့ ပြောရလွယ်ပါတယ်။ စာရေးသူ ထုတ်ဝေသူ ပညာတတ်အုပ်စု အတွက် တစ်သံတည်း ထွက်လိုက်ရုံပါပဲ။ စာဖတ်သူ ပြည်သူတွေဘက်ကပြန်ပြောပေးမယ့်သူမရှိနိုင်ဘူး။

စာအုပ်ဈေးရောင်းအား ကျတဲ့အကြောင်းက စာရေးဆရာကောင်း ရှားသွားတာလည်း တစ်ကြောင်းပါ။ တခြားအကြောင်းရင်းက ထုတ်ဝေသူတွေနဲ့လည်း သက်ဆိုင်ပါတယ်။ သူတို့က နာမည်ရှိပြီး စာရေးဆရာကိုသာ ဦးစားပေး ထုတ်ပါတယ်။ စာပေအဆင့်၊ ရေးအားကျလာသည်ထိ နာမည်ကို အသုံးပြုကြပါတယ်။ နောက်တစ်မျိုးက လူပိန်းကြိုက်ကို လိုက်ထုတ်ကြပါတယ်။ စာပေအဆင့် အတန်းမြင့်လာအောင်၊ ရေရှည်တည်တံ့အောင် မျိုးဆက်သစ်မွေး ထုတ်ဖို့ ကြိုးစားလေ့မရှိကြပါ။ တစ်ချို့ စာအုပ်တိုက်တွေကတော့ စာကောင်းပေကောင်း ရွေးထုတ်တာ တွေ့ရပါတယ်။ ဒါပေမယ့် လူသစ်မွေးတာတော့ သိပ်မတွေ့ရဘူး။ ချဲ့ငုံပြောရရင် သီးနေတဲ့အပင်က ဆွတ်ဖို့ပဲကြိုးစားကြတယ်။ သစ်ပင်မစိုက်ကြဘူး။ အပင်တွေ ရင့်သွားလို့ မသီးတော့ပဲ ခူးစရာမရှိတော့ဘူး၊ ဒီသဘောပါပဲ။ ဂျာနယ်တိုက်တွေလည်း အတူတူ

ပါပဲ။ စာရေးသူတွေကို အပေါ်စီး ဆန်လွန်းပါတယ်။ ကိုယ်ပို့ထားတဲ့ ဆောင်းပါး အရွေးခံရ မရကိုတောင်မှ အကြိမ်ကြိမ်မေးမြန်း စုံစမ်းရပါတယ်။ မပါရင်မပါဖူးသာ မှတ်လိုက်ရတာမျိုး ရှိပါတယ်။ ပြန်လည် ဖြေကြားမှုမျိုး လုပ်လေ့မရှိပါ။

နောက်ထပ် အရေးကြီးတဲ့အချက်က အချိန်ရှားပါးမှုကို သဘောပေါက်ဖို့လိုပါမယ်။ လူတွေ စာကြည့်တိုက်ကို လာရမယ့်အချိန် ပြန်အပ်ရမယ့်အချိန် ထည့်တွက်ဖို့လိုပါမယ်။

စာကြည့်တိုက်မှူးတွေက သူတို့ဆီကို စာဖတ်သူကလာရမယ် လို့ တထစ်ချ ထင်မြင်ယူဆနေကြပါတယ်။

ဘယ်နိုင်ငံမှာတော့ စာကြည့်တိုက်ကို လူဘယ်လောက် လာတယ်။ စာပေလိုက်စားကြတယ်ဆိုတာမျိုး ပြောလေ့ ပြောထ ရှိကြပါတယ်။ သူတို့ရဲ့ လူနေမှုအဆင့်အတန်း၊ လမ်းပန်းဆက်သွယ် ရေး၊ ဝန်ဆောင်မှု၊ စာပေအဆင့်အတန်းတို့ကို ထည့်ပြောဖို့ လိုပါမယ်။ စာပေအဆင့်အတန်း မြင့်လာဖို့ စာပေဖေဖန်ရေးဆိုတာ လိုပါမယ်။

စာကြည့်တိုက်မှူးတွေက ထုတ်ပေးတဲ့စာအုပ်တွေကို ဝယ်ယူ စုဆောင်းသူအဖြစ် မဖနသင့်ပါ။ စာပေအပေါ် ဖေဖန်မှု ပြုနိုင်ရ ပါမယ်။ စာပေနယ်အပေါ် သြဇာရှိရပါမယ်။

အခုတော့ ထုတ်ပေးသူတွေက ဖြန့်ချိထုတ်ပေးသမျှသာ ဝယ်စု မယ် ဆိုတာမျိုးပါပဲ။ နိုင်ငံရေးဖခတ်စားတဲ့ ကာလမှာ နိုင်ငံရေး စာအုပ်တွေ ထုတ်ကြပြန်တယ်။ တစ်ခါလာလည်း ဖဆပလအကွဲအပြဲ။ ရုပ်ရှင်ထဲမှာ အခုထိ လွတ်လပ်ရေးမရသေးဘူး ဆိုသလို ဖြစ်နေ ပါတယ်။ အတိတ်အကြောင်းစာပေ၊ နည်းပညာစာပေ၊ အနာဂတ် ဆိုင်ရာစာပေတွေ မျှမျှတတပေါ်ထွက်ဖို့ လိုပါတယ်။

> ထုတ်ဝေ သူတွေအပေါ်နဲ့ စာရေးဆရာတွေအပေါ် ဩဇာသက်ရောက်စေမယ့် စာကြည့်တိုက် အဖွဲ့အစည်းတွေ၊ စာပေဝေဖန်ရေးတွေ လိုအပ်မယ် ထင်ပါတယ်။

မျိုး။ ။ကျွန်တော် လေ့လာကြည့်ပါတယ်။ စာကြည့်တိုက်တွေ အများကြီး ဖွင့်ထားတယ်။ ရှိတဲ့စာအုပ်တွေက မရောင်းရလို့ လာလှူထားတာတွေက များနေတယ်။ သူဒေသအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကွန်ပျူတာပညာ စသဖြင့် ထားရှိသင့်ပါတယ်။ နောက်ပြီး စာကြည့်တိုက်မှူးကောင်းကောင်းမရှိ။ ပိတ်ထားပြီး သက်ဆိုင်ရာ အကြီးအကဲလာမယ်ဆိုမှ ဖုန်သုတ်ဖွင့်ပြကြပါတယ်။ ဒေသေသချာချာ ပြန်လည်သုံးသပ်ဖို့ လိုပါမယ်။ စာကြည့်တိုက် ထူထောင်မယ့်သူတွေကိုတောင်မှ ကျွန်တော် အကြံပြုချင်တယ်။ ဒေသေသချာချာစဉ်းစားပြီးမှ လုပ်ကြပါလို့။

စိုး။ ။ မြန်မာနိုင်ငံမှာ စာကြည့်တိုက်ဆိုင်ရာ အသင်းအဖွဲ့ နှစ်မျိုးတွေ့တယ်ဆရာ။ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းနဲ့ မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းတို့ ဖြစ်ပါတယ်။ ဒီအသင်းအဖွဲ့တွေက စာပေအဆင့်အတန်းနဲ့ စာဖတ်သူအပေါ် ဘာတွေလုပ်ဆောင်ပေးနိုင်သလဲ။ ပြည်သူတွေ စာမဖတ်ဖူးလို့ချည်း ပြောနေရုံနဲ့ ပြီးမလား။ ရပ်တန့်နေတဲ့ အခြေအနေတစ်ရပ်ကို တိုးတက်ပြောင်းလဲအောင် လုပ်ဖို့ဆိုတာ ခွဲခြမ်းစိတ်ဖြာတတ်ဖို့ ဖန်တီးတတ်ဖို့လိုပါတယ်။

စာကြည့်တိုက်ဖောင်ဒေးရှင်းက တည်ထောင်ထားတယ်ဆိုတဲ့ စာကြည့်တိုက်တွေဟာ ပြန်ကြားရေးနဲ့ ချိတ်ဆက်ထားပါတယ်။ ရပ်ကွက်ရုံးတွေမှာ ဖွင့်ပါတယ်။ တကယ် စာပေဂါသနာပါလို့ ဖွင့်ထားကြတဲ့ စာကြည့်တိုက်တွေကျတော့ အားပေးမဲ့သူမရှိပဲ သီးခြားလွတ်နေပါတယ်။ စာကြည့်တိုက် တည်ထောင်ပေးတယ်ဆိုတာ စာအုပ်တွေ

ပေးရုံနဲ့လည်း မဖြစ်နိုင်ပါ။ လူသားရင်းမြစ် လိုပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ အခက်အခဲက တစ်လုံးတစ်ခဲတည်း ပေးတာမျိုးကို အားသန်ကြပါတယ်။ ရေရှည်ရင်းနှီးမြှုပ်နှံမှု မလုပ်နိုင်ကြသေးပါ။

မျိုး။ ။ကျွန်တော်ပြောဖူးပါတယ်။ NGO တွေကို ကျေးရွာတွေ ဖွံ့ဖြိုးတိုးတက်စေချင်ရင် စာကြည့်တိုက်မှုးတွေကို လစာကောင်းကောင်းပေးခန့်ထားပါ။ စိုက်ပျိုးရေး ဓမ္မမြေရေးဆိုင်ရာ အချက်အလက်တွေကို ဖြန့်ဖြူးပေးပါ။ အခုခေတ် ဆိုလာစနစ် ရှိနေပြီဆိုတော့ ကွန်ပျူတာထားပေးလို့ရပါတယ်။ အင်တာနက်ကနေ အချက်အလက် ရှာဖွေပေးလို့လည်းရပါတယ်။ ကျွန်တော်တို့က သမရိုးကျ စာကြည့်တိုက်ချည်း အားကိုးနေလို့ မရပါ။

စိုး။ ။ကျွန်တော်လည်း သမရိုးကျ စာကြည့်တိုက်တွေထက် သတင်းအချက်အလက်ပန်ဆောင်မှု စာကြည့်တိုက်ကို ပိုပြီး သဘောကျပါတယ်။ သုတေသနအတွက်ရော သာမာန်အချက်အလက်သိချင်သူတွေအတွက်ရော အဆင်ပြေပါတယ်။ နိုင်ငံတကာမှာတော့ ယဉ်ကျေးမှုစင်တာ၊ သတင်းအချက်အလက် စင်တာတွေ လုပ်နေကြတာကြာပါပြီ။

မျိုး။ ။ နောက် e library အဖကြောင်း ဆွေးနွေးကြတာပေါ့။ ကျွန်တော် ၂၀၀၁-၀၂ ခုနှစ်လောက်မှာ ထိုင်းနိုင်ငံ နရဆွန်တက္ကသိုလ်မြန်မာစာဌာနမှာ ဆရာလုပ်ခဲ့ဖူးတယ်။ အဲဒီကတည်းက အီးဘုတ်တွေသုံးနေကြပြီ။ ရှားပါးတန်ဖိုးကြီးတဲ့ စာအုပ်တွေကို e book လုပ်ထားတော့ တပြိုင်တည်းမှာ စာဖတ်သူအများကြီး အသုံးပြုနိုင်တယ်။ ပျောက်မှာမစိုးရိမ်ရတော့ဘူး။ နောက် အွန်လိုင်းကနေ ဖတ်ရှုနိုင်အောင် ဝှားတာရောင်းတာမျိုးတွေပေါ့။ ကျွန်တော်တို့ဆီမှာ လုပ်ခဲ့ကြပါတယ်။ ဒါပေမယ့်

တပြိုင်နက်တည်း မဖြစ်တော့ မဖောင်မြင်ဖူးဖေါ့။ အွန်လိုင်းက ဂန်ဆောင်မှုပေးဖို့ လုပ်ထားပြီ။ e banking က မရသေးတော့ အခက်တွေ့ကြရပါတယ်။ စာရေးသူတွေအတွက် e book ရောင်းနိုင်ရင် ပို အကျိုးရှိလာမှာ ဖြစ်ပါတယ်။ စာအုပ်ရိုက်ခ သက်သာတော့ စာဖတ်သူအတွက် ဈေးသက်သက်သာသာနဲ့ ဖတ်ရမယ်။ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်လည်း ဖြစ်တာပေါ့။

စိုး။ ။ကျွန်တော်ကတော့ e book ထက် သတင်းအချက်အလက် ဂန်ဆောင်မှုကို ပိုသဘောတွေ့ပါတယ်။ အမှန်က သူကပိုစောပါတယ်။ e book မှာက အကန့်အသတ်တွေ ရှိပါတယ်။ အွန်လိုင်းပေါ်မှာ နေရာယူတာ၊ မူပိုင်ခွင့် စတာတွေရှိပါတယ်။ သတင်းအချက် အလက်ပြန်လည် အသုံးချစနစ်နဲ့ ပြည်သူတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းရပါမယ်။ အဲဒီကတစ်ဆင့် သုတေသီတွေအတွက် အကန့်အသတ်နဲ့ အွန်လိုင်း ဂန်ဆောင်မှု ပေးနိုင်အောင် လုပ်သင့်ပါတယ်။

မျိုး။ ။ မြန်မာစာပေဖွံ့ဖြိုးလာဖို့နဲ့ စာကြည့်တိုက်တွေ အားကောင်းလာဖို့ ဘာတွေလုပ်သင့်သလဲ ဆွေးနွေးပေးပါဦး။

စိုး။ ။ စာကြည့်တိုက် ဖွံ့ဖြိုးဖို့အတွက် စာပေဖွံ့ဖြိုးဖို့ လိုတာပေါ့။ နှစ်ဝိုင်းခွဲပြောရအောင်ပါ။ တစ်ဝိုင်းက မြန်မာဘာသာစာပေ နောက် တဝိုင်းက အင်္ဂလိပ်ဘာသာစာပေဖြစ်ပါတယ်။ မြန်မာစာပေအတွက် ရသစာပေနဲ့ သတင်းအချက်အလက်တွေ ဖြစ်မယ်။ အင်္ဂလိပ်ဝိုင်းကျတော့ ရသစာပေဘာသာပြန်တာ အလွန်နည်းသွားပြီ။ မြန်မာစာတမ်းထိုး နိုင်ငံခြားကားတွေပဲ ကြည့်ကြရတော့တယ်။

ရပါတော့မယ် နောက်ပိုင်း ကွန်ပျူတာဘာသာ ပြန်ပေါ်လာရင် သတင်းအချက်အလက် အတွက်တော့ လွယ်ကူလာမယ်။ အဲဒီကာလမှာ အင်တာနက်က တိုက်ရိုက် ဘာသာပြန်ဖတ်တာ များလာတော့ စာအုပ်ထွက်တာနည်းလာသလို စာကြည့်တိုက်ကို လာရောက် စာဖတ်သူလည်း နည်းသွားမှာပေါ့။ စာဖတ်နှုန်း ကျသွားတယ်လို့တော့ မပြောစေချင်ပါ။

အမျိုးသားအဆင့် စာကြည့်တိုက်တွေက အတွေးအခေါ်တွေ ပြောင်းရပါတော့မယ်။ အထီးကျန်နေလို့ မဖြစ်ပါ။

အဆိုအမိန့်တစ်ခုက-

စာကြည့်တိုက်တွေဟာ စုပေါင်းချိန်ဆက် ထားပြီး ဖိုရမ်တစ်ခု အသွင် ဖြစ်နေရပါမယ်လို့ ဆိုပါတယ်။

ပေါင်းစည်းမှု အားကောင်းဖို့လိုပါတယ်။ စာဖတ်သူတွေ စာအမျိုးအစား ရွေးချယ်ဖို့လွယ်အောင် value enquiry book series ဆိုတာမျိုးတွေကို စာကြည့်တိုက်တွေက စုပေါင်းပြုစုပြီး ထုတ်ဝေပေးရပါမယ်။ သတင်း ဂျာနယ်တွေမှာ စာကြည့်တိုက်မှူးတွေရဲ့ စာပေဝေဖန်ရေးတွေ လုပ်ဖို့လိုပါမယ်။ စာပေဝေဖန်ရေး ကို စာရေးသူတွေကချည်းပဲ လုပ်ရမယ်မဟုတ်ပါ။ စာကြည့်တိုက်တွေကလည်း လုပ်နိုင်ပါတယ်။ စာပေနယ်အပေါ် စာကြည့်တိုက်တွေက intervention သဘောမျိုး ဖြစ်ဖို့ လိုပါမယ်။

မျိုး။ ။ နိုင်ငံတကာမှာ book launch တွေလုပ်ပါတယ်။ စာအုပ်အကြောင်းတွေပါတဲ့ စာစောင်တွေထုတ်ပါ။ တကယ်ဒီမှာမလုပ်ကြဘူး။ စာအုပ်မရောင်းရဘူးသာ အော်နေကြတယ်။ ဂျာနယ်တွေမှာ စာအုပ် အညွှန်းလေးတွေ ထည့်ကြပါတယ်။ အဖြစ်လောက်ပါပဲ။ ဖြန့်ချိရေး စနစ်ကလည်း အားနည်းပါတယ်။ အရင်ကဆို စာတိုက်တွေကနေ မှာခဲ့

ကြတယ်။ ခုကျတော့ စာတိုက်တွေက သုံးမရ၊ စာအုပ်ရောင်းအားကျ၊ စာရေးဆရာဝင်ငွေနည်း၊ သက်မွေး အဖြစ်ရပ်တည်လို့မရ၊ စာရေးဆရာကောင်းတွေ မထွက်လာတော့ သံသရာလည်နေပါတယ်။ ဆရာရဲ့ နိဂုံးစကားပြောပေးပါဦး။

စိုး။ ။ကျွန်တော်အရင်ပြောဖူးပါတယ်။ complicate နဲ့ complex မရှင်းတတ်ကြတော့ သံသရာလည်တာပေါ့။ ကျွန်တော်တို့မှာ အနုပညာကလွဲပေါ့။ စာပေ ဂီတ ရုပ်ရှင် ဇတ်သဘင် တို့ပေါ့။ ဘာကြောင့် နိမ့်ကျသွားလဲ။ ထုတ်ဝေသူတွေက စျေးကွက်နောက်လိုက်ပြီး ဦးဆောင်နေရာယူထားကြတယ်။ ပညာရှင်မျိုးဆက်သစ်ကို မမွေးခဲ့ကြဘူး။

> ကွင်းဆက်တွေ ချိတ်ဆက်နေတာမှာ အဆက်ပြတ်သွားရင် ကျရှုံးမှာပါပဲ။ စာရေးသူများ၊ ထုတ်ဝေသူများ၊ ဖြန့်ချိရေး၊ စာကြည့် တိုက်မှူးများ၊ ဂေဖန်ရေးဆရာများ၊ စာဖတ်သူများ ကလွဲအားလုံး စနစ်တကျ ချိတ်ဆက်ပြီး အသက်ဝင်နေဖို့ လိုပါတယ်။

အရေးအကြီးဆုံးက နိဂုံးတော်အဆင့် တာဝန်ရှိသူတွေရဲ့ မူဝါဒနဲ့ အားပေးအားမြှောက်ပြုမှုလည်း လိုအပ်ပါတယ်။

> နိဂုံးတော်က အားပေးတဲ့ အခွင့်ကောင်းမှာ ပညာရှင်တွေ ဘက်က အဖြေရှာမရ၊ အကြံပြုမှုလွဲချော်၊ နောက်ပိုင်းကျ အားပေးအားမြှောက်မှုပါ လျော့ကျ၊ သံသရာ လည်နေပါဒတ္တတယ်။ အဆိုးသံသရာက လွတ်မြောက်ဖို့ လေ့လာမိသမျှ တင်ပြလိုက်ရခြင်း ဖြစ်ပါတယ်။

၁၁

ပြတိုက်များကလွှာ

မျိုး။ ။ပြတိုက်ဟာ နိုင်ငံတစ်နိုင်ငံအတွက် အရေးပါတဲ့ ကလွှာဖြစ်ပါတယ်။ ကျွန်တော် ခရီးသွားတော့ ပြည်ပနိုင်ငံတွေ ရောက်ပါတယ်။ ရောက်တဲ့နိုင်ငံတိုင်းမှာလဲ အချိန်တစ်ခုဖေးပြီး ပြတိုက်ကို ရအောင်သွားကြည့်ပါတယ်။ စိတ်ထဲမှာ ကျေနပ်သွားရတာချည်း ပါပဲ။ အမ်စတာဒမ်ရောက်တော့ တည်းခိုတဲ့ဟိုတယ်က ခရီးသွားတွေ စိတ်ဝင်စားတဲ့ ဇနရာစာရင်းကို ပြပါတယ်။ Sex Museum ဆိုတာ စာရင်းမှာပါလာပါတယ်။ ကျွန်တော် စိတ်ဝင်စားသွားတယ်။ ဒါပေမယ့် တစ်ခြားသူတွေက Sex Museum ဆိုတာနဲ့ အမြင်တစ်မျိုးနဲ့ စိတ်မဝင်စားကြဘူးထင်ပါတယ်။ မကြည့်ခဲ့ရပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ ဒီနှစ်အတွင်းမှာ ခရီးသွား (၄.၅) သန်း ရောက်တယ်လို့ ခန်းမှန်းပါတယ်။ ဒီထက်မကလဲ လာဖို့ရှိပါတယ်။ ပုဂံကို ဒီနှစ်(၃)သိန်း၊ ဇနောက်နှစ်တွေမှာ(၁)သန်းထိ မှန်းထားပါတယ်။ ပြတိုက်တွေရဲ့ ကလွှာအရေးကြီးလာပါပြီ။ ခရီးသွားတွေကို ပြတိုက်တွေက ဆွဲဆောင်နိုင်ပါတယ်။ နိုင်ငံရဲ့ အဖွဲ့အနှစ်တွေကို စနစ်တကျပြသတဲ့ ပြတိုက်တွေ အများကြီး လိုမယ်ထင်ပါတယ်။

စိုး။ ။ ဆရာက နိုင်ငံတကာ ပြတိုက်တွေကြည့်ပြီး စိတ်ကျေနပ်မှု ရတယ်ဆိုတော့ ဒီကပြတိုက်တွေက စိတ်ကျေနပ်မှု မပေးဘူးလို့ ဆိုချင် တာလား မသိပါဘူး။ ပြတိုက်ဟာ နိုင်ငံသားတွေအတွက် ပညာပေးရာ ဌာနဖြစ်သလို မိမိတို့ရဲ့ ယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းတွေကို ထိန်းသိမ်းစောင့်ရှောက်ရာ နေရာလည်း ဖြစ်ပါတယ်။ နိုင်ငံခြားခရီးသွား တွေအတွက် ယဉ်ကျေးမှုရသခံစားဖို့နဲ့ ဗဟုသုတရှာဖွေဖို့ လေ့လာစရာ နေရာ ဖြစ်ပါတယ်။ ပြတိုက်နဲ့ပတ်သက်ရင် နိုင်ငံတော်ပြတိုက်နဲ့ ပုဂ္ဂလိကပြတိုက်ဆိုပြီး နှစ်ပိုင်းရှိပါတယ်။ နိုင်ငံတကာမှာ ပုဂ္ဂလိက ပြတိုက်တွေက အားကောင်းပြီး မြန်မာနိုင်ငံမှာတော့ အစိုးရပြတိုက် တွေက အားကောင်းပါတယ်။ တကယ်တော့ ကျွန်တော်တို့နိုင်ငံရဲ့ များပြားလှတဲ့ ယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းတွေကို အစိုးရပြတိုက် တွေ လောက်နဲ့ ပြသဖို့ ထိန်းသိမ်းဖို့ မလုံလောက်ဘူး ထင်ပါတယ်။

မျိုး။ ။ ပြတိုက်များများပေါ်ဖို့ ဘာတွေလိုအပ်မယ်လို့ ထင်ပါသလဲ။

စိုး။ ။ ပြတိုက်ဥပဒေ လိုတာပေါ့ဆရာ။ မြန်မာနိုင်ငံမှာ ပြတိုက် ဥပဒေမရှိသေးဘူး။ ပြတိုက်အဖွဲ့အစည်း မရှိသေးဘူး။ ဒါကြောင့် နိုင်ငံတကာ ပြတိုက်များကောင်စီ (ICOM) ထဲကို ကြားမိသလောက် ခုထိ မဝင်နိုင်သေးဘူး ထင်ပါတယ်။ မြန်မာနိုင်ငံရဲ့သမိုင်းကြောင်းက ရှေးကျတယ်၊ တန်ဖိုးကြီးပါတယ်။ မြန်မာနိုင်ငံ အလယ်ပိုင်းက ပျူ မြို့ဟောင်းတွေ၊ ပုဂံမြို့ဟောင်း၊ ရခိုင်ဖက်က ဓညဝတီ၊ ဝေသာလီ မြို့ဟောင်းတွေ၊ မွန်ဖက်က သုဝဏ္ဏဘူမိမြို့ဟောင်းတွေ နှစ်ပေါင်း နှစ်ထောင်ကာလက ယဉ်ကျေးမှုအမွေအနှစ်တွေ သန်းချီရှိပါတယ်။ ဒါကို အစိုးရပြတိုက် ဆယ်ဂဏန်းလောက်က ထိန်းသိမ်းမယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ ဘိုးစဉ်ဘောင်ဆက် သိမ်းလာသူတွေ လက်ထဲမှာ

အများကြီး ရှိကြပါတယ်။ မျိုးဆက် (၅) ဆက်လောက်မှာ တဖြည်းဖြည်း ပျောက်ဆုံးသွားတာ တွေ့နေမြင်နေရပါတယ်။ နိုင်ငံတော် ပြတိုက်တွေကို အားလုံးက လှူဒါန်းရမယ်ဆိုတာ မဖြစ်သင့်ပါဘူး။ နိုင်ငံတော်က ပိုင်ဆိုင်တာကို သတ်မှတ်နိုင်တဲ့ နည်းလမ်းတွေ အများကြီးရှိပါတယ်။ ပုဂ္ဂလိက ပြတိုက်ဥပဒေ ပြဋ္ဌာန်းပြီး ပြသခွင့်ပေးမှ အဆင်ပြေမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အမွေအနှစ် စာရင်းသွင်းပြီး ကိုယ်တိုင် စိတ်ကူးစိတ်သန်းများနဲ့ ပြသတာက ကြည့်ရှုလေ့လာသူတွေအတွက် ပိုမိုပြီး စိတ်ကျေနပ်မှုရစေမှာ ဖြစ်ပါတယ်။ တွေ့သမျှ အမွေအနှစ် ပစ္စည်းတွေကို နိုင်ငံတော်က သိမ်းဆည်း ပြသမယ်ဆိုတာမျိုး မဖြစ်သင့်ပါဘူး။

တကယ်တော့ နိုင်ငံတော်အဖွဲ့အစည်းတွေဆိုတာ ဦးဆောင်မှု ပညာပေးမှု အခန်းကဏ္ဍမှာသာ နေသင့်ပါတယ်။ ကိုယ်တိုင်ပါဂင် ဆောင်ရွက်တာ မလုပ်သင့်ပါ။ ပြည်သူတွေက ဂန်ထမ်းတွေဆီ အပ်နှံဖို့ လည်း အယုံအကြည်မရှိကြပါ။ ဒါကို ပြည်သူတွေကို အပြစ် မတင်သင့်ပါဘူး။ နိုင်ငံတကာကို ကြည့်စေချင်ပါတယ်။ ဆိုရှယ်လစ် အိုင်ဒီယာနဲ့ ပြည်သူပိုင်သိမ်းဖို့ပဲ စိတ်မကူးသင့်ပါ။ နယ်တွေက ဘုန်းကြီးကျောင်းဟောင်းတွေဟာ ဗိသုကာအရရော ယဉ်ကျေးမှု အမွေအနှစ်တွေပါ ထိမ်းသိမ်းထားကြပါတယ်။ ဒီလိုနေရာတွေကို ပြတိုက်အဖြစ် ဖွင့်လှစ်ဖို့ ဦးဆောင်ဦးရွက်ပြု စီစဉ်ပေးသင့်ပါတယ်။ ဂန်ထမ်းတွေအမြင်မှာ အလှူခံပြီးရယူဖို့လောက်သာ စိတ်ဂင်စားပြီး ပြတိုက်တည်ထောင်ပေးဖို့ စိတ်မဂင်စားကြပါ။

မျိုး။ ။ ကျွန်တော် ထိုင်းမှာ ပုဂ္ဂလိကပြတိုက်တစ်ခု ရောက်ခဲ့ဘူး ပါတယ်။ ထိုင်းကချမ်းသာတဲ့ သူဌေးတစ်ယောက် ဖွင့်လှစ်ထားတာပါ။ ပန်းချီဆရာ ဦးဂင်းဖမြင့်က သွားလေ့လာသင့်တယ်ပြောလို့ ဖြစ်အောင်

သွားခဲ့ဖြစ်တာပါ။ ဗိသုကာအရရော ခင်းကျင်းပြသမှု အရပါ အင်မတန်မှ ကောင်းပါတယ်။ ဥရောပ အဆင့်မီတယ်လို့ ပြောရမှာပေါ့။ ပန်းချီ ပန်းပုတွေကို အခန်းခွဲပြီး ပြသထားပါတယ်။ တစ်ခန်းဆိုရင် ကျွန်တော်တို့ဆီက မြန်မာမှုရိုးရာပန်းချီ ဦးအေးမြင့်လို လူမျိုးရဲ့ လက်ရာတွေ ပြထားပါတယ်။ ဒီလိုပြသမယ်ဆိုရင် ကျွန်တော်တို့ဆီမှာ ပေါ်ဦးသက်တို့ ဦးခင်မောင်ရင်တို့ စသဖြင့်အများကြီး ရှိပါတယ်။ ဂင်ကြေးကလည်း နှင့်ဒနအောင်ပေးရပါတယ်။ ကျွန်တော်တို့ ဆီမှာ ဒီလိုဖြစ်လာအောင် ဘာတွေလုပ်ရမှာလဲ။ ထပ်ဆွေးနွေးပေးပါဦး။

စိုး။ ။ဆရာပြောတာနဲ့ ကျွန်တော်တောင် သွားကြည့်ချင်လာတယ် ကျွန်တော်အပေါ်မှာ ပြောခဲ့သလို လွတ်လပ်သူတွေဆီက ဖန်တီးမှုတွေ ထွက်ပေါ်ပါတယ် ဂန်ထမ်းတွေရဲ့သဘာဂအရ ဖန်တီးမှုတွေ သိပ် မထွက်ပေါ်နိုင်ပါဘူး။ ပုဂ္ဂလိကကို အားပေးမယ်ဆိုတဲ့ အယူအဆကို ပြောင်းကြရပါလိမ့်မယ်။

နောက်ထပ် ယဉ်ကျေးမှုအဖွဲ့အနှစ် ထိန်းသိမ်းသူတွေကို အသိအမှတ် ပြုပေးရပါမယ်။ နိုင်ငံတော်က ဝက်ပြုလက်မှတ် ဓတ္တ ထောက်ပံ့ငွေတွေ ပေးဖို့လိုပါတယ်။

နည်းပညာတွေ ပေးဖို့လိုပါတယ် သတိုး-----ဘွဲ့ တို့၊ သီရိ ---- ဘွဲ့တို့ ဘာတို့ပေါ့။ ထိန်းသိမ်းစောင့်ရှောက်နေသမျှ သားစဉ်မြေးဆက် တွေကို အထူးအခွင့်အရေးတွေ ပေးသင့်တာပေါ့။ ဒါကို ယဉ်ကျေးမှု ဂန်ကြီးဌာန တို့က ထောက်ခံပေးတာမျိုး လုပ်သင့်တာပေါ့။ အားအားရှိ သိမ်းမယ် ဖမ်းမယ်ဆိုတာချည်းပဲ မတွေးသင့်ပါ။ ဂန်တိုစိတ်လည်း မထားသင့်ပါ။ အတွေးအခေါ်တွေ ပြောင်းသင့်ပါတယ်။

မိုး။ ။ကျွန်တော်တို့ဆီမှာ ပြတိုက်တွေကို အလေးမထားတာလည်း တွေ့ရပါတယ်။ မြန်မာ့ရုပ်ရှင်သမိုင်းဟာ ကမ္ဘာ့ရုပ်ရှင်သမိုင်းနဲ့ မတိမ်းမယိမ်း ဖြစ်ပါတယ်။ မြန်မာ့ရုပ်ရှင်သက်တမ်းဟာ နှစ်ပေါင်း(၁၀၀) ပြည့်ပါပြီ။ ရုပ်ရှင်သမိုင်းပြတိုက်ကို ဗဟန်းမြို့နယ်၊ ဂက်ဘာလမ်းမှာ ဖွင့်လှစ်ထားပါတယ်။ ပြည်သူတွေ စိတ်မဝင်စားကြဘူး။ နိုင်ငံခြားသားတွေတော့ စိတ်ဝင်စားကြပါတယ်။ ပြတိုက်ပညာပိုင်းအရလည်း အကူအညီ မရဘူးထင်ပါတယ်။ အစိုးရအနေနဲ့ ပညာပေးတာတို့ လုပ်သင့်တယ်ထင်ပါတယ်။ နိုင်ငံတကာလို ပညာပေးတာတို့ ဈေးကွက်ရှာတာတို့ကို ဘယ်လိုလုပ်သင့်ပါသလဲ။

စိုး။ ။ ကျွန်တော်ပြောခဲ့ပါပြီ။ ပြတိုက်အဖွဲ့အစည်းမရှိတော့ ပြတိုက်နဲ့ပတ်သက်လို့ အရာရာမှာ အားနည်းတာပေါ့။ ပြတိုက်ကို စိတ်ဝင်စားအောင် ပြတိုက်အငယ်စားတွေ အများကြီးပေါ်ဖို့ လိုပါတယ်။ ပြတိုက်များများရှိမှ ပြတိုက်ပညာရပ်ဆိုတာ ထွန်းကားလာမှာပေါ့။ အဲဒီကမှ တစ်ဆင့် ပြည်သူတွေက ပြတိုက်ဆိုရင် သွားကြည့်ချင်အောင် ဆွဲဆောင်ရပါတယ်။ အမျိုးသားပြတိုက်ကြီး တစ်ခုတည်း ထီးထီးကြီး ရှိနေလို့ လူတွေက ပြတိုက်ကို ဘယ်လို ကြည့်ရှုရမယ်ဆိုတာ၊ ဘယ်လို ခံစားရမယ်ဆိုတာ နားမလည်ကြပါဘူး။ အစိုးရဝန်ထမ်း လက်တစ်ဆုပ်စာလောက်နဲ့ ပြတိုက်ပညာ ဘယ်ထွန်းကားပါ့မလဲ။

ဆရာ ပြောဖူးတဲ့ တပ်ကလာတဲ့လူတွေက ပြတိုက်ပညာသင်ကြဲသေးတယ်ဗျာ။ ဒီပလိုမာ ရရုံနဲ့ ပြတိုက်ပညာတတ်ပြီထင်ကြတယ်ဗျ။ သင်ပေးတဲ့သူတွေ အကြောင်းတော့ မဖွင့်ဟနွေးတော့ပါဘူး။ ပြတိုက်ပညာဆိုတာ အနုပညာတစ်မျိုးပါ။ အဲကို သင်ယူတိုင်း ဘယ်ရပါ့မလဲ။ ပုဂ္ဂလိကတွေကျတော့ သူပါသနာအရ စံစားမှုအရ လုပ်ကြတာပါ။ ဆရာ ကျွန်တော့

ရပါတယ်ဆိုတဲ့ ပြတိုက်တွေဟာ ပုဂ္ဂလိကပြတိုက်တွေ ဖြစ်ပါတယ်။

ဈေးကွက်ရှာတာနဲ့ ပတ်သက်လို့ ဆွေးနွေးပါမယ်။ နိုင်ငံတကာ ပြတိုက်တွေဟာ ဈေးကွက်ရှာဖို့ ယာယီပြပွဲတွေ လုပ်ကြပါတယ်။ လုပ်ပုံလုပ်နည်းက မိဒီယာများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ စပွန်ဆာများရဲ့ ပူးပေါင်းမှုနဲ့ လုပ်ကြပါတယ်။ ပြပွဲ ပြသမှာကို ဂျာနယ်တိုက်က ကြော်ငြာပေးပါတယ်။ ဂျာနယ် ပယ်လိုက်တာနဲ့ ရထားတို့ ဘတ်စ်ကားတို့ စီးဖို့ အခမဲ့ကူပွန်ဖြစ်ဖြစ် ပြပွဲဝင်ခွင့်ကူပွန်ဖြစ်ဖြစ် ထည့်ပေးထားပါတယ်။ ဂျာနယ်တိုက်ကျတော့ စီးပွားရေးကြောငြာဆီက စပွန်ဆာယူပြန်ပါတယ်။ ဒီလိုမျိုး ချိတ်ဆက်လုပ်မှ လာရောက်သူများပြားပါတယ်။

ကျွန်တော်တို့ဆီမှာက သတင်းစာရှင်းလင်းပွဲလေး လုပ်လိုက်ရုံနဲ့ ပြည်သူတွေ လာကြည့်ကြမယ် ထင်ကြပါတယ်။ အချိန်ရှားပါးတဲ့ခေတ်မှာ ဘယ်ဟာမှ အလွယ်တကူ ဈေးကွက်ရှာလို့ မရပါဘူး။

ဖန်တီးတတ်ဖို့ လိုပါတယ်။ ရနိုင်သမျှ အခွင့်အလမ်းတွေကို အသုံးချတတ်ဖို့ လိုပါတယ်။

မျိုး။ ။ ပြတိုက်အကြောင်း အတော်အသင့်သိရှိရပြီဆိုတော့ ဆရာရဲ့ နိဂုံးစကား ပြောပေးပါဦး။

စိုး။ ။ကျွန်တော်တို့နိုင်ငံရဲ့ ယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းတွေဟာ အကြောင်းအမျိုးမျိုးနဲ့ ပျောက်ဆုံးနေပါတယ်။ ဒါကို ထိန်းသိမ်းရာမှာ ပြတိုက်တွေက အရေးကြီးလာပါတယ်။ များပြားလှတဲ့ ရှေးဟောင်း ပစ္စည်းတွေကို ထိန်းသိမ်းပြသနိုင်ဖို့ ပြတိုက်များများ လိုပါတယ်။ ပြတိုက်

အဖွဲ့.အစည်း လိုအပ်ပါတယ်။ ပညာပေးမှုနဲ့ ထိန်းသိမ်းမှု လုပ်ငန်းတွေ အတွက် ပြတိုက်များများပေါ်ပေါက်ဖို့ ဆောင်ရွက်ကြပါလို့ တိုက်တွန်း ချင်ပါတယ်။

Scanned by Easy Scanner

၁၂

စိတ်ချမ်းသာပျော်ရွှင်သောနိုင်ငံတော်နှင့်မိခင်ကလွှာ

မျိုး။ ။ ကျွန်တော်တို့နိုင်ငံ ပြုပြင်ပြောင်းလဲရေးတွေ လုပ်နေတဲ့ အချိန်ပေါ့။ ပြုပြင်စရာတွေ၊ လုပ်ဆောင်စရာတွေ များလှပါတယ်။ ကျွန်တော်ဒီနေ့ ရုံးကိုလမ်းလျှောက်လာတော့ ပလက်ဖောင်းတွေက ပေါက်နေတယ်။ ဘယ်သူ့ သွားတိုင်ရမလဲမသိဘူး။ ကြော်ငြာဆိုင်းဘုတ်တွေ ဖြုတ်သွားတော့ သံငုတ်တွေက ကျန်နေတယ်။ လမ်းသွားသူတွေ တိုက်မိနိုင်တယ်။ မိုးရွာတော့ ကြွပ်ကြွပ်အိတ်တွေ ပျံ့ကြဲထွက်လာတယ်။ ဘယ်နေရာက စပြင်ကြမလဲ။ ဝိုင်းပြင်ပြင် ထင်ထင်ရှားရှား ဖြစ်သင့်ပါတယ်၊ ဆရာအနေနဲ့ အခြေခံကစပြီး ဘယ်လို ပြုပြင်သင့်တယ်ဆိုတာ ဖဆွေးဖနွေးပေးပါ။

စိုး။ ။ ပြဿနာတွေ ဖြေရှင်းရာမှာ ကိုယ့်နိုင်ငံအပါအဝင် နိုင်ငံ တကာအထိပါ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး ချင်ပါတယ်။ စိတ်ချမ်းသာ ပျော်ရွှင်သော နိုင်ငံတော်ဆိုတာ အခုခေတ်လူသားတွေ တောင့်တနေ ကြတဲ့ ရည်မှန်းချက် တစ်ခုပါ။ အမေရိကန်နိုင်ငံမှာ လေ့လာမှုတစ်ခု လုပ်ပါတယ်။ ပြည်သူတွေ ဂင်ဂင် နှစ်ဆတိုးလာတယ်။ ဒါပေမယ့် ပြည်သူတွေ ပိုမိုပျော်ရွှင်မှု မရကြဘူး။ စိတ်ချမ်းသာပျော်ရွှင်မှုဆိုတာ

ပင်ငွေနဲ့ တိုက်ရိုက် မသက်ဆိုင်ဘူးလို့ အဖြေထွက်တယ်ဆရာ။ ဖွံ့ဖြိုးတဲ့ နိုင်ငံအချို့ကို လေ့လာကြည့်ရင် စီးပွားရေးဖွံ့ဖြိုး တိုးတက်ပေမယ့် လူမှုပြဿနာတွေ ရှိနေတယ်။ ပညာရှင်တွေကတော့ မျက်နှာစာ အမျိုးမျိုးကို လေ့လာတင်ပြကြပါတယ်။ ကျွန်တော်ကတော့ မိခင်တွေရဲ့ အခန်းကဏ္ဍကို တင်ပြချင်ပါတယ်။ မိခင်အကြောင်း ပြောတဲ့အခါမှာ သာမာန်အများစုသော မိခင်အကြောင်းကိုသာ ဆွေးနွေးမှာဖြစ်ပါတယ်။ အမျိုးသားတွေနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ ပါရမီရှင်ဖြစ်တဲ့ အမျိုးသမီးမျိုးကိုတော့ မဆိုလိုပါ။

မျိုး။ ။ ဗုဒ္ဓဘာသာတွေက နဂိုမူလကတည်းက စိတ်ချမ်းသာမှုကို ဦးစားပေးထားကြပါတယ်။ အများအားဖြင့် ပညာရှင်တွေက စီးပွားရေး တိုးတက်ရင် နိုင်ငံ သာယာဝပြောတယ်လို့ပဲ ထင်ခဲ့ကြပြီး စီးပွားရေးကို အားပေးလုပ်ဆောင်လေ့ ရှိကြပါတယ်။ ဆက်ဆွေးနွေးပေးပါဦး။

စိုး။ ။ အတွေးအခေါ်ဆရာကြီး ပေါကနေဒီက ကမ္ဘာကြီး တိုးတက် လာတာမဟုတ်ပဲ ပြဿနာတွေ ပိုများလာတာတဲ့။ တော်ဖလာက အနာဂတ်ကို ရင်လေးတဲ့အကြောင်း ပြောဖူးပါတယ်။ ရုပ်ပိုင်းဆိုင်ရာ သက်တောင့်သက်သာရှိဖို့ ရုပ်အာရုံတွေမှာ သာယာဖို့ စိတ်ရဲ့အားချမ်းမှု ဆုံးရှုံးနေတာကို သတိမထားမိကြပါဘူး။ အခုကမ္ဘာကြီး ဂိညာဉ်မဲ့နေတယ်လို့ ဆိုနိုင်ပါတယ်။ မေတ္တာ၊ ကရုဏာထွန်းကားတဲ့ လူ့ဘောင်ကို မိခင်တွေက ဖန်တီးပေးနိုင်လိမ့်မယ်လို့ မျှော်မှန်းပြီး ဆွေးနွေးချင်ပါတယ်။ ကျွန်တော်တို့မှာ ဆိုရိုး ရှိပါတယ်။ "မိမဆုံးမ ဖမဆုံးမလို့ ပြောလေ့ရှိပါတယ်"။ ဒါကြောင့် မိခင်ရဲ့အရေးပါမှုကို သိစေချင်ပါတယ်။

ပညာရေးတို့ အလုပ်အကိုင်ထဲက ဆရာတို့ဟာ လက်ဦး သင်ကြားသူ မဟုတ်ပါဘူး။

မိုး။ ။ ပြုပြင်စရာတွေက များတော့ ဘယ်ဟာအရြေခံလည်း၊ နေ့ချင်းညချင်းလည်း ပြင်လို့မဖြစ်နိုင်ဘူး။ အသီးအပွင့်တွေက အဆိပ်တွေ ဖြစ်နေတယ်။ အဟာရရှိတဲ့ အသီးအနှံတွေ စားမယ်ဆိုရင် မိုးဇစ်က အပင်ပေါက်ရခဲ့းမယ်၊ ဇရေလောင်း ပေါင်းသင်ရခဲ့းမယ်၊ သီးပွင့်ဖို့ အချိန်စောင့်ရခဲ့းမယ်။ ပညာရေးဆိုရင် ချက်ချင်းပြင်လို့ မရဘူး။ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ အဆင့်ဆင့်ပြင်မှ ရမယ်။ ဆရာကတော့ မိခင်ကလွှာကို ထောက်ပြတာပေါ့။

စိုး။ ။ လူတွေရဲ့ အမူအကျင့် အပြုအမူတွေဆိုတာ ချက်ချင်း ပြုပြင်လို့ မရပါဘူး အချိန်ယူရပါတယ်။ ကိုယ်ကိုတိုင် မပြုပြင်နိုင်ခဲ့တာတွေကို သားသမီးတွေလက်ထက်မှာ ပြုပြင်ဖို့ ဆောင်ရွက်နိုင်ပါတယ်။ ဒါဟာ အတွေ့အကြုံကို အရြေခံပြီး မျိုးဆက်သစ်တွေအတွက် လက်ဆင့်ကမ်းတဲ့ လူသားယဉ်ကျေးမှု ဖြစ်ပါတယ်။ ဒီဇဟာ မိခင်နဲ့ ဖခင်ဆီက လက်ခံရရှိတာ ဖြစ်ပါတယ်။ ဇကာင်းမွန်တဲ့ ဒီဇကိုရရှိဖို့ မိခင်နဲ့ဖခင်က အဇရးကြီးပါတယ်။ အခုချက်ချင်း မဖြစ်နိုင်တာကို အနာဂတ်လူငယ်တွေ လက်ထက်မှာ ဖြစ်နိုင်အောင် ဆောင်ရွက်လို့ ရပါတယ်။ မိခင်ကတော့ အရြေခံကျပါတယ်။ လူသားအားလုံးဟာ မိခင်များထံမှ မွေးဖွားလာကြရပါတယ်။ မိခင်ရဲ့အတွေးအမြင်၊ စိတ်ဝိုင်းဆိုင်ရာများဟာ ကိုယ်ဂန်လွယ်စဉ်ကပဲ လက်ခံရရှိနေပါပြီ။

အခုခေတ်မှာ စီးပွားရေးဖွံ့ဖြိုးမှုနောက်လိုက်ရင်း မိခင်များ လုပ်ငန်းခွင် ဂင်ကြတဲ့အခါ လူ့လောကကြီးဟာ ဂိညာဉ်မဲ့တဲ့ အရြေအနေ ရောက်လာပါတော့တယ်။ အမျိုးသမီးတွေအနေနဲ့ လက်ထပ်

လိုစိတ် မရှိခြင်း၊ ကလေးမွေးဖွားလိုစိတ် မရှိခြင်းဟာလည်း ဆုတ်ယုတ်မှု ဖြစ်ပါတယ်။ စီးပွားရေး တိုးတက်သော်လည်း မိခင်စိတ်ချို့ယွင်းလာခြင်းဟာ ဆုတ်ယုတ်မှုလို့ မှတ်ယူသင့်ပါတယ်။

မျိုး။ ။တိုးတက်ဖွံ့ဖြိုးတဲ့ နိုင်ငံတွေမှာ အိမ်ထောင်ပြုချင်စိတ် မရှိ၊ ကလေးမယူကြတော့ဘူး။ အကန့်အသတ်တွေ ရှိကြပါတယ်။ ယောကျ်ားနဲ့ ရင်ဘောင်တန်း အလုပ်လုပ်တယ်ဆိုတော့ အိမ်ထောင်မှု ဂရုမပြုနိုင်တော့ပဲ အစစအဆင်မပြေ ဖြစ်လာကြတာပေါ့။

စိုး။ ။ ကမ္ဘာမှာ ထင်ရှားတဲ့ လူမျိုးတွေကိုကြည့်ရင် မိခင်တွေရဲ့ အရေးပါမှုကို တွေ့နိုင်ပါတယ်။ ယဉ်ကျေးမှု သမိုင်းကိုကြည့်ရင် မိခင်တွေ အိမ်ထောင်ထိန်းသိမ်းရင်း အနုပညာဖန်တီးတဲ့ ခေတ်ကာလက လူငယ်မျိုးဆက်တွေဟာ ယဉ်ကျေးသိမ်မွေ့ပြီး တီထွင်မှု အားကောင်းပါတယ်။ အမျိုးသားဇာတွေနဲ့ ရင်ဘောင်တန်း အလုပ်လုပ်တဲ့ ခေတ်ကျတော့ အရာရာဆုံးရှုံးသွားတယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့ အခုခေတ်သွားနေတဲ့ အတွေးအခေါ်ကို (Cultural Materialism) လို့ခေါ်ပါတယ်။ Revolutionary Idea ကနေ ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေလည်း သူ့အရှိန်သူ မထိန်းနိုင်ပဲ မှားယွင်းနေတာတွေ ရှိပါတယ်။ ဒါကြောင့် တော်ဖလာတို့လို အတွေးအခေါ်ပညာရှင်တွေက ထောက်ပြကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ စဉ်းစားတွေးခေါ်မှု ကောင်းဖို့လိုပါတယ်။ စက်မှုနည်းပညာ ခေတ်ကို ချည်း လိုက်နေတာထက် အတွေးအခေါ်အားကောင်းဖို့ လိုပါတယ်။

ကျွန်တော်တို့ သမရိုးကျတွေ့မြင်နေရတဲ့ အလေ့အထတစ်ခုကို ထောက်ပြချင်ပါတယ်။ မိဘအများစုက သူတို့ သားသမီးတွေကို အလုပ်ခွင်ကနေ စည်းကမ်း၊ လူမှုရေး၊ ပေါင်းသင်းဆက်ဆံရေး

အတွေ့အကြုံတွေ ရစေတယ်လို့ ထင်မြင်ကြပါတယ်။ မိသားစု အစဉ်အလာ အတွေးအခေါ် အားကောင်းအောင် လုပ်ဆောင်တာ နည်းပါတယ်။ ဂျူးလူမျိုးတွေ၊ ဂျပန်လူမျိုးတွေ၊ တရုတ်လူမျိုးတွေမှာ အစဉ်အလာ အတွေးအခေါ်တွေ ရှိကြပါတယ်။ အခုကျွန်တော်တို့ ဆီမှာက အလုပ်ခွင်ရောက်မှ အားလုံး သင်ပေးနေကြရပါတယ်။ အောင်မြင်တဲ့ တိထွင်သူတွေရဲ့နောက်ကွယ်မှာ အဖွားတို့ မိခင်တို့ရဲ့ ပံ့ပိုးမှု အားဖေးမှု ပါဝင်ကြတယ်လို့ မှတ်သားဖူးပါတယ်။ ဇနီးမယား တယောက်ရဲ့ ဖိအားဖြစ်စေ အားပေးမှုဖြစ်စေ အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်တယ်လို့ ထင်မိပါတယ်။ တိမ်မြှုပ်နေတဲ့ စွမ်းအားနဲ့ သက်ရောက်မှု ဖြစ်ပါတယ်။

မျိုး။ ။ မိဘတွေက သားသမီး ဆယ်တန်းအောင်တာနဲ့ အလုပ်ခွင်ကို ဂင်ခိုင်းကြပါတယ်။ သူတို့မှာ အလုပ်ခွင်ဂင်ဖို့ အဆင်သင့် မဖြစ်ကြသေးပါ။ အလုပ်ခွင်ရဲ့သဘောသဘာဂနဲ့ တာဂန်ထမ်းဆောင်ချင်တဲ့စိတ် မရှိကြသေးပါ။ အိမ်မှာနေ အလကားဖြစ်နေလို့ သူတို့ သားသမီး အလုပ်ခန့်ပေးပါအုံး တောင်းဆိုကြတယ်။ အလုပ်ခန့်ပေးလိုက်တော့ အပေါ့အပါးသွားတာကအစ တစ်ကိုယ်ရည် သန့်ရှင်းရေးကအစ သင်ပေးနေရတယ်။ ဒီရလဒ်က ဘယ်လိုမှမကောင်းပါ။

စိုး။ ။ကျွန်တော် အရင်ဆွေးနွေးဖူးပါတယ်။ ကလေးတွေကို မူလတန်းကစပြီး အလယ်တန်းအရွယ် အဆုံးလောက်ထိ သင်ယူမှု သင်ကြားမှု အတွေးအခေါ်တွေကို ပျိုးထောင်ပေးလိုက်ရမှာပါ။ မိဘတွေစိတ်မှာ ပညာရေးတို့ အလုပ်ခွင်တို့က သားသမီးကို သင်ကြားပေးနိုင်တယ်လို့ ယူဆကြပါတယ်။ တကယ်တော့ မိခင်တွေသာ အတွေးအခေါ်နဲ့ ကလေးစိတ်ပညာ ကျွမ်းကျင်ရင် အနာဂတ်သားကောင်းတွေ

ပိုမို မွေးထုတ်ပေးနိုင်မှာပါ။ ကျွန်တော်တို့ မိခင်တွေအများကြီးကို လေ့လာကြည့်နိုင်ပါတယ်။ အလွန်အောင်မြင်တဲ့မိခင်၊ အိမ်မှာပဲနေပြီး ပညာမတတ်တဲ့မိခင်၊ ပညာတတ်အများသားနဲ့ ရင်ဘောင်တန်းနိုင်တဲ့မိခင်၊ မိုစိုသူ၊ သိမ်မွေ့ပြီး တွေးခေါ်မြော်မြင်မှုရှိတဲ့မိခင် စသဖြင့်စသဖြင့်ပေါ့။ ဘယ်လိုမိခင်မျိုး ဘယ်လိုဇနီးမယားမျိုးကို နှစ်သက်ကြပါသလဲ။ မြန်မာအများသမီး အများစုအတွက်ကော ဘယ်လိုမိခင် ဖြစ်လိုကြပါသလဲ။ ဒါတော့ ကိုယ်တိုင်တွေးကြည့် စေချင်ပါတယ်။

> ကိုယ်ဝန် လွယ်ထားတဲ့အချိန်မှာ ဇလာဘဒါသ ပြည့်လျှံနေမယ့်မိခင်၊ ပညာကို အလွန်ကြိုးစားနေမယ့်မိခင်၊ ဘာမှကို မသိတဲ့ မိခင်၊ သိမ်မွေ့အေးချမ်းပြီး တွေးခေါ်နေတဲ့မိခင် ဘာသာတရား ကိုင်းရှိုင်းတဲ့မိခင် စတွေဆမြင်ယောင် ကြည့်နိုင်ပါတယ်။ ဒါဟာ ဝီဇအတွက် အလွန်အရေးပါလိမ့်မယ်ထင်ပါတယ်။

မျိုး။ ။ပုခက်လွှဲသောလက်သည် ကမ္ဘာကို စိုးမိုးနိုင်ရမယ်ဆိုတဲ့ အဆိုအမိန့်လည်း ရှိပါတယ်။ လူသားတွေအားလုံးဟာ မိခင်ရဲ့ ပြုစုယုယမှု၊ ဆိုဆုံးမမှုကနေ ကြီးပြင်းလာကြရပါတယ်။ တစ်ခြားစာပေ အဆုံးအမတွေထက် မိခင်ရဲ့ ဆုံးမစကားကို ပိုမဖမ့်တတ်ပါ။ အဖမ့်ရဲ့ ငယ်ကလက်ရာ အစားအသောက်တွေကို အခြားသောစားကောင်း သောက်ဖွယ်ထက် ပိုနုံမင်တတ်ပါတယ်။ စိတ်ချမ်းသာပျော်ရွှင်သော နိုင်ငံတော် တည်ဆောက်ဖို့ မိခင်ရဲ့ဓလေ့စရိုက် တွေက အရေးပါလှပါတယ်။

စိုး။ ။ဆရာက အစားအသောက်ကိုပြောတော့ ကျွန်တော် သတိရမိတာ တစ်ခုရှိပါတယ်။ ကျွန်တော်တို့ မိသားစု ဓလေ့တွေက

ဇနီးမယား မိခင်ဖြစ်သူက ဈေးသွားတယ်။ သူစိတ်ကူးတည့်ရာ ဂယ်လာပြီး ချက်ပြုတ်လေ့ ရှိပါတယ်။ တစ်ပတ်အတွက် တစ်လအတွက် ဘာချက်ပြုတ်မလဲ။ ကြိုတင်ပြုစုထားတာမျိုး မရှိကြပါ။ အိမ်သူတွေဟာ ကြိုတင် ပြင်ဆင်သင့်တဲ့အကြောင်း ဆရာကြီး ပီမိုးနင်းကလည်း ရေးသားဖူးပါတယ်။ ပြင်ပလုပ်ငန်းခွင်မှာ ကြုံတွေ့လာမယ့် ကြိုတင် ပြင်ဆင်ခြင်း အမှားများကို ရေးသားမှတ်တမ်းတင်ခြင်း ဆိုတဲ့ စနစ်တွေဟာ မိသားစုဓလေ့မှာ ရှိနေသင့်ပါတယ်။ ဒါမှ လုပ်ငန်းခွင်ဝင်တဲ့အခါ သက်ဆိုင်ရာအလုပ်ကို သင်ယူရုံပါပဲ။ ဘဝနေမှုပုံစံ(Life style) ဟာ အတတ်ပညာထက် အရေးကြီးပါတယ်။

မျိုး။ ။ကမ္ဘာကြီး ရှုပ်ထွေးနေတယ်။ ကျွန်တော်တို့ ကြိုးစားလို့ ဘယ်အထိရောက်ကြမလဲ။ ကျွန်တော်တို့လုပ်နိုင်တာက ကျွန်တော်တို့ကို မွေးဖွားပေးတဲ့ ကျွန်တော်တို့ သားသမီးတွေကို မွေးဖွားပေးတဲ့ မိခင်တွေရဲ့ဘဝကို မြှင့်တင်ပေးခြင်းပါပဲ။ ဆရာရဲ့နိဂုံးစကား ပြောပေးပါဦး။

စိုး။ ။ ကျွန်တော်တို့ တည်ဆောက်ကြရမယ့် အခြေခံအုတ်မြစ်ကို တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်ကြမယ်ဆိုရင် မိခင်ကလွဲက အရေးအကြီးဆုံးလို့ ယူဆပါတယ်။ တစ်ဦးချင်းဘဝနေမှု ပုံစံတွေ ကောင်းမွန်ရင် စိတ်ချမ်းသာပျော်ရွှင်တဲ့ နိုင်ငံတော်တည်ဆောက်ဖို့ မခက်ပါဘူး။ လူသားတွေဟာ ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်နဲ့ ဖွံ့ဖြိုးတိုးတက်လာတာမို့ မျိုးဆက်သစ် မိခင်လောင်းတွေကနေ စလိုက်ရအောင်ပါ။ မိခင်ကလွဲတိုးတက်ဖို့ ကျွန်တော်တို့အားလုံး ဝိုင်းဝန်းပြီး ကြိုးစားကြရအောင်လို့ တိုက်တွန်းပါတယ်။

၁၃

ဘာသာစကား

မျိုး။ ။နိုင်ငံတော် ပြုပြင်တည်ဆောက်နေတဲ့ ကာလမှာ အားလုံး တာဝန်ရှိတယ် ဆိုတဲ့အသိနဲ့ ပြောနေ ဆွေးနွေးနေကြတာ ဖြစ်ပါတယ်။ ဘာသာစကားဟာလည်း အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ရပ် ဖြစ်တယ်လို့ ယုံကြည်တဲ့အတွက် ဒီတစ်ပတ် ဆွေးနွေးကြရအောင်ပါ။

စိုး။ ။ ထင်သာမြင်သာ ဦးစာပေးဆောင်ရွက်နေကြတဲ့ ကဏ္ဍတွေ ရှိသလို မေ့မိုန်နေတဲ့ ကဏ္ဍတွေလည်း ရှိပါတယ်။ ဘာသာ စကားဟာ အရေးကြီးတဲ့ ကဏ္ဍတစ်ခုဖြစ်တယ်လို့ ထင်ပါတယ်။ အခု ကျွန်တော်တို့ ကြုံနေရတာက မူလတန်းကနေ ဂကောလိပ် ဘွဲ့ရတဲ့အထိ မြန်မာစာကို သင်ကြားလာခဲ့ကြပေမယ့် ကောင်းကောင်း မရေးနိုင်တဲ့ ပြဿနာပါပဲ။ မြန်မာဘာသာစကား မြန်မာစာကို စနစ်တကျ တတ်ကျွမ်းဖို့လိုသလို နိုင်ငံတကာ ဘာသာစကားတွေကို လေ့လာသင်ယူတတ်ဖို့ အရေးကြီးပါတယ်။

မျိုး။ ။ ဘာသာစကားနဲ့ ပတ်သက်လို့ ကျွန်တော် ဖတ်ဖူးမှတ်ဖူးတာလေးကို ဆွေးနွေးချင်တယ်။ လူသားတွေ အစောဆုံးနဲ့ အကောင်းဆုံး တီထွင်ဖန်တီးမှုက ဘာသာစကား လို့ဆိုပါတယ်။ ဘာသာစကား

တိထွင်နိုင်မှကြောင့် လူသားတွေ အရာရာမှာ လွှမ်းမိုးနိုင်ခဲ့တယ်လို့ ဆိုတယ်။ ဘာသာဗေဒ ပညာရှင်တွေရဲ့ အဆိုအမိန့်ပေါ့။ တိုင်းပြည် တစ်ပြည် လူမျိုးတစ်မျိုးမှာ ဘာသာစကား အရေးကြီးတယ်။ အမျိုးသား လက္ခဏာ တစ်ရပ်ပေါ့။ နိုင်ငံတစ်နိုင်ငံမှာ ဘာသာစကား ပျောက်ကွယ်ရင် လူမျိုးလည်း ပျောက်ကွယ်သွားနိုင်ပါတယ်။

စိုး။ ။ဘာသာစကားဟာ လူတွေဆက်သွယ်ဖို့ အတွက် စတင်သုံးစွဲခဲ့တယ်။ နောက်ပိုင်း သင်ယူမှုအတွက် မရှိမဖြစ် အရေးပါလာတယ်။ ဘာသာစကားမှသည် စာပေအထိ တိုးတက်ဖွံ့ဖြိုးလာပြီး လူ့ယဉ်ကျေးမှုဟာ တိုးတက်လာခဲ့ပါတယ်။ နောက်ပိုင်း လူမျိုးရင်းကိုသိနိုင်ဖို့ အရေးပါတဲ့ ဘာသာရပ်တစ်ခု ဖြစ်လာပါတယ်။ ကျွန်တော်တို့ အသိဉာဏ်တွေ မြင့်မားလာပေမယ် အတွေးအခေါ်တွေဟာ ဘာသာဗေဒ ဂေါဟာရကို ကျော်မတွေးနိုင်ဖူးလို့ ဆိုပါတယ်။

မျိုး။ ။ လူအစလေ့လာရင် ဘာသာစကားမှာ အခြေခံတယ်။ မနုဿဗေဒပညာရှင်တွေက ပထမပိုင်း အရေးမထားခဲ့ကြပဲ နောက်ပိုင်းမှ ဘာသာဗေဒ အခြေခံကျမှန်း သိလာခဲ့ကြပါတယ်။ လူမျိုးစုတွေဟာ ဘာသာစကား ပြောဆိုမှုအရေအတွက် များလာတာကတစ်ဆင့် နိုင်ငံအဆင့်ဖြစ်လာတယ်။ တွေးခေါ်ရာမှာ ဘာသာစကား နယ်နမိတ်ကို ကျော်လို့ မရဖူးဆိုတာလည်း ဖတ်ဖူးပါတယ်။

စိုး။ ။ မြန်မာဘာသာစကား ဖြစ်ပေါ်လာပုံ ဆွေးနွေးရအောင်ပါ။ မြန်မာဘာသာစကားဟာ တိဗက် တရုတ်က ဆင်းသက်တဲ့ တိဗက်

မြန်မာ အုပ်စုပေါ့။ တစ်လုံးတစ်သံထွက်လို့ ဆိုပါတယ်။ ဥပမာ မျက်လုံးဟာ မျက်လ ဆိုတဲ့အသံထွက်က ဆင်းသက်လာတယ်။ ဆံပင်ဆိုတာ ဆမ်ဆိုတဲ့ဂေါဟာရက ဆင်းသက်လာတယ်လို့ ဖတ်ဖူးပါတယ်။ အိန္ဒိယ အရေးအသား သုံးလာတော့ အရေးနောက်ကို လိုက်ပြီး အသံတွေ ပြောင်းလာပါတယ်။ တဖြည်းဖြည်းနဲ့ ပြောင်းမှန်း မသိပြောင်းလာတာ မူရင်းကို မသိကြတော့ဘူး။ စနစ်တကျ လေ့လာမှတ်တမ်းတင်ထားဖို့ လိုပါမယ်။ ကိုလိုနီခေတ်မှာ မစ္စတာတေလာ တို့ ဒီဂျီအီးဟော တို့ သုတေသနလုပ်ခဲ့ကြပါတယ်။ နှစ်လုံးတွဲ စကားလုံးတွေကိုလည်း လေ့လာသင့်ပါတယ်။ ဓမ္မာဝိုက်၊ လျှော်ဖွတ်၊ ကန်ကျောက် စကားလုံးတွေကို ရခိုင် ထားဂယ်တို့နဲ့ ရှာ့နောက်ခွဲပြီး သုံးနေကြတာ စိတ်ဝင်စားဖို့ ကောင်းပါတယ်။ တိဗက်မြန်မာ ဘာသာစကားနဲ့ အိန္ဒိယ အရေးအသားပေါင်းပြီး မြန်မာယဉ်ကျေးမှုကို တည်ထောင်ခဲ့တာ ရှိုးကျူးဖို့ ကောင်းပါတယ်။

မျိုး။ ။ ဘာသာစကားဆိုတာ လူသားတွေ တီထွင်ထားတာမို့လို့ လူသားတွေ တူညီမှုပေါ် အခြေခံပါတယ်။ စား၊ သွားလာ၊ အိပ်၊ လက်ထပ် ဒါကို သဂေါတအဖြစ် တီထွင်ခဲ့ကြတာပေါ့။ အသံထွက်ရာမှာ အားနည်းချက် အားသာချက် ကိုယ်စီ ရှိကြပါတယ်။ အင်္ဂလိပ် အသံထွက်လို့ရတာကို ကျွန်တော်တို့မရ၊ ကျွန်တော်တို့ အသံထွက်လို့ရတာကို သူတို့ကမရ စိတ်ဝင်စားဖို့ ကောင်းပါတယ်။

စိုး။ ။ ကျွန်တော်တို့ နိုင်ငံနဲ့ ဘာသာစကားအကြောင်း ပြောကြည့်ရအောင်ပါ။ ကိုလိုနီခေတ်မှာ မြန်မာစာသည်တို့စာ မြန်မာစကားသည်တို့စကားလို့ ကွဲကွေ်ခဲ့ကြပါတယ်။ ဆိုရှယ်လစ် ခေတ်မှာလည်း မြန်မာစာသည် တို့စာ ဖြစ်ခဲ့ကြပါသေးတယ်။ နောက်ပိုင်း ကျပြန်တော့

အင်္ဂလိပ်စာ အရေးကြီးတယ် ဖြစ်လာပြန်တယ်။ ကျမ်းစတွေကို အင်္ဂလိပ်နဲ့မှ ဖြစ်လာတယ်။ တချို့က ထမင်းစားရသောက် အိမ်မှာ အင်္ဂလိပ်စကား ပြောနေကြတယ်။ အခု နားလည်နေကြတာက ဘာသာစကားကို ထိတွေ့ပြောဆိုဖန်မှ ကျွမ်းကျင်တယ်လို့ ယူဆတဲ့အတွက် နိုင်ငံတကာထိုးဖောက်ဖို့ အင်္ဂလိပ်စာကို ကလေးဘဝကနေ အပတ်တကုပ် ကြိုးစားသင်ယူ နေကြတာပေါ့။ ဘာသာဗေဒဖွဲ့စည်းမှုကို စနစ်တကျ နားလည်ရင် သင်ယူရတာမခက်ပါဘူး။ ဒါကိုနားလည်ဖို့ လိုပါတယ်။

မြန်မာဘာသာနဲ့ အင်္ဂလိပ်ဘာသာကို ဘယ်လို အချိုးညီညီ ပေါင်းစပ်နိုင်မလဲသိမှ နိုင်ငံတည်ဆောက်တဲ့ ဓနရာမှာ အကျိုးရှိရှိ အသုံးချ နိုင်ပါလိမ့်မယ်။

မဟုတ်ခဲ့ရင်ဗတော့ အရင်လို နှစ်ပေါင်းငါးဆယ် လုံးချာလိုက် နေပါလိမ့်မယ်။

မျိုး။ ။ အချိုးညီညီဆိုတဲ့စကား အရေးကြီးပါတယ်။ အင်္ဂလိပ်စကားကိုပစ်ပယ်ပြီး မျိုးချစ်စိတ်ဓါတ်နဲ့ ဟစ်ကြွေးရုံနဲ့မပြီးဘူး။ ဂလိုဘယ်ဖြစ်စဉ်မှာ အင်္ဂလိပ်စကားဟာ အင်္ဂလိပ်လူမျိုး သက်သက်အတွက် မဟုတ်ဘူး။ မြန်မာစကားသည် တို့စကားဆိုလို့လည်း သိပ်မဖြစ်ဘူး။ အချိုးညီပေါင်းစပ်ဖို့ အရေးကြီးတဲ့အချိန် ရောက်နေပါတယ်။

စိုး။ ။ဘာသာစကားဟာ ပါဂါပျော့ ဖြစ်ပါတယ်။ အသုံးချတတ်ရင် ကောင်းပေမယ့် အသုံးမချတတ်ရင် ကိုယ့်ယဉ်ကျေးမှု ပျောက်နိုင်တယ်။ လွှမ်းမိုးခြင်းခံရနိုင်တယ်။ ဒါကြောင့် အချိုးညီမှုကို ပြောတာပါ။

တက္ကသိုလ်တွေမှာ အင်္ဂလိပ်စာမှအင်္ဂလိပ်စာ လုပ်လိုက်တော့ ပျက်သွားတာပဲလေ။ ပြောဆိုဆက်ဆံမှုအတွက် နိုင်ငံခြားဘာသာသင်ယူရမှာ မှန်ပါတယ်။ ပညာရပ်တွေ သင်ယူဖို့အတွက်တော့ ဘာသာပြန်သင်ကြားလို့လည်း ဖြစ်ပါတယ်။ ဂျပန်တို့ တရုတ်တို့က ပညာရပ်တွေကို ဘာသာပြန်သင်ကြားခဲ့တော့ နည်းပညာထွန်းကား အောင်မြင်သွားကြပါတယ်။

မြန်မာဘာသာစကားနဲ့ စာပေဖွံ့ဖြိုးတိုးတက်အောင် ဘာလုပ်မလဲ။ မြန်မာအဘိဓါန် ဓဓတ်နဲ့အညီ မထွက်နိုင်ဘူး။ အသစ်ပေါ်လာတဲ့ နည်းပညာရပ်တွေဆို လုံးဝကို မြန်မာပေါ်ဟာရ မထွင်နိုင်တော့ဘူး။

မိုး။ ။ မြန်မာဘာသာစကား တိမ်ကောသွားလို့လည်း မဖြစ်ဘူး။ ဓပျောက်ပျက်သွားလို့ မဖြစ်ဘူး။ အင်္ဂလိပ်စာ မတတ်ရင်လည်း မဖြစ်ဘူး။ အင်္ဂလိပ်စာနဲ့ ဘာသာရပ်တွေအားလုံး သင်ကြားဖို့လုပ်လိုက်တာ။ သင်ကြားမယ့်လူမရှိ မြန်မာဘာသာ စကားလည်း ပစ်ပယ်ထားသလို ဖြစ်သွားပါတယ်။ ဓနောက်ကျဓတော့ အင်္ဂလိပ်လည်း ဟုတ်ဟုတ်ကြားကြား မတတ်၊ မြန်မာစာလည်းမတတ်၊ ဆရာကြီး ဦးဓအောင်သင်းပြောသလို ဓလပဲချွန်ဓနဓတော့တယ် ဆိုရမှာဓပါ့။

ဘာသာပြန်ဓဆော်ဂဲပေါ်ဖို့ ကာရန်တာ ဆက်ဓပေါ်ဖို့လည်း လိုပါတယ်။ အင်းဂဓပေါ် ဂင်းမြန်မာဓပေါ် ဓဏ်ဂျီဓပေါ် အကွဲကွဲအပြားပြားပါပဲ။ အိုင်တီဓဓတ် ဖုန်းတွေမှာ မြန်မာစာသုံးနိုင်ပြီ ပြောဓပမယ့် မြန်မာကာရန်တာ ဆက်မရှိဘူး။ အစိုးရက အမိန့်တွေထုတ်ပြီး ဓဆောင်ရွက်တာလည်းမရှိ။ ဘယ်သူတွေက ဘယ်လိုလုပ်ဓနကြလဲ ပြည်သူ

တွေ့မသိ။ ကျွန်တော်တို့မှာ မြန်မာစာအဖွဲ့ဆိုတာ ရှိတယ်။ ၁၉၆၅ ကတည်းက ဖွဲ့ခဲ့တာ။ ပညာရှင်ကြီးတွေ ရှိပါတယ်။ အသက်တော့ ကြီးနေကြပြီ။ မြန်မာစာအဖွဲ့နဲ့ အိုင်တီပညာရှင်တွေကို ပူးပေါင်းစေပြီး လုပ်ရင်အောင်မြင်မှာပါ။

ထိုင်းမှာ ဘာသာပြန်စနစ်ရှိနေပြီ။ ထွက်သမျှ ထိုင်းဘာသာနဲ့ ဖတ်နိုင်ပြီ။ လျှပ်စစ်ပစ္စည်း၊ စားစရာကအစ ဆေးဝါးအဆုံး အင်္ဂလိပ် ဘာသာ လုံးဝမသုံး။ မြန်မာနိုင်ငံမှာ စားစရာအစ အားလုံး အင်္ဂလိပ် ဘာသာနဲ့ အညွှန်းတွေပဲရှိတယ်။ ဒီချို့ယွင်းချက်တွေကြောင့် ထိခိုက် နစ်နာ ဆုံးရှုံးမှု များပါတယ်။

စိုး။ ။ ဆရာပြောသွားတာ အင်္ဂလိပ်စကားနဲ့ မိမိဘာသာစကား မျှတအောင် သုံးတဲ့အကြောင်းပေါ့။ ကျွန်တော်တို့ဆီမှာ ဆိုင်နာမည်က အစ ဆေးအဆုံး အင်္ဂလိပ်ဘာသာ သုံးပေမယ့် ပညာရေးမှာ ကျပြန် တော့ အင်္ဂလိပ်စာရော မြန်မာစာရော ညံ့ကြပါတယ်။ အိမ်နီးချင်း နိုင်ငံကပန်ထမ်းတွေ နိုင်ငံတကာ အစည်းအဝေးတွေကျတော့ အင်္ဂလိပ် စကားကောင်းမှကောင်း။ ကျွန်တော်တို့ဆီက အကောင်းဆုံးလူတွေ မမီဘူး။ သူတို့က သူ့လိုအပ်ချက်နဲ့ သူ့နေရာအလိုက် သင်ကြား ထားကြတယ်။ ပြည်တွင်းအုပ်ချုပ်ရေးဝိုင်းမှာ သူ့ဘာသာစကားနဲ့သူ လုပ်ငန်းကျွမ်းကျင်အောင် သင်ကြားပေးထား ကြပါတယ်။ ကျွန်တော်တို့ ဆီမှာကျတော့ အင်္ဂလိပ်စကား ကောင်းတယ်ဆိုပြီး ရာထူးပေးတယ်။ အုပ်ချုပ်ရေး မကျွမ်းကျင်၊ ပညာရပ်မကျွမ်းကျင်။ နိုင်ငံနောက်ကျတာ ဒီအချို့မညီမှုတွေကြောင့် ဖြစ်ပါတယ်။

မျိုး။ ။အခုခေတ်မှာ e goverment လုပ်နေကြပြီ။ ရုံးသုံးဘာသာ စကား မငြိမ်သေးပဲ ဘယ်လိုလုပ်ကြမလဲ။ မှတ်ပုံတင်ဆိုပါစို့၊ လူဂင်မှု ကြီးကြပ်ရေးမှာ ကိုယ်ခရေးအချက်အလက်ကို ဘယ်နေရာက ကြည့်ကြည့် အတူတူထွက်ရမယ်။ ဘယ်လိုလုပ်မလဲ။ စိတ်ချမ်းသာ ပျော်ရွှင်သော နိုင်ငံဖြစ်လာဖို့အတွက် လိုအပ်နေတဲ့၊ မမ့လျော့နေတဲ့ ကိစ္စကို ပြည်သူတစ်ယောက်အနေနဲ့ ထောက်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော် ဇော်ဂျီပဲသုံးတတ်တယ်။ ကျွန်တော်က ထို့အတူ ၂၀၀၀ လောက်ကတည်းက ဂင်းအင်းဂသုံး၊ နောက်ကျတော့ အဆင်ပြေသလိုသုံးရင်း ဘယ်ဟာက ဘာမှန်းမသိတော့ဘူး။ မြန်မာစာအဖွဲက ဆရာကြီးတွေနဲ့ ပြောဖြစ်တယ်။ အစိုးရဌာန အရာရှိတချို့ကလည်း ပြောတယ်။ ကွန်ပျူတာ ပညာရှင်တွေလုပ်ရမယ်တဲ့။ အမှန်က မြန်မာစာအဖွဲ့က ခိုင်းရမယ်။ ကွန်ပျူတာပညာရှင်တွေကို ဒီလိုလုပ်လို့ ခိုင်းရမယ်။ မြန်မာစာဆိုတာ ဒီလိုရှိတယ်လို့ပြောရမယ်။ မြန်မာစာ ကာရစ်တာ ဆက်နဲ့ ကွန်ဖရန့်တွေလုပ်ရင် ကွန်ပျူတာပညာရှင်တွေက ဦးဆောင် နေတယ်။ သက်ဆိုင်ရာမူဝါဒ ချမှတ်သူတွေက ထိန်းကြောင်းပေးဖို့ လိုပါတယ်။

စိုး။ ။ကျွန်တော်က သိပ်ပွဲဘွဲ့ပါ။ ဆရာက မြန်မာစာထင်တယ်။ မြန်မာပြည်မှာ မြန်မာစာဓပဘက်ကို အားသန်ကြတယ်။ ဘာသာ ဓပဒဘက် အားနည်းတာ တွေ့ရပါတယ်။ အမှန်က ဘာသာဓပဒက အခြေခံကျပါတယ်။ အားပေးဖို့လိုမယ် ထင်ပါတယ်။ မြန်မာစာ အားနည်းသွားရခြင်းမှာ သင်ကြားမှုပုံစံလည်း လိုမယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့က စာဓပအနေနဲ့ပဲ သင်ကြားလေ့ ရှိကြပါတယ်။

ဘာသာဓဗဒအဓနနဲ့ မသင်ကြားကြပါ။ ဂေါဟာရ တစ်လုံးချင်းကို ကျယ်ကျယ်ပြန့်ပြန့် အနက်ဖွင့်တာမျိုး သင်တာမရှိခဲ့ပါ။

> မူလတန်းမှာ ကတည်းက စာပေပုံစံမသင်ကြားပဲ ဘာသာဓဗပုံစံ သင်ကြားသင့်ပါတယ်။ ဂေါဟာရ သီးသန့်သင်ကြားခဲ့ရင် အဓတွေးအဓေါ်လည်း အားဓကောင်းမယ်၊ မြန်မာဘာသာစကားကိုလည်း နက်နက်နဲနဲ သိရှင့်ရပြီး ပိုမိုစိတ်ဝင်စား ကြမယ်ထင်ပါတယ်။

မျိုး။ ။တက္ကသိုလ် သင်ရိုးမှာကိုယ်က အားနည်းပါတယ်။ တတိယနှစ်ဓလာက်မှ သင်ရတယ်။ ကျွန်တော်တို့ ကျောင်းတက်ဓနတုန်း မြန်မာပြည်က ပညာသင်လွှတ်တာ မရှိဘူး။ အရင်က နိုင်ငံတကာမှာ စနစ်တကျ သင်ယူဖူးတာ ဦးဓရွှေသင်နဲ့ ဦးထွန်းမြင့် တို့ ရှိခဲ့ပါတယ်။ ကိုယ်တိုင်ဓလ့လာတာက ဆရာကြီး ဓမောင်သာနိုး ပါ။ စနစ်တကျ သင်ယူလာတဲ့ ပါရဂူမရှိပဲ ဘာသာဓဗဒအားနည်းတာ ဒီကိစ္စမှာ ထင်ရှားလာတယ်။ အိမ်နီးချင်း ထိုင်းဆိုရင် ကာရစ်တာ ဆက်ရိုလာခဲ့တာ ဆယ်စုနှစ် မကဓတော့ဘူး။ ကျွန်ဓတော်တို့ ပီဒီယာအဓနနဲ့ ဓထာက်ပြရုံပဲ တတ်နိုင်ပါတယ်။

ကျွန်တော်တို့ ဘာသာစကားကို အမြဲဖြည့်တင်းဓနဖို့ လိုပါတယ်။ ဦးထွန်းတင့် နဲ့ဓတွ့ဓတော့ သူတို့ဥက္ကဋ္ဌဟာ ပညာဓရးဂန်ကြီးဖြစ်ပါတယ်။ အစည်းအဓဝေးမတက်တာ ဂန်ကြီးဓလးဆက် ရှိပြီပြောပါတယ်။ ဆရာကြီတွေ တစ်ချို့ကကွယ်လွန်၊ တစ်ချို့က အိပ်ရာထဲမှာ ဖြစ်ဓနကြပါပြီ။ ဆရာကြီးတွေ ရှိဓနတဲ့အချိန်မှာ အဓမွေဆက်ခံတဲ့ သဓဘာယူထားပြီး မဓပျောက်မပျက်ဓအောင် ထိန်းသိမ်းဖို့လိုပါတယ်။ မြန်မာစာဓပ အဓတွေးအဓေါ်တွေဟာ ဘာသာစကားဓပါ် အဓခြေခံထားပါတယ်။ ကျွန်ဓတော်တို့အတွက် အစစ်ဆုံးအရာဟာ မြန်မာဘာသာ

စကားဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဆိုရင်လည်း ကျွန်တော်တို့ဆီက လေ့လာရပါမယ်။ ဒီနှစ်ခုကို အမျိုးသားရေးတာဂန်အဖြစ် စောင့်ရှောက်ရမှာဖြစ်ပါတယ်။

စိုး။ အနာဂတ်မှာ ဘာသာစကားနယ်ပယ်မှာ မိခင်ဘာသာစကား၊ ဒုတိယ အင်္ဂလိပ်ဘာသာစကား၊ တတိယ ဘာသာစကားက ပရိဂရမ်းမီး ဘာသာစကားဆိုပြီး ဖြစ်လာနေပါပြီ။ ကျွန်တော်တို့အနေနဲ့ မိခင်ဘာသာ စကားကိုလည်း ကျွမ်းကျင်ဖို့ အမြဲဖတ်နဲ့လေ့ကျင့်ခြင်းအောင်မွမ်းမံဖြည့်စွက်ဖို့ လိုသလို ဒုတိယနဲ့ တတိယဘာသာစကားကိုလည်း တတ်မြောက်ဖို့ လိုပါမယ်။ အိမ်နီးချင်းနိုင်ငံများနဲ့ ကျပန်နိုင်ငံတို့မှာတောင် ပရိဂရမ်းမီး ဘာသာစကားကို မူလတန်းမှာ ထည့်သွင်းသင်ကြားနေကြပြီ ဖြစ်ပါတယ်။ မူဂါဒရေးဆွဲသူများ သတိပြုနိုင်ကြပါစေလို့ တိုက်တွန်းပါရစေ။

၁၄

ပြဇာတ်နှင့်ပြဇာတ်စာပေ

မျိုး။ ။ပြဇာတ်စာပေဆိုတာ ကျွန်တော်တို့နိုင်ငံမှာ ရာစုနှစ်ပေါင်းများစွာ ကြာကတည်းက ပေါ်ထွန်းခဲ့ပါတယ်။ အခုတော့ ကွယ်ပျောက်လုနီးဖြစ်နေပါပြီ။ ပြဇာတ်လည်း တိမ်ကော ပြဇာတ်စာပေ တိမ်ကောဖို့ အကြောင်း မြင်တွေ့နေရပါတယ်။ ဆရာ့အနေနဲ့ ပြဇာတ်နဲ့ပြဇာတ်စာပေအကြောင်း ဖွင့်ဆိုပေးပါဦး။

စိုး။ ။ ပြဇာတ် ဘာကြောင့် တိမ်ကောရသလဲ၊ ပညာရပ်နယ်ပယ်အားလုံး ရှင်သန်ဖို့ တိုးတက်ဖို့ဆိုတာ အခွင့်အလမ်းပံ့ပိုးမှု သက်ဆိုင်ရာပညာရှင်များရှိမှ ဖြစ်မှာပါ။ တစ်ချို့ဧသာ အဖရုပါတဲ့ အနုပညာသည်တွေကို အခွင့်အလမ်းမပေးတဲ့အတွက် တိမ်ကောရတယ်လို့ မြင်ပါတယ်။ ပြဇာတ်အနုပညာ ပျောက်ဆုံးနေတော့ ပြဇာတ်လည်း ကျဆုံးရတာပါ။

မျိုး။ ။ပြဇာတ်သမိုင်းအကျဉ်း ပြောပေးပါဦး။

စိုး။ ။ဇာတ် ဆိုတဲ့ ပေါ်ဟာရဟာ ပါဠိစာပေ ဇာတက ကို မြန်မာစာပေမှာ ဇာတ်ဟု သုံးနှုန်းခေါ်ဝေါ်လာကြတာ ဖြစ်ပါတယ်။ ဇာတ်ဆိုတဲ့ အသုံးကို သတ္တရာဇ် ၁၂၄၂ ခု ယောမြို့စား ဦးဘိုးလှိုင် ရေးသားတဲ့ အလင်္ကာနိသျ ကျမ်းမှာ စတွေ့ရပါတယ်။ မြန်မာအစောဆုံး ဇာတ်ကတော့ ညောင်ရမ်းခေတ်နောင်းပိုင်း ၁၈၆၀-၁၁၁၆ ဂန်ကြီး ပဒေသရာဇာရဲ့ **မဂၢိကာဇာတ်** က အစောဆုံးဖြစ်ပါတယ်။

အနောက်တိုင်းမှာတော့ ရှိတ်စပီးယား ပြဇာတ်တွေက လူသိများလာတာပေါ့။ နိုင်ငံတကာ ပြဇာတ်သမိုင်းနဲ့ နှိုင်းယှဉ်ကြည့်ရင် သိသိသာသာကွဲပြားနေတာ တွေ့ရပါလိမ့်မယ်။ အခုမျှော်လင့်နေကြတာက နိုင်ငံတကာမှာ ပြဇာတ်တွေရှင်သန်နေတုန်းမို့ မြန်မာနိုင်ငံမှာလဲ ရှင်သန်ရမယ်ဆိုတဲ့ မျှော်လင့်ချက်ပေါ့။ ဆရာကိုမေးချင်တာ ရှိပါတယ်။ ပြဇာတ်အကြောင်းလို့ ပြောလိုက်တာနဲ့ နိုင်ငံတကာမှာဆိုရင် ဘယ်သူ့ကို မျက်စိထဲမြင်မိသလဲ၊ မြန်မာနိုင်ငံမှာကော ဘယ်သူ့ကိုမြင်မိသလဲ၊ တစ်ချက်ပြောပေးပါဦး။

မျိုး။ ။နိုင်ငံတကာမှာဆိုရင် ရှိတ်စပီးယား။ မြန်မာပြည်မှာတော့ ရွှေမန်းတင်မောင်၊ ဦးဖိုးစိန်၊ မြို့တော်သိန်းဒအောင် စသဖြင့် ဂန္ဓဂင် ပြဇာတ်တွေကနေ ခေတ်ပေါ်အထိပေါ့။ ကျွန်တော်တို့ တတ္တသိုလ်ထိ မတိမ်ကောဒေးဘူး။

စိုး။ ။အဲဒီမှာ ကွဲလွဲမှုစတွေ့ပါလိမ့်မယ်။ နိုင်ငံတကာမှာ ပြဇာတ်ရေးသားသူတွေက ထင်ရှားပြီး မြန်မာပြည်မှာတော့

သရုပ်ဆောင်တွေကသာ ထင်ရှား လူသိများကြပါတယ်။ အဲဒီ ကွဲလွဲချက်ဟာ ပြဇာတ်တိမ်ကောရခြင်းရဲ့ အဓိက အကြောင်း အချက် တစ်ခုလို့ မြင်မိပါတယ်။

ကျွန်တော် ဆရာနဲ့စတွေ့တော့ ပြောဖူးပါတယ်။ ယဉ်ကျေးမှု သမိုင်းဟာ နှစ်ပေါင်း ခုနှစ်ရာလောက် ဆောက်ကျနေတယ်။ မြန်မာ့ ယဉ်ကျေးမှု ပုံသဏ္ဌာန်ဟာ အမှောင်ခေတ်လောက်ပဲ ရှိတယ်လို့ ပြောဖူး ပါတယ်။ အခု ကျွန်တော်တို့ ပြဇာတ်ကိုကြည့်ပါ။ အခုအချိန်ထိ ပညာရပ်ဝိုင်းဆိုင်ရာ ခွဲခြားသတ်မှတ်တာမျိုး မရှိသေးဘူး။ ဥရောပမှာ ပြဇာတ်ကို သရုပ်ခွဲထားကြပါတယ်။ အဆင့်ဆင့် တိုးတက်ပြောင်းလဲ ခဲ့ပါတယ်။ ဒဿန ပညာရှင်တွေက ဦးဆောင်ခဲ့ကြပါတယ်။ အတွေးခေါ် ပညာရှင် **အရစ္စတိုတယ်** က ပြဇာတ်ကို ခွဲခြားပြခဲ့တယ်ဆရာ။ သရုပ်ဆောင် ကဗျာ၊ ဘာသာဗေဒ၊ အတွေး၊ ဆက်တင်ကဗျာ သူတို့ ဆင့်ကဲ ပြောင်းလဲခဲ့တယ်။ ပြဇာတ် အမျိုးအစားတွေ ဆိုရင်လည်း tradgy ဒဏ္ဍာရီ၊ commomdy လူမှုသဘာဝပတ်ဝန်းကျင်၊ higer commomdy, lower commomdy ကျွန်တော်တို့ဆီမှာ ဇာတ်လုံး သုံးတဲ့ ဇတ်ညွှန်း မျိုးတွေပေါ့ဆရာ။ opera, modern musical commondy, theisis play, philosophycal play စသဖြင့် ကွဲကွဲပြားပြား သတ်မှတ်ထားကြပါတယ်။

မြန်မာပြည်မှာ (၁၉) ရာစုလောက်က ဇာတ်သဘင်ကို နှစ်မျိုး ခွဲခြားထားတာ တွေ့ရပါတယ်။ အနိမ့်သဘင် လူကိုယ်တိုင်ကပြတာ၊ အမြင့်သဘင် ရုပ်သေးတို့ ဖြစ်ပါတယ်။ ကိုလိုနီခေတ်မှာ ခေတ်ပေါ် ပြဇာတ် ပေါ်လာတယ်။ commomdy လို့ ဆိုရမှာပေါ့။ သေဿရာဇာ

သရုပ်ခွဲတာမျိုး ခုထိမရှိသေးပါဘူး။ ဇတ်ညွှန်းတွေအပေါ်မှာ အသေးစိတ် သုတေသနပြုတာမျိုး မရှိဘူး။

အနောက်တိုင်းမှာလည်း ပရိတ်သတ်အကြိုက် commercial ဆိုတာ ရှိလာပါတယ်။ ဒါပေမယ့် သက်ဆိုင်ရာပြဇာတ် အမျိုးအစား အလိုက် ရှင်သန်ရပ်တည်နိုင် ခဲ့ကြပါတယ်။ ဘာကြောင့် ရှင်သန်နိုင်သလဲ စနစ်တကျ သုတေသန ပြုစုတယ်။ ဇတ်ညွှန်းရေးဆရာများရဲ့ အခန်းကဏ္ဍက အရေးပါနေခဲ့လို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာက သရုပ်ဖော်ဆောင်တွေကသာ ဦးဆောင်လေ့ရှိကြတယ်။ သူတို့ကိုယ်တိုင် ဒါရိုက်တာ ဇတ်ညွှန်းရေးဆရာတွေ လုပ်ကြတော့ ဘယ်လိုစနစ်တကျ ကြီးထွားတော့မလဲ။

မျိုး။ ။အခုလူတွေက အရေးကြီးတဲ့အချက်ကို သတိမမူမိကြဘူး။ ကိုယ့်နိုင်ငံ ဘာဖြစ်လို့ တိမ်ကောလဲ။ အဖြေရှာမရ အားမလိုအားမရ ဖြစ်ရုံကလွဲပြီး မလုပ်တတ်မကိုင်တတ် ဖြစ်နေကြရပါတယ်။

စိုး။ ။ ပြဿနာ တော်တော်များများကို ဖြေရှင်းတဲ့အခါမှာ ဘယ်နေရာကိုပြင်ရမလဲ၊ ဘယ်ကစပြင်ရမလဲ မသိတော့ ဘဲဥအစရှာမရ ဖြစ်လေ့ရှိကြပါတယ်။

မျိုး။ ။အစိုးရရဲ့ အခန်းကဏ္ဍလည်း အရေးကြီးပါတယ်။ သီအိုရီအရ လေ့လာပြီး ဘယ်လိုထိန်သိမ်း မြှင့်တင်မလဲ၊ ဘယ်အဝိုင်းတွေကို

ပံ့ပိုးပေးရမလဲ သိရှိဖို့လိုပါတယ်။ ပြဇာတ်စာပေ ထွန်းကားဖို့အတွက် ဘာတွေများ လိုအပ်မလဲ ဆွေးနွေးပေးပါဦး။

စိုး။ ။အနုပညာဆိုတာ ပါရမီရှိမှဖြစ်ပါတယ်။ တကယ်ပါရမီရှိတဲ့ သူတွေကို အရင်ရှာရပါမယ်။ ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာ ဒီနှစ်မျိုး အဓိက လိုအပ်ပါတယ်။ ကိုလိုနီခေတ် မြန်မာ့ရုပ်ရှင် အစဦးကာလမှာ စာရေးဆရာ အယ်ဒီတာ နာမည်ကြီးတွေက ရုပ်ရှင်ဒါရိုက်တာတွေ အဖြစ် ပင်ရောက်လုပ်ကိုင်ခဲ့ကြ ပါတယ်။ ဒါကြောင့်လဲ မြန်မာ့ရုပ်ရှင် အစကောင်းခဲ့တာပေါ့။ ခုနောက်ပိုင်း တွေ့ရလူဇာတ်ညွှန်းရေး တွေ့ရ လူ ဒါရိုက်တာလုပ်ဆိုတော့ ပျက်သွားပြီပေါ့ဆရာ။ ဇာတ်သဘင်နဲ့ အလားတူပါပဲ။ မြန်မာ့ရုပ်ရှင် အကျဘက်ကို ရောက်နေသော်ငြားလည်း မင်းသား၊ မင်းသမီးတွေကတော့ ပင်ငွေ ဒေသာက်ဒေသာက်လဲ ရနေတုန်း ပါပဲ။

အစိုးရအနေနဲ့ ပင်ရောက်စွက်ဖက်တတ်ဖို့ လိုပါတယ်။ ဇာတ်သဘင်မြှင့်တင်ရေး အစည်းအဝေးတစ်ခု ကျွန်တော် မထင်မှတ်ပဲ တက်ခဲ့ဖူးတယ်။ အဲဒီမှာ အများစုက ဇာတ်မင်းသား ဇာတ်မင်းသမီးတွေ ဖြစ်နေတယ်။ သူတို့က ဆက်တင်အကြောင်းပဲ ဦစားပေးပြောကြ ပါတယ်။ အနုပညာအဆင့်အတန်း ပြဇာတ်စာပေ အဆင့်အတန်းကို သိပ်မပြောကြဘူး။ ဇာတ်ညွှန်းဆိုတာ သာမညလို့ ထင်ကြပုံ ပေါ်ပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိသူတွေ အဓနနဲ့ ဘယ်သူတွေဆီ အကြံတောင်းရမလဲ မသိကြပါဘူး။ ဒါရိုက်တာ ပါရမီရှင်တွေ

စာရေးဆရာ ပါရမီရှင်တွေကို ရှာဖွေဖော်ထုတ်ပြီး အသုံးချတတ်ဖို့ လိုပါတယ်။

ကျွန်တော်တို့ဆီမှာ အစိုးရက သုတသန ပညာရှင်တွေ ခန့်ထားပြီး ဂင်ဧရောက်စွက်ဖက်မှု ပြုလုပ်မယ့်အစား တိုက်ရိုက်ပါဂင် ဆောင်ရွက်လေ့ ရှိပါတယ်။ ဂန်ကြီးဌာနကိုယ်တိုင် ဇာတ်ထောင် ထားတယ်ဆရာ။ အစိုးရဌာနတွေက ပြည်သူတွေကို ဂေဖန်ထောက်ပြရ မှာ၊ အခုတော့ ပြင်ပညာရှင်တွေက အစိုးရဂန်ထမ်းတွေကို ပြန်ပြီး ထောက်ပြဖန်ကြရတယ်။ ဘယ်သူကဦးဆောင်ပြီး ဘယ်သူက ထိန်းသိမ်းကြတော့မလဲ။ ဂန်ထမ်းဟာ အနုပညာသည် မဖြစ်နိုင်ပါဘူး။ အချိန်တန် လစာရတဲ့သူဟာ အနုပညာဖန်တီးမှု မလုပ်ဆောင်နိုင် ဘူးလို့ ယူဆမိပါတ့ယ်။ လေ့ကျင့်သင်ကြားရေး ဆရာတော့ ဖြစ်ကောင်း ဖြစ်မှာပေါ့။ အစိုးရအနေနဲ့ ဂင်ဧရောက် စွက်ဖက်မှုက အကောင်းဆုံးဖြစ် တယ်ဆိုတာ သိသင့်ပါတယ်။ ပြည်သူတွေ လုပ်ကိုင်ဆောင်ရွက်နေတဲ့ အခြေအနေကို စောင့်ကြည့်လေ့လာပြီး ဒီဇနရာမှာတော့ အားနည်းဇန ပြီ၊ ဘယ်လိုအခွင့်အလမ်း ဖန်တီးမလဲ၊ ဘာတွေ သင်ကြားပေးသင့် သလဲဆိုတာ အစိုးရတာဂန် ဖြစ်ပါတယ်။

နိုင်ငံတကာမှာ အစိုးရလုပ်ကိုင်တာတွေ ရှိတယ်လို့ ငြင်းချက် ထုတ်ရင်တော့ရပါတယ်။ သူတို့က အစိုးရ ဘတ်ဂျက်နဲ့ လွတ်လပ်တဲ့ အဖွဲ့အစည်းမျိုးဖေါ့။ ဒီဇနရာမှာ အကြီးအကဲဟာ နိုင်ငံတကာအဆင့် စီအီးအို ငှားရမ်း လုပ်ကိုင်ရပါတယ်။

မိုး။ ။ ဇာတ်သဘင်မြှင့်တင်ရေး အစည်းအဝေးဆိုရင် မင်းသားတွေပဲ တက်လာတာတွေ့ဖူးပါတယ်။ ဇာတ်ညွှန်းဟာ အဓိကအကျဆုံးဖြစ်ပါတယ်။ ကိုးရိုးယားကားတွေမှာ သရုပ်ဆောင်တွေက အတူတူတွေပဲ၊ ဒါဝေပမယ့် မတူညီတဲ့ ကားတွေမှာ မတူညီတဲ့ပုံစံနဲ့ မတူညီတဲ့ ဇာတ်လမ်းတွေကို သရုပ်ဆောင်ကြတယ်။ ကိုးရိုးယားဆိုတာ ဇမ္ဗသွားတယ်။ လူမှုဘဝတွေကို ကြည့်ကြတာကို ကျွန်တော်တို့မှာလဲ တူညီတဲ့ ပြဿနာတွေရှိကြတော့ ကိုယ်ကိုယ်တိုင် ပါဝင်သွားတယ်။ သူတို့ပေးတဲ့ ဟာတွေကို ရနေတာပေါ့။ ဒဿနတွေအောက်မှာ မျောသွားရတယ်။

ဒါနဲ့ စဇလဦးပုညရဲ့ ဇရသည်ပြဇာတ်ကို မှတ်မိမှာပါ။ ဆယ်တန်းသင်ရိုးမှာ ပါတာပေါ့။ တကယ် တန်းမှိတဲ့ ပြဇာတ်တစ်ခုပါ။ နိဂံးတကာနဲ့ ရင်ဇောဘင်တန်းနိုင်ပါတယ်။ ဆရာဇဆွေးဇနွေးပေးပါဦး။

စိုး။ ။ဇရသည်ပြဇာတ်ကို ဇကောင်းဇကောင်းသိပါတယ်။ မူရင်း ဒဏ္ဍာရီကို ပြဇာတ်ပြန်ရေးတာပါ။ ရိုတ်စပီးယားလိုပါပဲ။ သူဇစတ်နဲ့ ဆိုရင် တန်းမိပါတယ်။ နောက်ပိုင်း ဇာတ်သဘင်တွေကျတော့ ဇာတ်ညွှန်းဇရေးသူ မထင်ရှားဇတော့ပါ။ မင်းသားတွေက လွှမ်းမိုးမှုများသွားပါတယ်။ ဒီနေရာမှာ ထိန်းကြောင်းမဲ့သူလည်း မရှိဘူးပေါ့။

မိုး။ ။နည်းပညာလိုသလို ဇာတ်ညွှန်းရေးသူဇတွေ လိုပါတယ်။ သူတို့အခန်းဇပျောက်ဇနတယ်။ ရုပ်ရှင်မှာလည်း မင်းသားမင်းသမီးနဲ့အဆင်ပြေသူသုံး၊ ဒါရိုက်တာတွေကလည်း ဇာတ်ညွှန်းအတိုင်း ရိုက်ချင်မှရိုက်တယ်။ အဆင်ပြေသလို ရိုက်ကြတယ်။ ရုပ်ရှင်လောကပါ ကျရှုံးသွားရပါတယ်။

စိုး။ ။နောက်တစ်ချက် ပြောချင်ပါတယ်။ မြန်မာနှစ်ပါးသွားမှာ ရိုးရာ အစဉ်အလာအရ မင်းသားနဲ့မင်းသမီးဟာ ပုဂါတစ်ကမ်း လက်တစ်လှမ်း က ကပြကြရပါတယ်။ ကိုလိုနီခေတ် ဦးဖိုးစိန် လက်ထက်မှာ မင်းသား ကတဲ့ ပုံစံဘက်ပြောင်းသွားတာ၊ ခြေကွက်တွေပေါ်လာတာ၊ မင်းသားက မင်းသမီးကို ဖက်တဲ့အဆင့် ရောက်လာတာ၊ တကယ်တော့ မင်းသမီး အစစ် မဟုတ်သေးပါဘူး။ ယောကျ်ား မင်းသမီး အောင်ဗလနဲ့ တွဲကတာ ဖြစ်ပါတယ်။ အဲဒီကစလို့ မင်းသားအကဟာ ယောကျ်ားပုံစံထက် မိန်းမဆန်တဲ့ဘက်ကို ရောက်သွားပါတယ်။ အရင်ခေတ်က မရှိခဲ့ဘူး။ ဒါကို ရိုးရာ မင်းသားအကလို့ လက်ခံလိုက်ကြတယ်။ ဖြစ်သင့်တာက ဦးဖိုးစိန် တီထွင်တာကို ခေတ်ပေါ် (ဂရိတ်ဖိုးစိန်အက) စသဖြင့် နာမည် ပေးထားပြီး အကတစ်မျိုး သတ်မှတ်ရပါမယ်။ နိုင်ငံတော်အဆင့် ကပြတဲ့ ရိုးရာနှစ်ပါးသွားဆိုရင် ပုဂါတစ်ကမ်း လက်တစ်လှမ်း သရုပ် ဆောင်ပြီး မြန်မာ့ရိုးရာ ဂန္ဓဂင်အကဆိုပြီး ခွဲခြားထားသင့်ပါတယ်။ ဒါမှ နိုင်ငံတကာကို ပြသတဲ့နေရာမှာ ဂုဏ်ရှိမှာပေါ့။ အနောက်တိုင်းမှာလည်း Disco အက၊ Punk အက၊ Pop အက စသဖြင့် အမျိုးအစား ခွဲထား ကြတာပါပဲ။ တီထွင်မှုမှာ အမျိုးအစားလိုပါတယ်။ အစိုးရဘက်က လမ်းညွှန်ရမယ့်သူတွေ ဦးဆောင်မှု ပြုရမဲ့သူတွေက နာမည်ကြီးတွေရဲ့ နောက်ကိုလိုက်ပြီး အတည်ပြုပေးလိုက်ကြတော့ ရှင်းမဖြစ်ကုန် တာပေါ့။

မျိုး။ ။အကဟာ ကုန်းဘောင်ခေတ်မှာ ရပ်သွားတယ်တဲ့။ နောက် ထပ် ပေါ်မလာတော့ဘူးလို့ ဆိုကြပါတယ်။ တလောက လှည်းတန်း ဈေး ကထိန်တစ်ခုမှာ ကခနေကြတာ တွေ့မိပါတယ်။ စထရိဒန့်ပုံမျိုး ကနေကြတယ်။ နိုက်ကလပ်သီချင်းမျိုးနဲ့ ကထိန်မှာ ဘာတွေဖြစ်နေကြ

လဲ။ ဒီလိုသာ ကနေကြရင် မြန်မာတွေအတွက် ရှက်ဖို့ ကောင်းပါတယ်။ ကျင်းပတာက ဗုဒ္ဓဘာသာပွဲတော်၊ ကနေတာက အနောက်တိုင်းအက ကြည့်ရဆိုးပါတယ်။ ကျွန်တော် ပုဂံရောက်တော့ မြစေတီကျောက်စာ နားကဘုရားပွဲမှာ ဖွင့်ထားတဲ့သီချင်းတွေက အနောက်တိုင်းသီချင်းကို ကော်ပီလုပ်ထားတဲ့ သီချင်းတွေချည်းပဲ။

စိုး။ ။နိုင်ငံတကာမှာ ရိုးရာအကကို သူ့နေရာနဲ့သူ ကကြပါတယ်။ တချို့ ခေတ်ပေါ်ပါတီတွေမှာ ခေတ်အကဖေါ်။ နှစ်ကျိပ်ရှစ်ဆူ လှည့်တာ လည်း တော်တော်ဆိုးနေပြီ။ အစိုးရရဲ့ ဂင်ရောက်စွက်ဖက်မှု လိုနေပါ တယ်။ အခု တာဂန်ရှိသူတွေက ပြည်သူရဲ့အနောက်မှာပဲ ရောက် နေတယ်။

နိုင်ငံခြားမှာ ရိုးရာတင်ဆက်မှုတချို့ကို မိုက်ခရိုဖုန်း မသုံးဘူး။ တကယ့်ရိုးရာစစ်စစ် ကကြပါတယ်။ ယဉ်ကျေးမှုကို ထိန်းတဲ့နေရာမှာ ရိုးရာစစ်စစ်ကိုပြန်ပို့ နိုင်ငံတကာလက်ခံပြီး စျေးကွက်တစ်ခု ရရှိမှာပါ။ စီးပွားဖြစ်အများကြီးက် စျေးကွက်မှာ ကပြနေတဲ့ဇာတ်တွေဟာ ရိုးရာ မဟုတ်ဘူး။ သူတို့ တိမ်ကောသွားတာ ပြဿနာမဟုတ်ပါ။ စျေးကွက်ဆို တာ ခေတ်အလိုက်ပြောင်းသွားမှာ ဖြစ်ပါတယ်။

မျိုး။ ။ တစ်ရက်က ဆရာဖုန်းလှမ်းဆက်တယ်။ ရုပ်မြင်သံကြားမှာ တင်ဆက်နေတဲ့ ကဇလးအစီအစဉ်မှာ ကဇလးတွေ ကနေကြတာ မှားနေတယ်။ သီချင်းကလည်း ကဇလးတွေနဲ့ မလိုက်ဖက်ဘူး။ သရုပ်ပျက်နေတာပေါ့။ ခက်တယ်ဆရာ။ လုပ်နေကြတဲ့ လူတွေကလည်း

မသိ၊ ကျကျနန သိအိုရီကိုအခြေခံပြီး ထုတ်လုပ်ကြတာမဟုတ်ပါ။ ကျွန်တော် ပြင်သစ်သံရုံးမှာ ကြည့်ဖူးတယ်။ အသံတောင်မပါဘူး။ တင်ဆက်သူတွေ အနုပညာမြောက်တော့ စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ဆရာဖြောတဲ့ နှစ်ပေါင်းရုနှစ်ရာ နောက်ကျတယ်ဆိုတော့ တော်တော် ပမ်းနည်းသွားတယ်။ အခုချိန် လုပ်နိုင်သလောက် လုပ်ကြရမှာပေါ့။ ယဉ်ကျေးမှုတက္ကသိုလ် ရှိနေတာပဲ။ ပြဇာတ်နဲ့ ပြဇာတ်စာပေ ရှင်သန်ဖွံ့ဖြိုးလာအောင် တစ်ကပြန်စမယ်ဆိုရင်လည်း စကြတာပေါ့။ ဝိုင်းဝန်းလုပ်ဆောင် ကြရမှာပေါ့။

စိုး။ ။ နောက်ဆုံး မြန်မာမင်းတွေလက်ထက် ဇာတ်သဘင်နဲ့ ပတ်သက်လို့ ဂင်ဇောက်စွက်ဖက်မှုကို ပြောချင်ပါတယ်။ သက္ကရာဇ် ၁၁၃၈ ဘိုးတော်မင်းတရားကြီး၏ အမိန့်တော်အရ မြေနန်းမြောက် ဆောင်တွင် သဘင်တို့၏ နည်းလမ်းစည်းကမ်းများကို တိကျမှန်ကန်စွာ မှတ်သားထားသော ပုရပိုဒ်မှူး၊ ပေမှူတို့ကို သဘင်ဝန်ကြီး မင်းလှဦးစနာဘွဲ့ခံ ဦးပိုးဖြူ၊ ဒုသဘင်ဝန် ပညာကျော်ဘွဲ့နှင့် ပန်းရုနှစ် ရွာစားဦးတုတ် တို့ကို ဓေါ်ယူမေးစစ် မှတ်သားစေပြီး အမိန့်တော် ချမှတ်ခဲ့ဘူးပါတယ်။ သဘင်တွင် အနိမ့်သဘင်၊ အမြင့်သဘင်၊ အတီးသဘင်၊ အဆိုသဘင် ဟု လေးမျိုးရှိရမည်။ ကပြရမည့် ဇာတ်များမှာ ကုန်ဘုဝ၊ သျှကုန်ခလာ၊ ရာမယန စသည့် ဇာတ်ကြီးများ၊ ဝိဇယ စသည့် မဟာဝင်များကိုသာ ကပြရမည်။ ထိုးဇာတ် လုပ်ဇာတ်များ မကရ၊ သီချင်းများမှာ တောတောင်၊ ဇရေမြေ၊ ရာသီဥတု စသောတေးဘွဲ့များ၊ သံဃဂနှင့်ဆိုင်သော ကဗျာများသာ ဆိုင်ကပြရမည်။ ကဗျာလင်္ကာ

စီကုံးရာတွင် အအုပ် အစံ ကာရန်ဝါကျ မညီညွတ်ခြင်း၊ ဂိုက်း မလွတ်ခြင်း၊ ဘာသာသာသနာကို ထိခတ်ခြင်းများ သိဆိုမှုမရှိစေရ။ ကျွေးလွန်ပါက ဧရေးသူအား လက်ကိုအပြစ်ပေးစေ၊ ဆိုသူအား လျှာကို အပြစ်ပေးစေဟု အမိန့်ချမှတ်ခဲ့ပါတယ်။ စစ်ကိုင်းမင်း လက်ထက်မှာလည်း စည်းကမ်းထုတ်ခဲ့ပါတယ်။ မြန်မာမင်းတွေဟာ ဇာတ်သဘင်ကို အဇလးထားမှန်း သိသာပါတယ်။ ဘာလုပ်ရမယ်ဆိုတာလည်း သိပုံပေါ်ပါတယ်။

မိုး။ ။ဆရာရဲ့ နိဂုံးစကားပြောပေးပါဦး။

စိုး။ ။ကျွန်တော်တို့ ယဉ်ကျေးမှုဇလေ့တစ်ခုက ဘာကိုအလေးပေးရမလဲ၊ တန်ဖိုးထားရမလဲ မသိကြပဲ အများကြိုက်ကို အမှန်ထင်ကြတဲ့ ပြဿနာဖြစ်ပါတယ်။ တာဝန်ရှိသူတွေဘက်က ဒါကိုနားလည်ပြီး ထိန်းကြောင်း လမ်းပြပေးသွားသင့်တယ်လို့ ထင်ပါတယ်။

၁၅

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု

မျိုး။ ။ ကျန်းမာရေးနဲ့ ပတ်သက်လို့ ဘယ်လိုအပိုင်းတွေကို ဆွေးနွေးမလဲ ရှင်းပြပေးပါဦး။ အခြေခံကျတဲ့ ကျန်းမာရေးမှာ ပြဿနာတွေ ရှိနေပါတယ်။ နိုင်ငံတကာမှာဆိုရင် အစိုးရရဲ့ဆောင်ရွက်ချက် ကောင်းမကောင်း ကျန်းမာရေး အသုံးစရိတ်ကိုကြည့်ပြီး ဆုံးဖြတ်ကြတယ်။ ကျွန်တော်တို့မှာ ဆရာဝန်နဲ့ ဆေးဝါးမပြည့်စုံပဲ နေခဲ့ကြရပါတယ်။ ဒီလိုမျိုး အားနည်းချက်တွေကြောင့် အာရှတိုက်မှာ ဒုတိယအဆင်းရဲဆုံးနိုင်ငံ ဖြစ်နေရတယ်လို့ ထင်ပါတယ်။ အကျိုးမဲ့အကြောင်းမဲ့တော့ မဟုတ်ဘူး။ ပညာရေး ကျန်းမာရေး အဖက်ဖက်က အားနည်းချက်တွေကြောင့် ဖြစ်ရတာပါ။

စိုး။ ။ ကျန်းမာရေးနဲ့ ပတ်သက်လို့ ပြည်သူတွေဆီက အသံတွေ ကျယ်ကျယ်လောင်လောင် ထွက်နေတာ နှစ်တွေကြာပါပြီ။ ဒါကြောင့် အစိုးရသစ် ၂၀၁၀-၂၀၁၅ ကာလမှာ ရံပုံငွေတွေ ပိုမိုသုံးစွဲလာခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ကျပ်သန်းပေါင်း ၆ သိန်း သုံးစွဲခဲ့တယ်လို့ အင်တာနက်မှာ တွေ့တယ်ဆရာ။ ဒီလိုသုံးစွဲခဲ့တော့ efficiency ထိရောက်မှု ရှိသလား၊

ဘယ်လိုလူတန်းစားတွေကို အဆင်ပြေစေခဲ့သလဲ သိဖို့လိုလာပါပြီ။ ဒါမှ နောင်သုံးစွဲမယ့် နိုင်ငံ့ဘဏ္ဍာအတွက် အလေအလွင့်မဖြစ်အောင် သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်လို့ အဓိက အကြောင်းရင်း နှစ်မျိုးတွေ့ပါတယ်။ မြန်မာနိုင်ငံသားတွေ နိုင်ငံခြားထွက်ပြီး ဆေးကုကြတာနဲ့ ဆင်းရဲသားပြည်သူလူထု အခက်အခဲတို့ဖြစ်ပါတယ်။ ဆရာအမြင်မှာကော ကျန်းမာရေး အသုံးစရိတ်တွေ ဝိုမိုသုံးစွဲလာတဲ့ ကာလမှာ နိုင်ငံခြား ဆေးသွားကုတဲ့နှုန်း ကျသွားတယ်လို့ မြင်ပါသလား။

မျိုး။ ။ကျွန်တော်ကတော့ လျော့ကျသွားတယ်လို့ မမြင်ပါဘူး။ ပိုပြီးတော့တောင် တိုးလာတယ်လို့ မြင်ပါတယ်။

စိုး။ ။ဟုတ်ပါတယ်၊ ကျွန်တော်လည်း ဒီလိုပဲမြင်ပါတယ်။ ဧရာဂါရှာဖွေရေး ကရိယာတွေဟာ ထိုင်း၊ စင်္ကာပူ စတဲ့ အိမ်နီးချင်း နိုင်ငံတွေကို မမှီဝဲသေးပါဘူး။ ဆရာဝန်တွေရဲ့ ဆက်ဆံရေးဟာလည်း ထိုင်း၊ စင်္ကာပူတို့ကို မမှီဖူးလို့ တွေ့ရပါတယ်။ ဆရာဝန်တွေကလည်း ကန့်သတ်ချက်ရှိပါတယ်။ ဧဆေးရုံတွေမှာ လူနာများတာကြောင့် အချိန်ပေးနိုင်မှု နည်းပါတယ်။ အစိုးရဆေးရုံ၊ ပုဂ္ဂလိကဆေးရုံ၊ ပြင်ပဧဆေးခန်း ဒီဆရာဝန်တွေပါပဲ။ ပုဂ္ဂလိကဧဆေးရုံတွေ ဖွင့်ထားပေမယ့် သာမာန်ဧရာဂါတွေ လောက်ပဲ ကုနိုင်တာ တွေ့ရပါတယ်။

မျိုး။ ။ ဆရာပြောတာက ဆရာဝန်တွေက ဧဆေးရုံဧဆေးခန်း များစွာမှာ လုည့်ထိုင်နေကြတော့ အချိန်မပေးနိုင်။ လူနာတွေက ဧဆွေးဧနွေးချင်တယ်။ ဆရာဝန်က မဧဆွေးဧနွေးနိုင်၊ အမှားအယွင်းဧတွေပေါ် စွပ်စွဲစရာဧတွေ ဖြစ်လာတာပေါ့။ ပုဂ္ဂလိကဧဆေးရုံတွေ ဆိုတာကလည်း သာမာန်

ဆင်းရဲသားတွေ အတွက်ကျတော့ မကုသနိုင်ကြပါဘူး။ အစိုးရ ဆေးရုံတွေကိုသာ အားကိုးကြရပါတယ်။ ဆင်းရဲသားလူနာတွေကို ဘယ်လို စောင့်ရှောက်မှုမျိုး ပေးသင့်ပါသလဲ။

စိုး။ ။အခုထိတော့ ဆင်းရဲသား နာတာရှည်လူနာတွေနဲ့ ပတ်သက်လို့ သိပ်အဆင်မပြေပါ။ ဆေးဝါးအဓမ္မပေးတယ် ဆိုပေမယ့် ရောဂါရှာဖွေဖို့ တန်းစီရတာမျိုး၊ အထူးကုတွေပြသရာမှာနဲ့ ဆေးစစ်ရာမှာ ပြဿနာတွေရှိပါတယ်။ ဆေးရုံတစ်ခုကနေ နောက်တစ်ခုထိ ဆရာဝန်ရဲ့ ညွှန်ကြားချက်တို့ ဆေးစစ်ချက်တို့ သွားယူရတာမျိုးတွေမှာ အခက်အခဲတွေအများကြီး ရှိကြပါတယ်။ နာတာရှည် ရောဂါသည်တွေဟာ အိမ်ပေါင်ယာပေါင်နဲ့ ဆေးကုနေကြရတာ ဖြစ်ပါတယ်။ ဆေးရုံတက်နေရင်း ထမင်းစားဖို့တောင် အခက်အခဲရှိကြပါတယ်။ အဓမ္မရတာက ဆေးတစ်မျိုးတည်း ဖြစ်ပါတယ်။ ဒီဓနရာမှာတောင် မညီမျှတာမျိုးတွေ့ရပါတယ်။ နမူနာပြရရင် နာတာရှည် အသည်းရောဂါအတွက် ဆေးဟာ အလွန်ဈေးကြီးပါတယ်။ အသည်းဆေးရုံမှာ ပြည့်စုံပေမယ့် အမျိုးသမီးဆေးရုံမှာ အသည်းရောဂါဖြစ်နေတဲ့ လူနာအတွက်ကျ ပြန်တော့ ဒီဆေးမျိုး မရနိုင်တော့ပါ။ ကျွန်တော်တို့ စနစ်တကျ လေ့လာမယ်ဆိုရင် သုံးစွဲတဲ့ငွေနဲ့ ထိရောက်မှုဟာ မလုံလောက်တာ တွေ့ရပါတယ်။

မျိုး။ ။ဘယ်လို ဆောင်ရွက်မှုမျိုးတွေလုပ်ဖို့ လိုအပ်ပါသလဲ။ တလောက ရန်ကုန်ဆေးရုံကြီး မြေနေရာပေါ်မှာ ပုဂ္ဂလိကဆေးရုံဆောက်ဖို့လုပ်ကြလို့ ကန့်ကွက်သံတွေ ကြားလိုက်ရပါတယ်။

ဆင်းရဲသားတွေ အတွက်ကျတော့ မကုသနိုင်ကြပါဘူး။ အစိုးရ ဆေးရုံတွေကိုသာ အားကိုးကြရပါတယ်။ ဆင်းရဲသားလူနာတွေကို ဘယ်လို စောင့်ရှောက်မှုမျိုး ပေးသင့်ပါသလဲ။

စိုး။ ။အခုထိတော့ ဆင်းရဲသား နာတာရှည်လူနာတွေနဲ့ ပတ်သက်လို့ သိပ်အဆင်မပြေပါ။ ဆေးဂါးအခမဲ့ပေးတယ် ဆိုပေမယ့် ရောဂါရှာဖွေဖို့ တန်းစီရတာမျိုး၊ အထူးကုတွေပြသရာမှာနဲ့ ဆေးစစ်ရာမှာ ပြဿနာတွေရှိပါတယ်။ ဆေးရုံတစ်ခုကနေ နောက်တစ်ခုထိ ဆရာဝန်ရဲ့ ညွှန်ကြားချက်တို့ ဆေးစစ်ချက်တို့ သွားယူရတာမျိုးတွေမှာ အခက်အခဲတွေအများကြီး ရှိကြပါတယ်။ နာတာရှည် ရောဂါသည်တွေဟာ အိမ်ပေါင်ယာပေါင်နဲ့ ဆေးကုနေကြရတာ ဖြစ်ပါတယ်။ ဆေးရုံတက်နေရင်း ထမင်းစားဖို့တောင် အခက်အခဲရှိကြပါတယ်။ အခမဲ့ရတာက ဆေးတစ်မျိုးတည်း ဖြစ်ပါတယ်။ ဒီဇနရာမှာတောင် မညီမျှတာမျိုးတွေ့ရပါတယ်။ နမူနာပြရရင် နာတာရှည် အသည်းရောဂါအတွက် ဆေးဟာ အလွန်ဈေးကြီးပါတယ်။ အသည်းဆေးရုံမှာ ပြည့်စုံပေမယ့် အမျိုးသမီးဆေးရုံမှာ အသည်းရောဂါဖြစ်နေတဲ့ လူနာအတွက်ကျ ပြန်တော့ ဒီဆေးမျိုး မရနိုင်တော့ပါ။ ကျွန်တော်တို့ စနစ်တကျ လေ့လာမယ်ဆိုရင် သုံးစွဲတဲ့ငွေနဲ့ ထိရောက်မှုဟာ မလုံလောက်တာ တွေ့ရပါတယ်။

မျိုး။ ။ဘယ်လို ဆောင်ရွက်မှုမျိုးတွေလုပ်ဖို့ လိုအပ်ပါသလဲ။ တဇလာက ရန်ကုန်ဆေးရုံကြီး မြေနေရာပေါ်မှာ ပုဂ္ဂလိကဆေးရုံဆောက်ဖို့လုပ်ကြလို့ ကန့်ကွက်သံတွေ ကြားလိုက်ရပါတယ်။

စိုး။ ။မြို့တော်ရဲ့ဗဟိုမှာ အရေးကြီးတဲ့ လုပ်ငန်းတွေစုနေတာ သိပ်ဘဝင်မကျဘူးဆရာ။ ရန်ကုန်ဆေးရုံကြီးကိုပဲ နမူနာထားရအောင်ပါ။ အဓိက လမ်းမကြီးတွေဖြစ်တဲ့ ပြည်လမ်း၊ ကမ္ဘာအေးဘုရာလမ်း တွေက သတိထားကြည့်ရင် ရန်ကုန်ဆေးရုံကြီးကို တက်လာကြတဲ့ လူနာတင်ယာဉ်အသံတွေ ကြားနေကြရပါတယ်။ အခုလို လမ်းကြောပိတ်ဆို မှုမျိုးနဲ့ အခက်အခဲအများကြီး ရှိတာပေါ့။ ရန်ကုန် ဆင်ခြေဖုန်းဆေးရုံတွေကို အဆင့်မြှင့်ဖို့ လိုပါတယ်။ နယ်မြို့ကြီးအများစုကိုလည်း အဆင့်မြှင့်ဖို့ လိုပါမယ်။

မျိုး။ ။ဟုတ်ပါတယ်၊ ဖြစ်သင့်တာက အင်းစိန်ဆေးရုံ၊ အနောက်ပိုင်းဆေးရုံတွေကို ရန်ကုန်ဆေးရုံကြီးနည်းတူ ကရိယာတန်ဆာပလာအစုံဆရာဝန်အပြည့်အစုံနဲ့ ထားသင့်ပါတယ်။ နယ်တွေကိုလည်း အလားတူ အဆင့်မြှင့်ဖို့ လိုပါတယ်။ အခုတော့ အနယ်နယ်အရပ်ရပ်က ရန်ကုန်ဆေးရုံကြီးကို ဦးတည်လာနေကြတော့ မနိုင်ဝန်တွေဖြစ်ကုန်တာပေါ့။

စိုး။ ။ကျန်းမာရေးအသုံးစရိတ်တွေနဲ့ ပတ်သက်လို့ လတ်တလော ဆောင်ရွက်ချက်တွေကို ကြည့်ရင် အဓိကအားဖြင့် ဥပတိရုပ်ကျဆင်းနေတာကို အရင်ဆုံးပြုပြင်တာ တွေ့ရပါတယ်။ ဆေးရုံတွေသန့်သန့်ရှင်း ဖြစ်လာပါတယ်။ နောက်တစ်ခုက ဆေးဝါးအခမဲ့ ရရှိရေးဆောင်ရွက်တာ တွေ့ရပါတယ်။ ဒါကြောင့် အရေးပေါ်လူနာတွေအတွက် အထူးအဆင်ပြေပါတယ်။ အောင်မြင်တယ်လို့ လက်ခံနိုင်ပါတယ်။ ဒါဖေမယ့် ပြဿနာအသစ် ပေါ်လာပြန်ပါတယ်။ ဆေးဝါးပြည့်စုံတယ် အဆင်ပြေတယ်ဆိုပြီး ရန်ကုန်အပါဝင် မြို့ကြီးတွေက ဆေးရုံကြီးတွေမှာ လူနာတွေ အလုံးအရင်းနဲ့ ဝင်ရောက်လာပါတယ်။ ဆရာဝန်နဲ့ သူနာပြုတွေ ဆေးရုံဝန်းထမ်းတွေအတွက် မနိုင်ဝန်ဖြစ်လာပါတယ်။ ဒါဟာ ရေတို

ဖြေရှင်းနည်းကို အသုံးပြုလိုက်တဲ့အတွက် ဖြစ်ပါတယ်။ မူလက ဆရာဝန် မလုံလောက်တဲ့ အခြေအနေမှာ လူနာတွေ အလုံးအရင်းနဲ့ ရောက်လာတော့ ရေရှည်မှာ တောင့်ခံဖို့ မလွယ်ဘူး ထင်ပါတယ်။

မျိုး။ ။ဆရာဝန်မလုံလောက်သလို သူနာပြုလည်း မလုံလောက်တာ တွေ့ရပါတယ်။ သူနာပြုတက္ကသိုလ်ကလည်း လုံလောက်အောင် မွေးထုတ်မပေးနိုင်ဘူး။ ပဂ္ဂလိကဆေးရုံတွေမှာလည်း သူနာပြု မလုံလောက်တာ တွေ့ရပါတယ်။ သူနာပြု အကူသင်တန်းလောက်သာ ဖွင့်ခွင့်ပြုထားတော့ လိုအပ်ချက်တွေ ရှိပါတယ်။ သူနာပြု သင်တန်းကျောင်းတွေကို ဥပဒေနဲ့အညီ ဖွင့်ခွင့်ပြုသင့်ပါတယ်။ ပဂ္ဂလိကဆေးရုံတွေကလည်း နိုင်ငံတကာနဲ့ပေါင်းပြီး ဖွင့်ချင်ကြပါတယ်။

စိုး။ ။ ကျွန်တော်မြင်မိတာ တစ်ခုရှိတယ်။ MRTV 4 က လူသစ်တွေ အများကြီး မွေးထုတ်နိုင်ပါတယ်။ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်တာ တွေ့ရပါတယ်။

မျိုး။ ။ ဟုတ်ပါတယ်၊ ကျွန်တော်တို့ လုပ်ငန်းလိုအပ်ချက်ရှိလာတော့ နိုင်ငံတကာနဲ့ပေါင်းပြီး သင်တန်းကျောင်းတွေ ဖွင့်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လုပ်ငန်းဆက်လက်လည်ပတ်ဖို့ လူသားရင်းမြစ်တွေ ပေါ်ထွက်လာပါတယ်။

စိုး။ ။ဆရာဝန်၊ သူနာပြုနဲ့ ကျန်းမာရေးဆိုင်ရာ လူသားရင်းမြစ်တွေ အတွက် အသက်မွေးဝန်းကြောင်း စနစ်တစ်ခု ပေါ်ထွက်ဖို့ လိုပါတယ်။ ဆရာဝန်တွေအများကြီး မွေးထုတ်ထားပြီး ဆရာဝန်အလုပ် မလုပ်ကြတာ နိုင်ငံတော်အတွက် နစ်နာပါတယ်။ နိုင်ငံတကာမှာ ကျန်းမာရေး

ဆိုတာ အာမခံစနစ်နဲ့ သွားပါတယ်။ ဆေးပါးနဲ့ အရာရာတိုင်းကို နိုင်ငံတော်က အလကားပေးနေဖို့မလိုပါ။ အာမခံစနစ်ပေါ်လာမှ အဆင့်ရှိတဲ့ဆေးရုံတွေ များလာမယ်။ ဆရာဝန် သူနာပြုတွေ အလုပ် အကိုင်အခွင့်အလမ်း ကောင်းလာမှာဖြစ်ပါတယ်။ မဇလေးရှားနိုင်ငံ ထူထောင်ခါစမှာ မြန်မာဆရာဝန်တွေ အများကြီး သွားလုပ်ကြတာ မှတ်မိပါသေးတယ်။ လိုအပ်ရင် သူများနိုင်ငံကခေါ်ဖို့ ဝန်မလေးသင့်ပါ။ အခုထိ ကျွန်တော်တို့ဆီက ဆရာဝန်တွေ နိုင်ငံခြားမှာ အများကြီး ရှိကြပါသေးတယ်။

မျိုး။ ။ ကျွန်တော်တို့ အသက်အရွယ်အရ အာမခံထားချင်ပါတယ်။ ထားသင့်ပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ အာမခံ ထားကြရပါတယ်။ ကျွန်တော်တို့ ဥရောပသွားရင် အာမခံ ထားကိုထားသွားရတယ်။ ကျွန်တော်တို့ဆီမှာ အာမခံကုမ္ပဏီတွေ ရှိတော့ရှိပါရဲ့၊ မပီပြင်ဘူး။ အိမ်နီးချင်း ထိုင်းနိုင်ငံမှာဆိုရင် ဘတ် (၃၀) နဲ့ဆေးရုံတက်လို့ ရပါတယ်။

စိုး။ ။ကျွန်တော်တို့နိုင်ငံမှာ အချက်အလက် စနစ်တကျ ကောက်ယူပြီး တစ်ပြိုင်နက်စီမံချက်နဲ့ ဖြေရှင်းလေ့မရှိပဲ ကြုံသလို ဖြေရှင်းကြလို့ အောင်မြင်မှုမရတာ တွေ့ရပါတယ်။ အီးလိုက်တွေနဲ့ လက်ရှိအာဏာရှိသူတွေ အကျိုးစီးပွား ကိုင့်ကွက်ပြီး ဖြေရှင်းကြလို့ မဇအောင်မြင်တာ ဖြစ်ပါတယ်။

သာမာန်ဝန်ထမ်း လူတန်းစားအတွက် ရာသီပေါ်ရောဂါတွေ ကူးစက်ရောဂါတွေအတွက်လည်း ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။ ဗျားနာလို့ သွေးတိုးလို့ ဆေးခန်းသွားရမှာ မျိုးတွေရှိပါတယ်။ ဆေးရုံမှာ ဆေးအလကား ပေးရုံနဲ့တော့ ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှု မပေးနိုင်ပါ။ လတ်တလောမှာ တိုးမြှင့်သုံးစွဲတဲ့ ကျန်းမာရေး အသုံးစရိတ်

တွေက အဓဆောက်အဦနဲ့ ဆေးဖိုးဓလာက်ပဲ ဖြစ်မှာပါ။ အစိုးရရဲ့ ကျန်းမာဓရေး အသုံးစရိတ်က အသားတင်ထုတ်ကုန်ရဲ့ (၁) ရာနှုန်း လောက်ရှိတာ တွေ့ရပါတယ်။ အဓမရိကန်က (၁၇) ရာနှုန်းနဲ့ အမြင့်ဆုံး ဖြစ်ပါတယ်။ အဓရှေ့တောင်အာရှနိုင်ငံတွေက (၁) ရာနှုန်းကဓန (၅) ရာနှုန်းထိ အမျိုးမျိုးရှိကြပါတယ်။ ကျန်းမာဓရေးကို အစိုးရကချည်း တာဝန်ယူရမယ်လို့တော့ မဟုတ်ပါ။ ပုဂ္ဂလိကဓဆးရုံ စစ်စစ်တွေ ပေါ်လာဖို့ လိုပါတယ်။ အပြိုင်အဆိုင်ရှိဖို့ လိုလာပါတယ်။

မျိုး။ ။ကူးစက်ရောဂါတွေနဲ့ ပတ်သက်လို့ ဆွေးဓနွေးပေးပါဦး။

စိုး။ ။ တီဘီရောဂါ၊ ဓအအိုင်ဒီအက်စ် တို့လို ရောဂါတွေကျတော့ နိုင်ငံတကာ အဖွဲ့အစည်းတွေရှိဓနလို့ သက်သာရာ ရတာပေါ့။ ဓနာက် ကလေးသူငယ် ကာကွယ်ဆေးတွေကိုလည်း နိုင်ငံတကာအကူအညီ တွေ ရှိဓနလို့ ဆိုးဆိုးဝါးဝါး အသံမကြားရတာပေါ့။ ကူးစက်ရောဂါ ထိန်းချုပ်မှုမှာလည်း အားနည်းချက်အများကြီး ရှိဓနတယ်လို့ နိုင်ငံ တကာ စာရင်းအချက်အလက်တွေအရ သိနိုင်ပါတယ်။ ကူးစက်ရောဂါရဲ့ ဓနာက်မှာ ပတ်ဝန်းကျင်သန့်ရှင်းဓရး ပါဝင်ပတ်သက်လာပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ မြေအကျယ်အဝန်းအရ လူဦးရေ သိပ်သည်းဆကို စိမံခန့်ခွဲလို့ရပါတယ်။ မြို့ကြီးတွေမှာ စုပြုံမဓနဓအောင် စိမံသင့်ပါတယ်။ အစိုးရရဲ့မူဝါဒနဲ့ မဟာဗျူဟာအဓရေးကြီးပါတယ်။ ဓနာက်တက်လာမယ့် အစိုးရ အဓကောင်အထည် ဖော်နိုင်လိမ့်မယ်လို့ ဓမျှော်လင့်ပါတယ်။

မျိုး။ ။ကျန်းမာဓရေး စောင့်ရှောက်မှုဆိုင်ရာ စာရင်းအချက်အလက် တွေက အဆိုးဘက်မှာပဲ ရှိဓနဓသးတယ် ထင်ပါတယ်။

စိုး။ ။ ကိုယ့်နိုင်ငံထဲမှာကြည့်ရင်တော့ မွေးကင်းစကလေး ဒေသဆုံးနှုန်း သက်တန်းစသဖြင့် တိုးတက်လာပေမယ့် အခြားနိုင်ငံတွေရဲ့ တိုးတက်မှုနဲ့ယှဉ်ရင် အမြဲနောက်ကို ရောက်နေတုန်းပါပဲ။ ကျန်းမာရေးစောင့်ရှောက်မှုကို တိုင်းတာရာမှာ ဆင်းရဲချမ်းသာထက် ထိရောက်မှုကို တိုင်းပါတယ်။ အမေရိကန်ဟာ ကမ္ဘာ့အဆင့်မှာ (၄၂) နဲ့ ကျွဘားက (၃၇) ရှိပါတယ်။ ဂျပန်တို့ ဓနာ်ဂေးတို့က အများကြီးသာပါတယ်။ ဒါကြောင့် ငွေကြေးသုံးစွဲမှုထက် ထိရောက်မှုရှိဖို့ကို လုပ်ဆောင်သင့်ပါတယ်။

မျိုး။ ။နိဂုံးစကား ပြောကြားပေးပါဦး။


စိုး။ ။ကျွန်တော်တို့ နိုင်ငံသားတွေအတွက် ကျန်းမာရေးပြဿနာဟာ အဓိကနေရာမှာ ရှိနေပါတယ်။ နာတာရှည်ရောဂါ ဖြစ်လာရင် စုထားသမျှ ကုန်ကြပါတယ်။ ဒါကို အရင်ဆုံးပြုပြင်ဖို့ လိုပါတယ်။ အလွဲသုံးစားမှုတစ်ချို့ဟာ ကျန်းမာရေးနဲ့ ဆက်စပ်ပါတယ်။ ကျန်းမာရေးဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရအောင် လိုအပ်သည်ထက် ငွေရှာခြင်းနဲ့ ပတ်သက်ပါတယ်။ ဆရာဝန်တွေအပိုင်းနဲ့ ပတ်သက်လို့ မကျေနပ်မှုတွေ ရှိကြပါတယ်။ ကျွန်တော် ဆရာဝန်တယောက်ကို မေးကြည့်ပါတယ်။ အင်္ဂလန်လို နိုင်ငံမှာလည်း ဆရာဝန်တွေ မာနကြီးတာမျိုး ရှိပါတယ်တဲ့။ ဒါပေမယ့် စနစ်က ပရော်ဖယ်ရှနယ်ဖြစ်အောင် ထိန်းချုပ်သွားတယ်လို့ ဆိုပါတယ်။ မြန်မာပြည်သူ ပြည်သားအားလုံး ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ။

ရွှေတိဂုံမန်း မိုးထက်ကျွမ်း

ပိုးထည်နှင့် ချည်ထည်အမျိုးမျိုး



အမှတ်(၅၈၅/၅၈၆)၊ အရှေ့ဘီရုံ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ရန်ကုန်၊
ဖုန်း - ၀၉ - ၈၅၁၀၆၈၆၊ ၀၉ - ၄၂၁၀၀၄၁၅၉


စိတ်ချမ်းသာပျော်ရွှင်သောနိုင်ငံတော်
Mandalay FM Talk
မျိုးမြတ်သူ၊ တက်စိုး